Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

MAI

Vol. 6 / No. 97 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၆) ရက် ၊(Thursday, August 2, 2018)

# စင်ကာပူ အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး ဒေါ်အောင်ဆန်းစုကြည် မတက်

**ရန်ကုန်၊ ဩဂုတ် ၁**

စင်ကာပူနိုင်ငံတွင် ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၄ ရက်ထိပြုလုပ်မည့်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက The Voice သို့ အတည်ပြုပြောကြားသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုဒေါ်အောင်ဆန်းစုကြည်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မည်ဖြစ်ကြောင်း ဦးမြင့်သူက ဆက်လက်ပြောကြားသည်။ စာ 2

## ပြည်ထောင်စုလွှတ်တော် နာယကသစ် စတင်တာဝန်ယူ

**ရန်ကုန်၊ ဩဂုတ် ၁**



စာ 2

The Voice

ပြည်ထောင်စုလွှတ်တော် နာယကတာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

## မြန်မာကုမ္ပဏီများ အွန်လိုင်းမှ စတင်မှတ်ပုံတင်ခွင့်ပြုသည့်နေ့ ဝက်ဘ်ဆိုက်ချို့ယွင်းမှု ဖြစ်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအသစ်အရ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ပြည်တွင်း ပြည်ပကုမ္ပဏီအားလုံး အွန်လိုင်းစနစ်ဖြင့် ပြန်လည်၍ ကုမ္ပဏီမှတ်ပုံတင်ရမည်ဖြစ်ရာ ပထမဦးဆုံးနေ့မှာပင် ကုမ္ပဏီပေါင်း တစ်သောင်းခန့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ထိုကဲ့သို့ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်း လုပ်ဆောင်သောကုမ္ပဏီများ အများအပြားရှိခြင်းကြောင့် ကုမ္ပဏီမှတ်ပုံတင်ရမည့် ဝက်ဘ်ဆိုက် www.myco.dica.gov.mm သည် ဩဂုတ်လ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီခန့်မှစတင်၍ စနစ်ချို့ယွင်းကာ ဝက်ဘ်ဆိုက် (Server Down)ကျဆင်းသွားသည့်အတွက် ပြန်လည်ပြင်ဆင်ခဲ့ရကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားသည်။

"တစ်သောင်းဝန်းကျင် စာ 7

## စစ်တောင်းရေကာတာ ကျိုးပေါက်မှုသတင်း အစိုးရထိမ်ချန်ထားခဲ့ဟု ဗဒေါက် NLD ပြော

စာ 20

## လှိုင်သာယာအထည်ချုပ်စက်ရုံမှ အလုပ်သမား ၁၂၀၀ ခန့် ဆန္ဒပြ

**ရန်ကုန်၊ ဩဂုတ် ၁**

လှိုင်သာယာမြို့နယ် YOUNG Clothing အထည်ချုပ်စက်ရုံတွင် အလုပ်ထုတ်ခံရသည့် အလုပ်သမားခေါင်းဆောင် တစ်ဦးကို အလုပ်ပြန်လည်ခန့်ရန် စက်ရုံရှေ့တွင် အလုပ်သမား ၁၂၀၀ ခန့်က ဆန္ဒပြလျက်ရှိကြောင်း ဆန္ဒပြရာတွင် ဦးဆောင်သည့်အလုပ်သမား ကိုကျော်ဇင်ဦးက ပြောကြားသည်။

ယင်းစက်ရုံတွင် ဇူလိုင်လ ၂၈ ရက်က အလုပ်သမားခေါင်းဆောင်တစ်ဦးကို EC ပါစာချုပ်ကို ချိုးဖောက်သည်ဟူ၍ စက်ရုံက ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့တောင်းဆိုချက်တွေကို ညှိနှိုင်းလို့ မပြေလည်ရင် အလုပ်သမားဝန်ကြီးဌာနကိုလည်း တက်မယ်။ နောက်ပြီး ဆန္ဒဖော်ထုတ်မှုကိုလည်း အရှိန်မြှင့်မယ်" ဟု ၎င်းက ဆိုသည်။

ထို့သို့ ထုတ်ပယ်ပြီးနောက် စက်ရုံလုပ်သားများက စုပေါင်း၍ အလုပ်ပြန်လည်ခန့်ပေးရန် တောင်းဆိုရာမှ ပြေလည်မှုမရရှိသဖြင့် စက်ရုံရှေ့တွင် ဇူလိုင်လ ၂၉ ရက်မှစ၍ ယနေ့အထိ အလုပ်သမား ၁၂၀၀ ခန့်က ဆန္ဒပြတောင်းဆို စာ 3

## မြေပြိုကျမှုကြောင့် ရန်ကုန်-ပုဂံရထားပြေးဆွဲမှု ၄ ရက်ခန့် ယာယီရပ်နားမည်

**ရန်ကုန်၊ ဩဂုတ် ၁**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားလမ်းပေါ်မြေပြိုကျခဲ့သဖြင့် ရန်ကုန်-ပုဂံ အစုန်၊ အဆန်ရထားများ ဩဂုတ်လ ၁ ရက်မှ ၄ ရက်အထိ ပြေးဆွဲမှု ယာယီရပ်နားကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ဇူလိုင်လ ၃၁ ရက်က ဆင်ပေါင်ဝဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထောက်မကျေးရွာအုပ်စု ငွေးချိုကျေးရွာအနီး ရန်ကုန်-ပုဂံရထားလမ်းပိုင်းမိုင်တိုင်အမှတ် ၂၁၇/၁၇နှင့် ၂၁၈/၁၈ ရှိ ရထားလမ်းပေါ် မြေပြိုကျခဲ့ခြင်းဖြစ်သည်။

"မင်းဘူးနဲ့မြင်ဘာ တောင်ကြားရထားလမ်းပေါ် မြေကြီးတွေ စာ 2



# ပြည်ထောင်စုလွှတ်တော် နာယကသစ် စတင်တာဝန်ယူ

**ရန်ကုန်၊ ဩဂုတ် ၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လပေါင်း ၃၀ ကြာ ဦးဆောင်ခဲ့သော ပြည်ထောင်စုလွှတ်တော်၏ နာယက တာဝန်ကို ဩဂုတ်လ ၁ ရက်မှစတင်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ရယူလိုက်ပြီဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယက တာဝန်လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လ ၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော်၌ ပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယ သမ္မတများ၊ တပ်ချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ဥက္ကဋ္ဌတက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နာယက တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီးနောက် ပြည်ထောင်စုလွှတ်တော် နာယကတာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က လွှတ်တော်သို့နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ယှဉ်ပြိုင်နိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှ လွဲ၍ အခြားစနစ်များမရှိတော့ပါကြောင်း၊ ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်ပြီး လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာအယူဝါဒစွဲများ မထားရှိဘဲ ပူးပေါင်း ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် နာယက၊ ဒုတိယနာယက တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်ခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့ကို ပြည်ထောင်စုလွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် စတင်တာဝန်ယူသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီဝင်အဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ လုပ်ပိုင်ခွင့် အမြင့်ဆုံးကော်မတီဖြစ်သည့် ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ တာဝန်ပေးအပ်ခံခဲ့ရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ(ဟောင်း)သူရဦးရွှေမန်း၏ အားကိုးရာပုဂ္ဂိုလ်တစ်ဦးအဖြစ် သိသာထင်ရှားလာပြီး ဦးရွှေမန်း ဥပဒေအတိုင်ပင်ခံအဖြစ် (လူယုံ) အဖြစ် ထင်ကြေးပေးခံခဲ့ရပြီး ယင်းအချိန်က (လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့်)နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိတွေ့ဆက်ဆံမှုများရှိလာပြီး ဆက်ဆံရေး ပြေပြစ်ခဲ့သူတစ်ယောက်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ ငါးနှစ်သက်တမ်းတွင် ၎င်းအနေနှင့် တိုင်းရင်းသားရေးရာဥပဒေတစ်ခုကို ကိုယ်တိုင်ရေးဆွဲခဲ့ပြီး လွှတ်တော်သို့ တင်ပြခဲ့သည်။ လက်ရှိတွင် ယင်းဥပဒေအရ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် မိခင်ပါတီဖြစ်သော ကြံ့ခိုင်ရေးပါတီမှ ထပ်မံယှဉ်ပြိုင်ခဲ့ပြီး ၎င်း၏နယ်မှ မဲအသာစီးဖြင့် ပြည်သူ့ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ NLD အများစုကြီးစိုးသော လွှတ်တော်တွင် လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌရာထူးကို ပေးအပ်ခြင်းခံခဲ့ရပြီး ၂ နှစ်ကျော် ကာလတွင် လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကို NLD ပါတီက ထောက်ခံပေးအပ်ခြင်း ခံခဲ့ရသည်။ ■

---

### မျက်နှာဖုံး - စင်ကာပူ အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး မှ အဆက်

ဦးကျော်တင်သည် ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်စားအပြင်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တက်ရောက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"သူက မနှစ်ကတည်းက Duty Allocation (တာဝန်ခွဲဝေမှု) အရ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးဆိုရင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီးက တက်ပါတယ်" ဟု ၎င်းကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ရာထူးအပြင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်း တာဝန်ယူထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် တက်ရောက်မည့် အစည်းအဝေးများတွင် ၅၁ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး၊ ၁၉ ကြိမ်မြောက် အာဆီယံနှင့် အခြားသုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ရှစ်ကြိမ်မြောက် အရှေ့အာရှ နိုင်ငံခြားရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေး၊ ၂၅ ကြိမ်မြောက် အာဆီယံ ဒေသဆိုင်ရာ ဖိုရမ် စသည့် အစည်းအဝေးများ ပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘာ့ထိပ်သီး နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများလည်း တက်ရောက်ရန် ရှိနေပြီး တရုတ်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနှင့် ကနေဒါ နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်မည် ဖြစ်သည်။ ■J-08

---

### မျက်နှာဖုံး - မြေပြိုကျမှုကြောင့် ရန်ကုန် - ပုဂံ ရထားပြေးဆွဲမှု မှ အဆက်

ပြိုကျလာတာ။ ရှင်းလင်းရေးတွေ အခုလုပ်နေပါပြီ။ ဩဂုတ်လ ၅ ရက်တော့ ပြန်ပြေးမယ်လို့ခန့်မှန်းထားတယ်" ဟု မြန်မာ့မီးရထား၊ (သွားလာပို့ဆောင်ရေးဌာန) အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ဆိုသည်။

ယင်းလမ်းပိုင်း အမြန်ဆုံးပြန်ဖွင့်နိုင်ရန် တောင်တွင်းကြီးဘူတာမှရထားလမ်းအင်ဂျင်နီယာက ဦးစီး၍ မြန်မာ့မီးရထားဝန်ထမ်း ၂၀ ခန့်ဖြင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါမြေပြိုကျမှုကြောင့် ရန်ကုန်-ပုဂံရထားလမ်းပိုင်းပြေးဆွဲသည့်အမှတ် ၆၁ အဆန်၊ အမှတ် ၆၂ အစုန် ရထားတို့ကို ယာယီရပ်နားထားကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

အဆိုပါခရီးစဉ်ကို ရန်ကုန်ဘူတာကြီးမှ နေ့စဉ်လူ ၁၀၀ ကျော်ခန့် စီးနင်းလေ့ရှိသည်။ ■ J-06

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

---

## ရှင်ကိုးရှင်စာရင်းဝင် ရှင်မော်ဘုရားတောင်ကုန်း မြေပြို

**ထားဝယ်၊ ဩဂုတ် ၁**




ထားဝယ်ဒေသရှိ ရှင်ကိုးရှင်ဘုရားတစ်ဆူဖြစ်သည့် ရှင်မော်ဘုရားတောင်ကုန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ်လ ၁ ရက်နေ့ နံနက် ၅ နာရီခန့်မှစတင်ကာ မြေပြိုကျမှုဖြစ်ပွားခဲ့သည်။

ဘုရားတောင်ကုန်း၏ အရှေ့ဘက်ဖြစ်သည့် သံဃာအဆောင်နှင့် ဂေါပကအဖွဲ့ရုံးခန်းအဆောင်တို့၏ နောက်ကျောဘက်တွင် အလျား ပေ ၇၀ ခန့် မြေပြိုကျခဲ့ပြီး မိုးအဆက်မပြတ် ရွာသွန်းပါက အဆောင်များ ပြိုကျနိုင်ခြေရှိသဖြင့် အဆောင်အတွင်းရှိ ပစ္စည်းများကို သယ်ထုတ်လျက်ရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"တစ်ခါမှ ဒီလိုတောင်ပြိုတာ မကြုံဖူးသေးဘူး။ ဂေါပကအဆောင်က နည်းနည်းအက်တာလောက်ပဲ ရှိတယ်။ သံဃာဆောင်ကတော့ ပင်လယ်ဘက်ကို စောင်းနေပြီ" ဟု ရှင်မော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဖေအောင်က ပြောသည်။

ဆက်လက်၍ မြေပြိုနေသည့်နေရာတွင် ဆက်မပြိုစေရေး ယာယီထိန်းသိမ်းနိုင်ရန်အတွက် မြေတူးစက်များဖြင့် သဲ၊ မြေ၊ ကျောက် စသည်တို့ဖြင့် ပြန်ဖို့မည်ဖြစ်ကြောင်း ယင်းနေရာသို့ ရောက်ရှိနေသည့် တိုင်းအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၈ ရက်နေ့ကလည်း ထားဝယ်-ရှင်မော်လမ်းပိုင်းရှိ ကျောက်နီမော်ကျေးရွာတွင် တောင်ပြိုကျခြင်းကြောင့် လူ ၃၀၀ နီးပါး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရဖူးသည်။ ■

Dawei Watch

# မိုးညိုမြို့နယ် လဝက ဦးစီးအရာရှိကို အဂတိတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူ

**ရန်ကုန်၊ ဩဂုတ် ၁**

နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားများ ပြုလုပ်ရာတွင် ငွေကျပ် တစ်သိန်းကျော် လာဘ်စားသည့် မိုးညိုမြို့နယ်လဝက ဦးစီးအရာရှိကို အဂတိ တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် ဩဂုတ်လ ၁ ရက်က အမှုဖွင့် အရေးယူလိုက်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က ပြောကြားသည်။

"ဒီနေ့ပဲ မိုးညိုမြို့မရဲစခန်းမှာ ကော်မရှင်ကတိုင်ချက်ဖွင့်လိုက်တယ်။ တရားစွဲဖို့လည်း အမြန်ဆုံးလုပ်ဆောင်နေပါတယ်" ဟု ၎င်းက ဆိုသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စုံစမ်းစစ်ဆေးအဖွဲ့ဖြင့် စစ်ဆေးချက်အရ မိုးညိုမြို့နယ် လဝကဦး စီးအရာရှိ ဦးဇော်မိုးသည် ယင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ လျှောက်သူများထံမှ ငွေကျပ်တစ်သိန်းခွဲကျော်နှင့် ကျပ်တစ်သောင်းကျော်တန်ဖိုးရှိ အရက်ပုလင်းအပါအဝင် ယင်းရုံးခန်းအတွင်းရှိ အလှူခံပုံးထဲသို့ အလှူငွေထည့်ခိုင်းခြင်း ပြုလုပ်ခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်သဖြင့် အဂတိတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း ယင်း ကော်မရှင်ထံမှ သိရသည်။

"တရားစွဲဆိုမှု လုပ်ငန်းစဉ်က ကော်မရှင်ပဲ ဆောင်ရွက်မှာပါ။ လဝကဦးစီးအရာရှိ လက်ရှိတာဝန်ကျနေတဲ့ မြို့နယ်ရဲတပ်ဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ အရေးယူထားပါပြီ" ဟု မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ကျအရာရှိတစ်ဦးက ဆိုသည်။

ထို့အပြင် ယင်းလဝကဦးစီးအရာရှိ ဦးဇော်မိုးသည် ငွေကြေး မရရှိပါက အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲကာ ၎င်းလုပ်ပေးရမည့်လုပ်ငန်းများကိုဆောင်ရွက်ပေးခြင်းမရှိဘဲ ငွေကြေးပေးမှသာ ဆောင်ရွက်ပေးကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စစ်ဆေးပေါ်ပေါက်ချက်အရ သိရသည်။ ■J-17

# ပဲခူးတွင် ကျောင်း ၃၀ ကျော် ပြန်ဖွင့်

**တောင်ငူ၊ ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ရေကြီးရေလျှံမှုများကြောင့် ယာယီပိတ်ထားရသည့် ကျောင်း ၄၀၀ ကျော်မှ စာသင်ကျောင်းပေါင်း ၃၀ ကျော်သာ ပြန်လည်ဖွင့်လှစ်နိုင်သေးကြောင်း ပဲခူးတိုင်းပညာရေးမှူးရုံးထံမှ သိရသည်။

"ပိတ်တဲ့ကျောင်းအရေအတွက်က မနေ့ကအထိ တိုးနေတုန်းပါ။ ပိတ်ထားတဲ့ ကျောင်းပေါင်း ၄၁၈ ကျောင်းရှိပြီး အခု ပြန်ဖွင့်နိုင်သေးတာ ၃၂ ကျောင်းပါ။ ရေကျတဲ့အပေါ်မှာမူတည်ပြီး ပြန်ဖွင့်သွားမှာပါ" ဟု အဆိုပါပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ ကျောက်ကြီးချောင်း၊ ရွှေကျင်ချောင်းရေများသည် ဇူလိုင်လ ၃၁ ရက်နေ့မှစတင်ပြီး ပြန်လည်ကျဆင်းလာခဲ့သည့်အတွက် ယာယီပိတ်ထားရသည့် ကျောင်းများအနက် ပဲခူးမြို့မှ ၄ ကျောင်း၊ ညောင်လေးပင်မှ ၁ ကျောင်း၊ ကျောက်ကြီးမှ ၄ ကျောင်း၊ ဖြူးမှ ၁၄ ကျောင်းနှင့် ကျောက်တံခါးမှ ၆ ကျောင်း ပြန်လည်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အဆိုပါပညာရေးမှူးရုံးထံမှ သိရသည်။

လတ်တလော ပဲခူး၊ ရွှေကျင်၊ တောင်ငူ အပါအဝင် မြို့နယ်များတွင် ဇူလိုင် ၂၃ ရက်နေ့မှစ၍ မြစ်ရေများမြင့်တက်ခြင်းကြောင့် ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရာမှာ ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်သော်လည်း ရေဘေးရှောင်များအနေနှင့် မိမိနေအိမ်များသို့ ပြန်သွားနိုင်ခြင်းမရှိသေးကြောင်း ၎င်းတို့ထံမှ သိရသည်။

"လမ်းပေါ်မှာ ဇူလိုင်လ ၂၈ ရက်နေ့က လေးပေနီးပါးရှိနေပေမယ့် ကနေ့မနက်မှာ ခြေမျက်စိလောက်ပဲ ကျန်တယ်။ အိမ်ထဲမှာတော့ ရေအတော်ကျန်သေးတယ်"ဟု ရွှေကျင်မြို့ခံ ဦးသားလတ်က ပြောကြားသည်။ ■R-15

## မျက်နှာဖုံး - လှိုင်သာယာအထည်ချုပ်စက်ရုံမှ အလုပ်သမား မှ အဆက်

ကြခြင်းဖြစ်သည်။

တောင်းဆိုချက်များတွင် အလုပ်ထုတ်ခံရသည့် အလုပ်သမားခေါင်းဆောင်ကို အလုပ်ပြန်လည်ခန့်ပေးရန်၊ ကျွမ်းကျင်ကြေးအဆင့် သတ်မှတ်ချက်များတွင် အဆင့် A ၅၀၀၀၀၊ အဆင့် B - ၄၀၀၀၀၊ အဆင့် C- ၃၀၀၀၀ ကျပ် ပြောင်းလဲသတ်မှတ်ပေးရန်၊ ရက်မှန်ကြေး သုံးသောင်းကျပ်ပေးရန်၊ အလုပ်ချိန် နံနက် ၈ နာရီမှ ညနေ ၆နာရီခွဲပေးရန်၊ လုပ်သက်ခွင့် ၁၀ ရက်မယူထားသူများကို လုပ်သက်တစ်နှစ်ပြည့်လျှင် လုပ်သက်ခွင့်ကြေးငွေအဖြစ် ပြန်လည်ထုတ်ပေးရန်အပါအဝင် အချက် ၁၀ ချက်ကို တောင်းဆိုကြခြင်းဖြစ်သည်။

ထို့အပြင် ယင်းစက်ရုံတွင် အစိုးရက သတ်မှတ်ပေးသည့် EC စာချုပ်ပါအချက် ၂၃ ချက်ရှိပြီး စက်ရုံအတွင်း စည်းကမ်းသတ်မှတ်ချက် ၅၃ ချက်ကို ထုတ်ပြန်ထားသည့်အတွက် ဖြေလျှော့ပေးရန် စက်ရုံလုပ်သားများနှင့် အလုပ်ရှင် ညှိနှိုင်းမှုမှာ ပြေလည်မှု မရခဲ့ပေ။

စက်ရုံအတွင်း အလုပ်သမားခေါင်းဆောင် အလုပ်ထုတ်ခြင်းသည် အထည်လိုင်းတာဝန်ခံနှင့် စက်ရုံအတွင်းရန် ဖြစ်သောကြောင့် EC စာချုပ်ကို ချိုးဖောက်ခဲ့သဖြင့် အလုပ်က ထုတ်ခဲ့ကြောင်း စက်ရုံမှ တာဝန်ရှိသူက ပြောကြားသည်။

"သူတို့က Bonus တောင်းဆိုနေကြတယ်။ နောက်ပြီး အလုပ်သမားတစ်ဦးက လိုင်းခေါင်းဆောင်နဲ့ ရန်ဖြစ်လို့ သူ့ကို အလုပ်ထုတ်လိုက်တယ်။ ဒီကိစ္စတွေကို စက်ရုံနဲ့ ညှိနှိုင်းဖို့တော့ရှိတယ်။ အခုကတော့ ဒီလောက်ပဲ ပြောလို့ရမယ်" ဟု ၎င်းက ဆိုသည်။

ယင်းစက်ရုံသည် ၂၀၁၄ ခုနှစ်က စတင်လည်ပတ်ခဲ့ပြီး အလုပ်သမား ၁၃၀၀ လုပ်ကိုင်လျက်ရှိသည်။ ■ J-18

# Airport Shuttle Bus ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကို အဝိုင်းပတ် စတင် ပြေးဆွဲ

**ရန်ကုန်၊ ဩဂုတ် ၁**

ဆူးလေ-ရန်ကုန်လေဆိပ်ပြေးဆွဲသည့် Airport Shuttle Bus ယာဉ်လိုင်းအနေနှင့် ယနေ့(ဩဂုတ်လ ၂ရက်)တွင် ပြည်လမ်းနှင့်ကမ္ဘာအေးခရီးစဉ်လမ်းကြောင်းကို အဝိုင်းပတ်ပုံစံဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း Omini Focus ကုမ္ပဏီထံမှ သိရသည်။

"ခရီးသည်တွေဘက်က တောင်းဆိုတာ ရှိသလို YRTA ကလည်း အခုလို မျှော်လင့်ထားတာဖြစ်လို့ ပြေးဆွဲဖြစ်တာပါ။ ယာဉ်စီးခလည်း အတူတူပါပဲ" ဟု Omini Focus ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းတောက်ဝင်းက ဆိုသည်။

ဇွန်လ ၂၂ရက်က Airport Shuttle Bus ယာဉ်လိုင်းကိုကမ္ဘာအေးလမ်းကြောင်း စတင်ပြေးဆွဲပေးခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လမ်းကြောင်းနှစ်ခုဖြင့် ဝင်ရောက်ပြေးဆွဲနိုင်သဖြင့် ခရီးသည်များ စီးနင်းမှုအဆင်ပြေစေရန် ပြည်လမ်းလမ်းကြောင်းကို ထပ်မံတိုးချဲ့ပြေးဆွဲခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အဝိုင်းပတ်ပြေးဆွဲခြင်းကို ယာဉ်စီးရေ ၅၀ စီးဖြင့် ပြေးဆွဲမည်ဖြစ်ပြီး တစ်ရက်ကို လေဆိပ်ဂိတ်စမှာ ပြည်လမ်းအတွက် တစ်စီး၊ ကမ္ဘာအေးဘုရားလမ်းအတွက် တစ်စီးစီးစေလွှတ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာအေးလမ်းကြောင်းဖြင့် ပြေးဆွဲမည့် ခရီးစဉ်မှတ်တိုင်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်-ကမ္ဘာအေးဘုရား-မြန်မာပလာဇာ-ရွှေတိဂုံဘုရား-ရန်ကုန်ဘူတာကြီး-ဆူးလေဘုရား-ကုန်သည်လမ်း-စံပြ-St.John City Mall-ပြည်သူ့ရင်ပြင်-မြေနီကုန်း-အင်းလျားကန်ပေါင်-ရှစ်မိုင်-လေဆိပ်တို့ ဖြစ်သည်။

ပြည်လမ်းလမ်းကြောင်းဖြင့် ပြေးဆွဲမည့်ခရီးစဉ်မှတ်တိုင်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်-ရှစ်မိုင်-အင်းလျားကန်ဘောင်- မြေနီကုန်း-St.John City Mall-စံပြ-ဗိုလ်ချုပ်ဈေး(Junction City)-ဆူးလေဘုရား-ရန်ကုန်ဘူတာကြီး-ရွှေတိဂုံဘုရား-မြန်မာပလာဇာ-ကမ္ဘာအေးဘုရား- ရှစ်မိုင်- လေဆိပ်တို့ဖြစ်သည်။

ခရီးသွားပြည်သူများအနေနှင့် လိုက်ပါစီးနင်းမည့် မှတ်တိုင်နှင့် အနီးဆုံးကားကို Call Center ဖုန်းနံပါတ်များဖြစ်သော ၀၉-၄၂ ၁၂၂၂၆၂၂၊ ၀၉-၄၂၁၂၂၂၈၂၂၊ ၀၉-၄၂၁၂၂၂၉၂၂ တို့ကို ဆက်သွယ်မေးမြန်းနိုင်သည်။

ကနဦး ကမ္ဘာအေးဘုရားလမ်းကြောင်းအတိုင်း ပြေးဆွဲခဲ့ရာတွင် စတင်ပြေးဆွဲခဲ့သည့် တစ်လအတွင်း တစ်ရက်ကို ခရီးသည် ၂၀၀၀ မှ ၃၀၀၀ ကြား စီးနင်းခဲ့ပြီး လက်ရှိတွင် တစ်ရက်ကို ခရီးသည် ၅၀၀၀ မှ ၇၀၀၀ ကြား စီးနင်းမှုရှိကြောင်း၊ လမ်းကြောင်းနှစ်ခုဖြင့် အဝိုင်းပတ်ပြေးဆွဲပါက တစ်ရက်ခရီးသည် တစ်သောင်းခန့် စီးနင်းမည်ဟု ခန့်မှန်းကြောင်း Omini Focus ကုမ္ပဏီထံမှ သိရသည်။ ■J-06

# ကိုကိုးကျွန်းမြို့နှစ်ပေါင်း ၅၀ ကျော်အတွင်း မိုးရေချိန် စံချိန်သစ်တင်

**ရန်ကုန်၊ ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့သည် နှစ်ပေါင်း ၅၀ ကျော်အတွင်း မိုးရေချိန်စံချိန်သစ်ကို ဩဂုတ်လ ၁ ရက်နေ့၌ ရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါမိုးရေချိန်စံချိန်သစ်မှာ ၉ ဒသမ ၆၁ လက်မဖြစ်ပြီး ယခင်စံချိန်ဟောင်းမှာ ၆ ဒသမ ၃၀ လက်မဖြစ်ကာ ယင်းဒေသတွင် စခန်းစဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၅၉ နှစ်အတွင်း စံချိန်သစ်တင်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ဩဂုတ်လ ၁ ရက်နေ့က ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏တိုင်းထွာချက်များအရ သိရသည်။

ယင်းသို့ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ကိုကိုးကျွန်းမြို့တွင် ၉ ဒသမ ၆၁ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၇၅ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၅၉ လက်မ ရရှိခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■ E-03

# ယာဉ်ငယ်များ သံလွင်တံတား (ဘားအံ) မှ မဖြတ်ရန် သတိပေး

**ဘားအံ၊ ဩဂုတ် ၁**

ဘားအံမြို့နယ်အတွင်း စံချိန်တင် ရေကြီးနစ်မြုပ်မှုကြုံတွေ့နေရသည့်အတွက် သံလွင်တံတား(ဘားအံ)မှ အိမ်စီးယာဉ်ငယ်များ မဖြတ်သန်းရန် ကရင်ပြည်နယ်လမ်းဦးစီးဌာနမှ သတိပေးချက်ထုတ်ပြန်လိုက်သည်။

ခရီးသည်တင် Express ယာဉ်များ၊ ဘော်ဒီမြင့်ကားများနှင့် လေးဘီးယက်(4WD)ကားများနှင့် ကားကြီးများသာ ဖြတ်သန်းသွားလာသင့်ကြောင်း သံလွင်တံတား(ဘားအံ)သုံးမြောင့်ဆုံမှ ရန်ကုန်သို့သွားမည့် ယာဉ်များနှင့် မော်လမြိုင်သို့သွားမည့် ယာဉ်များအတွက် ထိုသို့အကြံပြု ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဖားစဉ်သုံးမြောင့်လမ်းဆုံမှာ တော့ခုဆိုရင်လမ်းက ရေမြုပ်နေတာခါးလောက်ရှိတယ်။ မော်လမြိုင်အဖြောင့်လမ်း ဆိုရင်တော့ ၃ ပေလောက်ရှိတယ်။ ချစ်သူ့မြိုင်ရှေ့နားမှာ ၂ ပေလောက်ရှိသေးတယ်။ ဒါကြောင့် ရက်အနည်းငယ်ကားတွေကို ခုလိုသတိပေးထားတာပါ"ဟု ဘားအံခရိုင်အင်ဂျင်နီယာမှူး ဦးကျော်သူရက ပြောဆိုသည်။

ယခုအချိန်တွင် ယင်းလမ်းကြောင်းတစ်လျှောက် လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဝါးတိုင်များနှင့် ရောင်ပြန်တိပ်များကို သတိပေးလမ်းကြောင်းပြထားပြီး အခြားဒေသများမှလာရောက်သည့်ဧည့်သည်ယာဉ်များအနေနှင့် ယင်းရောင်ပြန်စည်း ၂ ခုအတွင်းမှ သတိထားပြီး မောင်းနှင်သွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆိုသည်။

ထိုသို့ရေကြီးရေလျှံမှုများ ကရင်ပြည်နယ်တစ်ဝန်း ဖြစ်ပေါ်နေခြင်းကြောင့် အဓိက စားသောက်ကုန်အချို့၏ ဈေးနှုန်းများမြင့်တက်လာပြီး ပစ္စည်းရှားပါးမှုများကြုံတွေ့နေရကြောင်း ဒေသခံများထံမှ သိရသည်။

"ခုတစ်လော ရန်ကုန်ဘက်က လည်း ကုန်ကားတွေလာတာ နည်းသွားတယ်။ အရင်နေ့တွေတုန်းကဆို ကုန်စိမ်းတွေ ပစ္စည်းပျက်သလောက်ဖြစ်ပြီး ဈေးတွေ ထိုးတက်ကုန်တယ်။ ခုတောင်မှ ဟင်းအမည်တစ်မျိုး နှစ်မျိုးပဲ ချက်ရောင်းနိုင်တော့တယ်"ဟု ထမင်းဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်သီတာက ပြောဆိုသည်။ ■ R-17

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# EDITORIAL

# သမ္မတ၏ ကနဦး ခြေလှမ်းများလော

ယခုနှစ် မတ်လအတွင်းက ပြုလုပ်ခဲ့သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် အများကြိုတင် မျှော်လင့်ထားသည့်အတိုင်း နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော် နုတ်ထွက်သည့်နေ့ တွင်ပင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်စာတင်ခဲ့သူ ဦးဝင်းမြင့်ကိုမဲအများစုဖြင့် တင်မြှောက်ခဲ့သည်။

ထိုအချက်ကိုကြည့်ခြင်းအားဖြင့် သမ္မတရာထူးအတွက် ကြိုတင်လျာထားသော ဦးဝင်းမြင့် သမ္မတဖြစ်လာခြင်းသည် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများ ဖြစ်ပေါ်လာရန် သို့မဟုတ် အစိုးရအဖွဲ့ကို ယခင်ထက်ပို၍ ဖိဖိစီးစီးကိုင်တွယ်ရန် ကနဦးခြေလှမ်းဟု မျှော်လင့်စရာ ရှိပေသည်။

အကြောင်းမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ အသစ်တစ်ဦး ရွေးကောက်တင်မြှောက်ပြီးပါက ယခင် သမ္မတဟောင်းက ရွေးချယ်ခန့်အပ်ထားသော အစိုးရအဖွဲ့ဝန်ကြီးများနေရာတွင် သမ္မတအသစ်က ၎င်း၏လူများဖြင့် အစားထိုး ခန့်အပ်နိုင်သောကြောင့်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း မူလကလုပ်ငန်းတာဝန်အများအပြားကို နိုင်နင်းစွာ ကိုင်တွယ် ထမ်းဆောင်နိုင်မည်ဟု အထင်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရာထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရာထူးအပါအဝင် မျိုးစုံထွေပြားသော ကော်မတီ၊ ကော်မရှင်များတွင် နာယက၊ ဥက္ကဋ္ဌ တာဝန်များစွာ ရယူထားသူ ဒေါ်အောင်ဆန်းစုကြည်သည် သက်တမ်း ၂နှစ်ခွဲကို လက်တွေ့ဖြတ်သန်းကြည့်သည့်အခါ ပြဿနာ၊ အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ပြည်တွင်း၊ ပြည်ပ ဖိအားများစွာ ရင်ဆိုင်လာရသည့်အခါ အသက်အရွယ်အရ ကြီးစွာ ပင်ပန်းလာခြင်းကလည်း သမ္မတအသစ်ကို ၎င်း၏လုပ်ငန်းတာဝန်အချို့ လွှဲအပ်ဖွယ်ရှိမည့် အရိပ်အခြေ ရှိနေပေသည်။

များစွာ အရေးအကြီးဆုံးအချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်အချို့၏ အခြေခံအသိပညာ၊ လေ့လာသင်ယူမှု၊ အတွေ့အကြုံ၊ အရည်အချင်း၊ စွမ်းဆောင်ရည်နှင့် Political Will ခေါ် နိုင်ငံရေးစိတ်စေတနာတို့အပေါ် သက်ဆိုင်ရာနယ်ပယ်နှင့် ပြည်သူလူထုက အားမလိုအားမရ စိတ်ပျက်စပြုလာခြင်းဖြစ်သည်။

ထို့အပြင် အုပ်ချုပ်ရေးယန္တရားအတွင်းမှ နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေခြင်းကြောင့်သော်လည်းကောင်း၊ တမင်ရည်ရွယ်ချက်ဖြင့် ကန့်လန့်တိုက်လို၍သော်လည်းကောင်း အစိုးရ၏ ပြည်သူလူထုအပေါ် ပေးအပ်ရမည့် ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊ အချိန်ဆွဲမှု၊ နှောင့်နှေးကြန့်ကြာမှု၊ အကျင့်ပျက်ခြစားမှု၊ ပြည်သူအပေါ် မောက်မာခက်ထန်မှု၊ အခွင့်အာဏာ အလွဲသုံးမှု၊ မလျော်သြဇာအသုံးပြုမှုများ ရှိနေဆဲ ဝန်ထမ်း၊ အရာထမ်းဆိုးများကိုလည်း ကိုင်တွယ်၊ ပြုပြင်၊ အစားထိုး၊ ဖြုတ်ပယ်ခြင်းကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို ပြည်သူအများစုက မြင်တွေ့လိုကြသည်။

သမ္မတသစ်သည် လက်တွေ့အားဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား သမ္မတရုံးကတိုက်ရိုက်ကိုင်တွယ်ရန် ဆောင်ရွက်ခြင်းတို့ကို ရာထူးရယူပြီး လပိုင်းအတွင်း စတင် အကောင်အထည်ဖော်ခဲ့သည်။ ထို့အတူ ပြည်သူများအားမလိုအားမရ ဖြစ်နေသော စနစ်ဟောင်းအတိုင်း ဆောင်ရွက်နေမှုများအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့နှစ်ခုနှင့် တွေ့ဆုံဝေဖန်စတင်ကိုင်တွယ်ပြခဲ့သောကြောင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှု အထူးရရှိခဲ့သူဖြစ်သည်။ ယင်းအပြင် လတ်တလောဖြစ်ပွားခဲ့သည့် အငြင်းပွားဖွယ် ကျေအေးရုပ်သိမ်းခွင့်ပြုလိုက်သည့် အွန်လိုင်း သရုပ်ဆောင် အောင်ရဲထွေး သေဆုံးမှုနှင့် ပတ်သက်၍ တိတိကျကျ စိစစ်ပြီး ဥပဒေနှင့် အညီဆောင်ရွက်ရေးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတို့ထံညွှန်ကြားခဲ့သူဖြစ်သည်။

သို့ဖြစ်၍ ရွေးကောက်ပွဲမတိုင်ခင်က ပေးအပ်ထားသော ကတိကဝတ်များ ဖြည့်ဆည်း ပေးခြင်းအပါအဝင် အစိုးရ၏ စွမ်းဆောင်ရည်ကို မြင်သာထင်သာ ရှိလာစေရန် ပြသနိုင်မည့် အစိုးရအကြီးအကဲမျိုး တစ်နည်းအားဖြင့် 'ပြောင်းလဲချိန်တန်ပြီ' ဆိုသော ရွေးကောက်ပွဲကြွေးကြော်သံနှင့် လျော်ညီစွာ စစ်မှန်သော အပြောင်းအလဲ များ မြင်တွေ့လိုကြသည့် ပြည်သူလူထုအနေနှင့် သမ္မတတာဝန်ကို အပြည့်အဝ ထမ်းဆောင်ခွင့်မရခဲ့သော ဦးထင်ကျော်နေရာတွင် အစားထိုးဝင်ရောက်လာသူ ဦးဝင်းမြင့်အပေါ် ယခင်သမ္မတကဲ့သို့ အဆောင်အယောင်ဖြစ်လာမည်လော၊ အရည်အချင်းပြသခွင့်ရမည်လော ဒွိဟစိတ်ဖြင့် မျှော်လင့်ကာ စောင့်ကြည့် နေကြမည်ဖြစ်ကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁ - ၈ - ၂၀၁၈ )**

# မြန်မာနိုင်ငံ ကျေးလက်ဒေသများ မီးလင်းရေး အမေရိကန်ဒေါ်လာ ၁ သန်း ထပ်မံမြှုပ်နှံ

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာနိုင်ငံရှိ လျှပ်စစ်မီးမရှိသည့် အိမ်ထောင်စုများသို့ ဆိုလာစွမ်းအင်ဖြင့် ဆောင်ရွက်နေသည့် SolarHome ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ သန်း ထပ်မံတိုးမြှင့်ထားကြောင်း ကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ဒေါ်ဝတ်ရည်အောင်က ပြောကြားသည်။

"ဒီနှစ်ထဲမှာ မြန်မာနိုင်ငံမှာ ဒီနှစ်အတွက် ရည်မှန်းထားတာက အလုံးရေ လေးသောင်းပါ။ နေရာအသစ်တွေကတော့ ဒီလထဲမှာ ဖွင့်သွားမှာပါ။ ဒါပေမဲ့ အတိအကျကတော့ နောက် ၂ပတ်၊ ၃ ပတ်လောက်နေမှ ဆုံးဖြတ်ချက် အတည်ဖြစ်မှာပါ" ဟု ၎င်းက ဆိုသည်။

SolarHome ကုမ္ပဏီသို့ စင်ကာပူအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Insitor Impact Asia Fund ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၁ သန်းကို ထပ်မံတိုးမြှင့်၍ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၅သန်းထိ ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ ထပ်တိုးရင်းနှီးမြှုပ်နှံငွေများဖြင့် မြန်မာနိုင်ငံအနှံ့ ဈေးကွက်ချဲ့ထွင်ခြင်းများ၊ ထုတ်ကုန်ပစ္စည်းသစ်များ တင်သွင်းခြင်းနှင့် ယခုနှစ်အကုန်တွင် အင်ဒိုနီးရှားနှင့်ကမ္ဘောဒီးယားနိုင်ငံများတွင် လုပ်ငန်းချဲ့ထွင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်မီး မရသေးသော ကျေးလက်ဒေသများရှိ အိမ်ထောင်စု လေးသောင်းကျော်ကို ယခုနှစ်အတွင်း တပ်ဆင်ပေးမည့်စီမံချက်အရ လက်ရှိတွင် ဧရာဝတီ၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းဒေသတို့တွင် အိမ်ထောင်စုပေါင်း နှစ်သောင်းကျော်ခန့်ကို တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် ထပ်မံရင်းနှီးမြှုပ်နှံငွေများဖြင့် တိုင်းဒေသကြီးများတွင် ထပ်တိုးဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်ဝတ်ရည်အောင်ထံမှ သိရသည်။

အဆိုပါစီမံချက်သည် ဆိုလာစွမ်းအင်သုံး အိမ်သုံးလျှပ်စစ်မီတာများကို တစ်လလျှင် ငါးထောင်ကျပ်နှုန်းဖြင့် ၂နှစ်အရစ်ကျစနစ်ဖြင့် တပ်ဆင်ပေးသည့် စီမံချက်တစ်ခု ဖြစ်သည်။

"မီးမရသေးတဲ့ နေရာတွေမှာ ဝန်ကြီးဌာနက မီးမပေးနိုင်သေးတဲ့ ဒေသတွေမှာ အခုလိုစနစ်တွေရှိတာ ကောင်းပါတယ်။ လတ်တလော ဖြေရှင်းနိုင်တာပေါ့" ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လျှပ်စစ်အင်ဂျင်နီယာတစ်ဦးက ဆိုသည်။

နိုင်ငံတော်မှ ကမ္ဘာ့ဘဏ်နှင့် အခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို ဦးသိန်းစိန်အစိုးရလက်ထက်မှ စတင်ခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် လုပ်ဆောင်နေကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားစနစ်တွင် အမြင့်ဆုံးသုံးစွဲမှုမှာ တစ်နိုင်ငံလုံးတွင် ၃၃၀၀ ကျော် မဂ္ဂါဝပ်ထိရှိခဲ့ပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် ၃၀၀မဂ္ဂါဝပ်နီးပါး ပျမ်းမျှ လိုအပ်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ■ J-14

The VOICE Daily CARTOON



The VOICE Daily
**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Chief Editor** -Tin Aung Kyaw, **Deputy Chief Editor** -Kyaw San Min.
**Editor in Charge** - Aung Soe, **Senior Executive Editor** - Thiri Zaw,
**Foreign Desk** - Aung Kyaw Soe,

**Editorial Consultant**- Kyaw Min Swe.
**Legal Advisors** - U Hla Sein (Advocate), U Khin Maung Myint

**Senior Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Editors** -Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw, Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing.
**Reporters** - Khine Cherry Tun, Zeyar Hein, San San Htwe, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai, Mya Zarchi Thin.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aye Su Mon, Bhone Nay.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Aung Phyo, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung, **Distribution** - Htet Khaung.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကော်မတီ ဖွဲ့စည်း

**ရန်ကုန်၊ ဩဂုတ် ၁**

ပညာရေးကဏ္ဍမြင့်တင်ရေးနှင့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန်အခြေခံပညာမှ ဆရာ၊ ဆရာမများနှင့် အဆင့်မြင့်ပညာမှ ဆရာ၊ ဆရာမများပါဝင်သော အခြေခံနှင့်အဆင့်မြင့်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီကို ဖွဲ့စည်းလိုက်ကြောင်း ဆရာ၊ ဆရာမများထံမှ သိရှိရသည်။

အဆိုပါ ကော်မတီကို တက္ကသိုလ်ဆရာများ သမဂ္ဂများကိုယ်စားပြု ကော်မတီနှင့် အခြေခံပညာ ပညာရေးလုပ်သားသမဂ္ဂများ ဖြစ်မြောက်ရေးဇဟိုလုပ်ငန်းကော်မတီတို့ ၄ကြိမ်ခန့်တွေ့ဆုံဆွေးနွေးပြီးနောက် ကိုယ်စားလှယ် ၂၄ ဦးပါဝင်၍ ဇူလိုင်လကုန်တွင် ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

ယင်းကော်မတီအဖွဲ့ဝင် ပုသိမ်တက္ကသိုလ်၊ သမိုင်းဌာနကထိက ဦးသန်းထိုက်အောင်က “ပညာရေးနဲ့ပတ်သက်ပြီး အသံထုတ်မယ်ဆိုရင် အခြေခံရော၊ အဆင့်မြင့်ရော ကိုယ်စားပြုနိုင်တဲ့အဖွဲ့နှစ်ဖွဲ့ကိုပေါင်းလိုက်တဲ့အတွက် ပညာရေးနှစ်ခုလုံးကို ခြုံငုံပြီးပြောနိုင်လိမ့်မယ်လို့ ယူဆလို့ပေါင်းပြီးလုပ်ကြတာပါ” ဟု ပြောကြားသည်။

ကော်မတီအနေနှင့် အမျိုးသားပညာရေးကဏ္ဍပါ အခြေခံနှင့်အဆင့်မြင့်ပညာရေးကဏ္ဍများ၌ ကျောင်းသားနှင့်ဆရာအခွင့်အရေး၊ ပညာရေးလုပ်သားများအခွင့်အရေး၊ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးဥပဒေကြမ်းဆိုင်ရာများနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရှိရသည်။

အခြေခံပညာ ပညာရေးလုပ်သားသမဂ္ဂများဖြစ်မြောက်ရေး ဇဟိုလုပ်ငန်းကော်မတီဝင် ဦးထက်အောင်က “အဆင့်မြင့်နဲ့ပတ်သက်ပြီး ဆောင်ရွက်စရာရှိရင် တက္ကသိုလ်ဆရာများသမဂ္ဂကိုယ်စားပြုကော်မတီကဆောင်ရွက်မယ်။ ကျွန်တော်တို့က ထောက်ခံမယ်။ ကူညီမယ်။ အခြေခံပညာကိစ္စဆိုလည်း အဲလိုပဲကျွန်တော်တို့က ဆောင်ရွက်မယ်။ တက္ကသိုလ်ဆရာသမဂ္ဂက ကူညီမယ်ပေါ့။ နှစ်ခုရဲ့အားကို တစ်ပြိုင်တည်းယူတဲ့သဘောပါ” ဟု ပြောကြားသည်။

လက်ရှိတွင် တက္ကသိုလ်ဆရာသမဂ္ဂများ ကိုယ်စားပြုကော်မတီကို တက္ကသိုလ် ၁၈ ခုတွင်ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ဦးရေ ၂၀၀၀ ကျော်ရှိကာ အခြေခံပညာ၊ ပညာရေးလုပ်သားသမဂ္ဂများ ဖြစ်မြောက်ရေးကော်မတီကို တိုင်းနှင့် ပြည်နယ်အတွင်းရှိ မြို့ ၂၀ ကျော်မှ ပညာရေးလုပ်သားများ ပါဝင်ဖွဲ့စည်းထားကြောင်း အဆိုပါ ကော်မတီများထံမှ သိရှိရသည်။ ■J-19

The VOICE Daily CARTOON




# အထက်တန်းပြဆရာ ၆၀၀၀ ခန့် လိုအပ်၊ မဟာဘွဲ့ရ မူပြဆရာများ လျှောက်ထားနိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၁**

အခြေခံပညာဦးစီးဌာနအောက်ရှိ အဆင့်တိုးအထက်တန်းကျောင်းခွဲများတွင် အထက်တန်းပြဆရာ၊ ဆရာမ ၆၀၀၀ ဦးခန့် လိုအပ်နေခြင်းကြောင့် မဟာဘွဲ့ရ မူလတန်းပြဆရာ၊ ဆရာမများ အထက်တန်းပြရာထူးတိုးလျှောက်ထားနိုင်ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

ယခုနှစ်တွင်အလယ်တန်းကျောင်း ၅၈၀ ကျော်ကိုအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ယင်းကျောင်းများအတွက် အထက်တန်းပြဆရာ၊ ဆရာမလေးထောင်ဦးခန့်နှင့် ယခင်ကရှိပြီးသည့် ကျောင်းများအတွက် ဆရာ၊ ဆရာမဦးရေ ၂၀၀၀ ခန့် လိုအပ်နေခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းအားလုံးတွင် ကျောင်းအဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်သော်လည်း မကွေးတိုင်းက အများဆုံးဖြစ်ပြီး ပြည်နယ်များအနက် ရခိုင်ပြည်နယ်က အများဆုံးဖြစ်သည်။ ဆရာ၊ ဆရာမများလိုအပ်ချက်မှာလည်း ထိုတိုင်းနှင့် ပြည်နယ်တွင် အများဆုံးလိုအပ်နေခြင်းဖြစ်သည်။

အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်က “အထက်တန်းပြတွေလိုအပ်တော့ မဟာဘွဲ့ဆိုတော့ ခန့်ထားလို့ရတော့ခါတယ်။ ဒီမဟာဘွဲ့ သမားဆိုတာက အပြင်ကလူတောင် တိုက်ရိုက်ခေါ်လို့ရသေးတာ။ ကျွန်တော်တို့ဆီမှာ လုပ်နေတဲ့ မူလတန်းပြကိုတစ်ဆင့်တိုးပေးလို့ဖြစ်တာပေါ့” ဟု ပြောကြားသည်။

လိုအပ်နေသော အထက်တန်းပြရာထူးနေရာများအတွက် B.Ed ဘွဲ့ရနှင့် B.Ed ဒုတိယနှစ်တက်ရောက်ဆဲ ဆရာ၊ ဆရာမများ၊ Ph.D၊ M.C.Sc၊ M.C.Tech ဘွဲ့ရအလယ်တန်းပြများနှင့် လက်ရှိရာထူးတွင် လုပ်သက် ၆ လပြည့်ပြီးသော M.A၊ M.Sc ဘွဲ့ရ မူလတန်းပြများ အထက်တန်းပြရာထူးတိုး လျှောက်ထားနိုင်မည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရသည်။

မဟာဘွဲ့ရဆရာ၊ ဆရာမများအနေနှင့် မူလတန်းပြမှ အထက်တန်းပြရာထူးတိုးပါက တစ်နှစ်ကြာသည်ထိအလယ်တန်းပြ လစာနှုန်းကိုသာ ခံစားရမည်ဖြစ်သည်။ ကျောင်းသင်ဘာသာရပ်နှင့် ကိုက်ညီခြင်းမရှိသော ဥပဒေပညာ၊ စိတ်ပညာ၊ ဒဿနိကဗေဒနှင့် ဘူမိဗေဒဘာသာရပ်အထူးပြုဘွဲ့ရရှိထားသောမဟာဘွဲ့ရများ အထက်တန်းပြရာထူးတိုး လျှောက်ရန် အကျုံးမဝင်ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

အဆိုပါလိုအပ်နေသော အထက်တန်းပြရာထူးနေရာများအတွက် လျှောက်လွှာများကို ဩဂုတ်လအတွင်းခေါ်ယူရန် ဇူလိုင်လ ၂၆ရက်ရက်စွဲဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများသို့အခြေခံပညာဦးစီးဌာနက ညွှန်ကြားပြီးဖြစ်သည်။ လျှောက်ထားလိုသူများအနေနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းကာ လျှောက်ထားနိုင်မည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ အခြေခံပညာကျောင်း စုစုပေါင်း ၄၇၀၀၀ ကျော်၊ ဆရာ၊ ဆရာမဦးရေ လေး သိန်းနှစ်သောင်းခန့်နှင့် ကျောင်းသား၊ ကျောင်းသူ ၉ သန်းခွဲရှိကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

■ J-19





ဓာတ်ပုံ - ရဲပြည့်ဇာနည်

# ရန်ကုန်နှင့် ဒေသအချို့နေရာကွက်၍ မိုးကြီးမည်

**ရန်ကုန်၊ ဩဂုတ် ၁**

မုတ်သုံလေအားကောင်းနေသည့်အတွက် ရန်ကုန်အပါအဝင် ဒေသခုနစ်ခုတွင် နေရာကွက်၍ မိုးကြီးမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကာ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ယခုသီတင်းပတ်အတွင်း မုန်တိုင်းငယ်ဖြစ်နိုင်ခြေမတွေ့ရှိရသေးသော်လည်း မုတ်သုံလေအားကောင်းနေနိုင်သည့်အတွက် ပင်လယ်ပြင်မိုးလေဝသအခြေအနေ ဆိုးရွားခြင်း၊ မိုးသည်းထန်ခြင်းနှင့် မိုးသက်လေပြင်းများကျရောက်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

"လာမယ့်နှစ်ရက် သုံးရက်အတွင်း မုတ်သုံလေ ဆက်လက်အားကောင်းနေနိုင်ပြီးတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ နေ့စဉ် မိုးရေချိန်နှစ်လက်မနဲ့အထက်ရွာဖို့ ရာခိုင်နှုန်း များပါတယ်" ဟု ၎င်းက ပြောဆိုသည်။

ထို့ပြင်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ရာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့် ရှစ်ပေမှ ၁၂ ပေခန့်အထိ ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။ ■ E-03

# ပြည်ပဆန်တင်ပို့မှု လျော့ကျ

**ရန်ကုန်၊ ဩဂုတ် ၁**

ရာသီဥတုအခြေအနေအရ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများအပြင် ပြည်ပသို့ စပါးအတိုင်း တရားမဝင်တင်ပို့မှုများကြောင့် ပြည်ပသို့ ဆန်တင်ပို့မှု လျော့နည်းသွားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၀ ရက်နေ့အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲမက်ထရစ်တန်ချိန်ပေါင်း ၇၄၁,၇၅၇ ဒသမ ၈၂ တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၇၅၇ သန်းရရှိထားကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

"မနှစ်ကထက်စာရင်တော့ နည်းနေတယ်။ တင်ပို့မှုက ဆက်တိုက် နည်းလာတဲ့ အနေအထားပါ။ ဆန်က တရုတ်နိုင်ငံကို အဓိကပို့တာဆိုတော့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တင်ပို့ရောင်းချမှုနည်းသွားတာလည်းပါတယ်။ ရေကြီးနစ်မြုပ်မှုတွေ ဖြစ်နေတာလည်းပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ရုံးအဖွဲ့မှူး ဦးမြင့်လွင်က ပြောကြားသည်။

လက်ရှိတွင် ပြည်ပဆန်တင်ပို့မှုအခြေအနေမှာလည်း အရောင်းအဝယ်အေးစက်လျက်ရှိပြီး ယခင်နှစ် ဆန် တင်ပို့မှုထက် တန်ချိန်တစ်သိန်းကျော် လျော့နည်းသွားကြောင်း ၎င်းက ပြောဆိုသည်။

"ပြည်ပတင်ပို့မှုက လက်ရှိအချိန်မှာ နည်းနည်းအေးတယ်။ အရင် ရောင်းထားတာတွေပဲ ပို့နေကြတာ။ ပြည်ပပို့တာက လက်ရှိဈေးနဲ့ ရောင်းမယ်ဆိုလည်း သိပ်မကိုက်ဘူး။ ပြည်တွင်းဈေးက ချပြီး ရောင်းလို့မရတော့" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ဆိုသည်။

ယခုရေကြီးနစ်မြုပ်မှု အခြေအနေအရ စပါးအထွက်နှုန်းကို ထိခိုက်နိုင်ပြီး ပြည်ပတင်ပို့မှုကိုလည်း လျော့နိုင်ကြောင်း ဒလမြို့နယ်မှ တောင်သူ ဦးဆွေဦးက ပြောကြားသည်။

ထို့ကြောင့် ယခုနှစ် ဆန်တင်ပို့မှုအခြေအနေသည် ယခင်နှစ်ထက် တန်ချိန်တစ်သန်းခွဲကျော် လျော့ကျနိုင်ကြောင်း ဆန်ကုန်သည်များက သုံးသပ်သည်။

"ဆန်တင်ပို့မှုက မနှစ်ကတင်ပို့မှုကို မမီဘူး။ ကျမှာပဲ။ အများဆုံး(တန်) နှစ်သန်းနဲ့ နှစ်သန်းခွဲလောက်ပဲ ပို့နိုင်မယ်ထင်တယ်။ မနှစ်က သုံးသန်းကျော် ပို့နိုင်ခဲ့တာလေ။ ဒီနှစ်တော့ လျော့မယ်။ လျော့တာက ရေကြီးတာနဲ့တော့ သိပ်မဆိုင်ဘူး။ ဈေးကွက်အနေအထားကြောင့်လည်း ပါတယ်" ဟု ဆန်ကုန်သည် ဦးနေလင်းဇင်က သုံးသပ်ပြောဆိုသည်။

၂၀၁၄- ၁၅ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၈ သန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာ နှစ်တွင် တန်ချိန် ၁ ဒသမ ၇သန်း တင်ပို့နိုင်ပြီး ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းခန့်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ရေကြီးနစ်မြုပ်မှုဒဏ်ကို အများဆုံးခံစားခဲ့ရသည့် ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စပါးစိုက်ဧကနည်းပါးသည့်အပြင် မိုးစပါးများကို အောက်တိုဘာလအထိ အချိန်မီပြန်လည်စိုက်ပျိုးနိုင်သောကြောင့် ပြည်ပတင်ပို့မှုကို အနည်းငယ်ထိခိုက်နိုင်သော်လည်း ပြည်တွင်းစားသုံးမှုကိုမူ ထိခိုက်နိုင်ခြင်းမရှိကြောင်း ဆန်ကုန်သည်များက ပြောကြားသည်။ ■J-11

# NEWS IN BRIEF

## Nestle BEAR BRAND က မော့မစ်ခွက်ရေ တစ်သန်း လှူဒါန်းမည်

**ရန်ကုန်၊ ဩဂုတ် ၁**

Nestle BEAR BRAND က ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းအထိ မော့မစ်ခွက်ရေပေါင်းတစ်သန်းကို မြန်မာတစ်နိုင်ငံလုံးသို့ လှူဒါန်းသွားမည်ဖြစ်ပြီး သံခာတ်အသိပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Nestle BEAR BRAND ထံမှ သိရသည်။

အဆိုပါလှူဒါန်းအသိပညာပေးမှုများကို ပုသိမ်၊ မန္တလေး၊ မကွေးစသည့်မြို့ကြီးများတွင် ဇူလိုင်လမှစကာ လုပ်ဆောင်လျက်ရှိပြီး မော့မစ်အခမဲ့တိုက်ကျွေးခြင်း၊ အာဟာရဆိုင်ရာပညာရှင်များက သံခာတ်ချို့တဲ့မှုနှင့် အသိပညာပေးဟောပြောပွဲအကြောင်းများ ဆွေးနွေးပေးခြင်း၊ ဆရာဝန်များဖြင့် အခမဲ့စစ်ဆေးနိုင်ခြင်း၊ သံခာတ်ချို့တဲ့သူများအနေနှင့် Nestle BEAR BRAND အထုပ်ငယ်များကို တစ်လတာအခမဲ့သောက်သုံးခွင့်များကိုလည်း ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း Nestle BEAR BRAND ထံမှ သိရသည်။ ■

## ပြည်နယ်နှင့်တိုင်း ရှစ်ခု၌ ရေဘေးကြောင့် သေဆုံးသူ ၁၂ ဦးရှိ

**ရန်ကုန်၊ ဩဂုတ် ၁**

ပြည်နယ်နှင့်တိုင်း ရှစ်ခုတွင် ဇူလိုင်လအတွင်း ရေဘေးကြောင့် သေဆုံးသူ ၁၂ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည်။

ရေဘေးကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် တစ်ဦးစီနှင့် မွန်ပြည်နယ်တွင် သုံးဦး ၊ ပဲခူးတိုင်းတွင် လေးဦး၊ မကွေးတိုင်းတွင် နှစ်ဦးသေဆုံးခဲ့ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

ရေဘေးဖြစ်ပွားမှုကြောင့် ကရင်ပြည်နယ်၊ တနင်္သာရီ၊ မွန်၊ ပဲခူးနှင့် မကွေးတို့တွင် ရေဘေးရှောင်စခန်းစုစုပေါင်း ၃၂၆ ခု ဖွင့်လှစ်ခဲ့ပြီး ဇူလိုင်လ ၃၁ ရက်အထိ စခန်းပေါင်း ၂၉၉ မှ လူ ၁၃၂,၉၇၂ ဦးကို ယာယီပြောင်းရွှေ့နေရာချပေးထားကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထံမှ သိရသည်။ J-17

## ကရင်ပြည်နယ်အတွင်းရှိ တံတား ၆ စင်းကို ပြန်ဆောက်ပြီး

**ရန်ကုန်၊ ဩဂုတ် ၁**

ကရင်ပြည်နယ်အတွင်း ရေကြီးမှုနှင့်ရေတိုက်စားမှုများကြောင့်ဇူလိုင် ၂၁ရက်က ပျက်စီးမျောပါသွားသော တံတားခြောက်စင်းကို ပြန်လည်တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁ ရက်က ထုတ်ပြန်ကြေညာသည်။

အဆိုပါပြည်နယ်မှ ထီးလုံ-တာဘောင်-နဘူး-ကော့ကရိတ်လမ်းရှိ ၁၀ ပေမှ ပေ ၅၀ အထိ တံတားသုံးစင်းနှင့် လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းရှိ ၁၀ ပေမှ ပေ ၆၀ ရှိတံတားသုံးစင်းတို့ကို ပေတိုးတည်ဆောက်ခြင်း၊ တံတားအဆင့်မြှင့်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတား၆စင်းအပြင် ထီးလုံ - တာဘောင် - နဘူး - ကော့ကရိတ်လမ်းပေါ်တွင် ကျန်ရှိသည့် တံတားသုံးစင်း ပျက်စီးမှုများကိုလည်း အမြန်ပြန်လည်တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ ■ J-10

## စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)ဖွဲ့စည်းမည်

**ရန်ကုန်၊ ဩဂုတ် ၁**

စားသောက်ဆိုင်လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် ဝန်ဆောင်မှုများနှင့် မြန်မာ့အစားအစာများကို ကမ္ဘာ့အဆင့်မီဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)ကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း အဆိုပါအသင်း(ဗဟို)ထံမှသိရသည်။

အဆိုပါအသစ်ပြန်လည်ရွေးချယ်ပွဲကို ဩဂုတ်လ ၄ ရက်တွင် Dolphin စားသောက်ဆိုင်တွင် ပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားပါက အဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်းနှင့်လက်ရှိတွင် တိုင်းနှင့်ပြည်နယ်အနှံ့တွင် အသင်းဇုန်များကို ဖွဲ့စည်းထားပြီး စားသောက်ဆိုင် ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာများနှင့် လုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအတွက် ပညာပေးဟောပြောပွဲများကို အသင်းဗဟိုမှညှိနှိုင်းလုပ်ဆောင်ပေးလျက်ရှိသည်။ ■



ဓာတ်ပုံ - အောင်နိုင်

နောက်ဆုံးရနိုင်ငံတကာငွေကြေးလဲနှုန်းကို အွန်လိုင်းမှ ကြည့်ရှုနေသူတစ်ဦး

# နိုင်ငံခြားငွေဈေးများ ဆက်တက်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာကျပ်ငွေတန်ဖိုး ဆက်လက်ကျဆင်းပြီး အမေရိကန်ဒေါ်လာလဲနှုန်း အပါအဝင် အခြားနိုင်ငံခြားငွေကြေးဈေးနှုန်းများ ဆက်လက်မြင့်တက်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

အမေရိကန်တစ်ဒေါ်လာလျှင် ပြီးခဲ့သည့်ရက်ပိုင်းကထက် တစ်ဒေါ်လာလျှင် ၁၆ ကျပ်၊ ဩစတြေးလျ တစ်ဒေါ်လာလျှင် ၁၂ ကျပ်၊ ယူရို တစ်ယူရိုလျှင် ၅ ကျပ်၊ စတာလင်ပေါင် တစ်ပေါင်လျှင် ၁၀ ကျပ်၊ စင်ကာပူ တစ်ဒေါ်လာလျှင် ၈ ကျပ်နှင့် မလေးရှား တစ်ရင်းဂစ်လျှင် ၂ ကျပ်အပြင် ထိုင်းဘတ်၊ ဂျပန်ယန်းငွေကြေးများလည်း အနည်းငယ်မြင့်တက်ကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

ဒေါ်လာတန်ဖိုးမြင့်တက်သည့်အတွက် အခြားငွေကြေးများမှာလည်း ဒေါ်လာကို အခြေခံ၍ ပြောင်းလဲခြင်းကြောင့် လိုက်ပါမြင့်တက်လာရာ ကျပ်ငွေတန်ဖိုး ကျဆင်းသွားရခြင်းဖြစ်ကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။

လက်ရှိကာလသည် မိုးရာသီဖြစ်သည့်အတွက် ပြည်ပပို့ကုန်နည်းပါးပြီး သွင်းကုန်များနေသည့်အတွက် နိုင်ငံခြားငွေ လိုအပ်ချက်များပြားနေခြင်းကြောင့် လည်း ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကို ပိုမိုဖြစ်ပေါ်စေကြောင်း ၎င်းတို့က ပြောဆိုသည်။

လက်ရှိငွေကြေးဈေးကွက်အတွင်း အမေရိကန်တစ်ဒေါ်လျှင် ၁၄၄၇ ကျပ်၊ စင်ကာပူတစ်ဒေါ်လာလျှင် ၁၀၆၅ ကျပ်၊ ထိုင်းဘတ် တစ်ဘတ်လျှင် ၄၄ ကျပ်နီးပါး၊ မလေးရှား တစ်ရင်းဂစ်လျှင် ၃၅၁ ကျပ်၊ တရုတ်ယွမ် တစ်ယွမ်လျှင် ၂၁၁ ကျပ်၊ ဂျပန်ယန်း တစ်ယန်းလျှင် ၁၃ ကျပ်နီးပါး၊ ယူရိုတစ်ယူရိုလျှင် ၁၆၇၅ ကျပ်၊ ဩစတြေးလျ တစ်ဒေါ်လာလျှင် ၁၀၇၅ ကျပ်နှင့် စတာလင်ပေါင် တစ်ပေါင်လျှင် ၁၉၉၀ ကျပ်ဈေးရှိကြောင်း အဆိုပါ ဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# မြန်မာကုမ္ပဏီများ အွန်လိုင်းမှ စတင်မှတ်ပုံတင်ခွင့်ပြုသည့်နေ့ ဝက်ဘ်ဆိုက်ချို့ယွင်းမှု ဖြစ်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအသစ်အရ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ပြည်တွင်း ပြည်ပကုမ္ပဏီအားလုံး အွန်လိုင်းစနစ်ဖြင့် ပြန်လည်၍ ကုမ္ပဏီမှတ်ပုံတင်ရမည်ဖြစ်ရာ ပထမဦးဆုံးနေ့မှာပင် ကုမ္ပဏီပေါင်း တစ်သောင်းခန့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ထိုကဲ့သို့ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်း လုပ်ဆောင်သော ကုမ္ပဏီများ အများအပြားရှိခြင်းကြောင့် ကုမ္ပဏီမှတ်ပုံတင်ရမည့်ဝက်ဘ်ဆိုက် www.myco.dica.gov.mm သည် ဩဂုတ်လ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီခန့်မှ စတင်၍ စနစ်ချို့ယွင်းကာ ဝက်ဘ်ဆိုက် (Server Down) ကျဆင်းသွားသည့်အတွက် ပြန်လည်ပြင်ဆင်ခဲ့ရကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားသည်။

"တစ်သောင်းဝန်းကျင်လောက်တော့ရှိတယ်။ (မှတ်ပုံတင်သည့်ကုမ္ပဏီ) အရမ်းများတော့ System က မနိုင်ဘဲ ဝက်ဘ်ဆိုက်က ကျသွားတာ" ဟု ၎င်းက ဆိုသည်။

ယင်းကဲ့သို့ ဝက်ဘ်ဆိုက်ကျသွားသည့်ကိစ္စနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကလည်း အခက်အခဲဖြစ်ခဲ့သူအားလုံးကို တောင်းပန်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ဥပဒေအသစ်အရ ပြည်တွင်း ပြည်ပကုမ္ပဏီများအားလုံး အွန်လိုင်းစနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ခြင်းအတွက် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ခြောက်လ အကြာ အချိန်သတ်မှတ်ပေးထားကြောင်း ယင်းဌာနထံမှ သိရသည်။

ယခု အွန်လိုင်းစနစ်ဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းများ မလုပ်ဆောင်မီ လက်ရှိအချိန်၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် ပြည်တွင်းကုမ္ပဏီပေါင်း လေးသောင်းကျော်နှင့် နိုင်ငံခြားကုမ္ပဏီ လေးထောင်ကျော်က ကုမ္ပဏီမှတ်ပုံတင်ထားကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■ J-01

# NEWS IN BRIEF

## City Mart ၏ ၂၂ နှစ်ပြည့် အထိမ်းအမှတ် အထူးဈေးပွဲတော် ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၁**

City Mart Supermarket က ၂၂ နှစ်ပြည့်အထိမ်းအမှတ် အထူးဈေးရောင်းပွဲတော်ကို ဩဂုတ်လ ၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရန်ကုန်၊ မန္တလေးရှိ City Mart Supermarket ဆိုင်ခွဲအားလုံးတွင် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် 22nd Anniversary Promation ပစ္စည်းများကို ဝယ်ယူမှုတိုင်းအတွက် ၂၂ ရာခိုင်နှုန်းအထိ Discount များနှင့် ဆုလက်ဆောင်များရရှိနိုင်မည့်အပြင် ကျပ်ငါးသောင်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် ကျပ် ၂၀၀၀ တန် ဈေးဝယ်ခွင့်ကူပွန်များ ပေးအပ်မည်ဖြစ်သည်။ ■J-01

## MPT က တစ်မိနစ် ၆ ကျပ် ကျသင့်မည့် Voice Pack မိတ်ဆက်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က တစ်မိနစ်လျှင် ၆ ကျပ် ကျသင့်မည့် 'ပြောသာပြော' Voice Pack အသစ်ကို စတင်မိတ်ဆက်လိုက်သည်။

အဆိုပါ Pack အသစ်အစီအစဉ်တွင် MPT ဖုန်းအချင်းချင်း (ကြိုးဖုန်းများအပါအဝင်) ခေါ်ဆိုအသုံးပြုနိုင်မည်ဖြစ်ကာ *600# ကို ဖုန်းခေါ်ဆိုပြီး မိမိနှစ်သက်ရာ ၇ ရက်၊ ၃၀ ရက်၊ ၆၀ ရက် သက်တမ်းရှိ အစီအစဉ်များကို ရွေးချယ်နိုင်မည်ဖြစ်သည်။ ■ J-01

# ရန်ကုန်စတော့အိတ်ချိန်း၌ နိုင်ငံခြားသားများ ရှယ်ယာဝယ်ယူခွင့် အောက်တိုဘာလခန့်မှသာ စနိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၁**

ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်ပြီဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ နိုင်ငံခြားသားများသည် ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာဝယ်ယူနိုင်မည်ဖြစ်သော်လည်း ယင်းအစီအစဉ်ကို လာမည့်အောက်တိုဘာလခန့်မှသာ စတင်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) ထံမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ နိုင်ငံခြားသားများ ရှယ်ယာအရောင်းအဝယ် စတင်နိုင်မည်ဖြစ်သော်လည်း စာရင်းဝင်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိတ်ချိန်း၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ (Securities) တွင် စည်းမျဉ်းစည်းကမ်းများနှင့် ကုမ္ပဏီပိုင်းဆိုင်ရာများ ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ခြင်းကြောင့် လတ်တလောတွင် နိုင်ငံခြားသားများ ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း YSX ၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောကြားသည်။

"အခုက ဥပဒေအသစ်အရ နိုင်ငံခြားသားတွေ ဝယ်ယူနိုင်ဖို့အတွက် YSX ဘက်ရော၊ ကုမ္ပဏီတွေဘက်မှာရောက ပြင်ဆင်စရာတွေရှိတော့ တစ်လ နှစ်လ အတွင်းတော့ စရမှာပါ" ဟု ၎င်းက ပြောဆိုသည်။

စာရင်းဝင်ကုမ္ပဏီအချို့ကလည်း ကုမ္ပဏီဥပဒေအသစ်အရ အများပိုင်ကုမ္ပဏီများနှင့်ပတ်သက်သည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ ကုမ္ပဏီအား ပြန်လည်မှတ်ပုံတင်ခြင်းနှင့် ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအား ပြင်ဆင်ရေးဆွဲခြင်း (ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည်များ) များ ဆောင်ရွက်ရန်ရှိသဖြင့် ယင်းကာလအတွင်း နိုင်ငံခြားသားများအနေနှင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်နိုင်မည်မဟုတ်သေးကြောင်း ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်၌ ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်သူ အရေအတွက် နည်းပါးလျက်ရှိပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာပါက ဈေးကွက်ပိုမိုသွက်လာနိုင်ကြောင်း စတော့ရှယ်ယာအရောင်းအဝယ်လုပ်နေသူတစ်ဦးက ပြောကြားသည်။

"စာရင်းဝင်ကုမ္ပဏီတွေအတွက်လည်း လုပ်ငန်းတွေတိုးချဲ့ဖို့ လိုအပ်တဲ့အရင်းအနှီးတွေကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကနေ ရနိုင်တယ်" ဟု ၎င်းက ဆိုသည်။ ■J-01

## ဩဂုတ်လ ၁ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | 12500 | 12000 | 12500 | 12000 | 12500 | - | 1303 | 15,900,500 |
| MTSH | 3300 | 3300 | 3300 | 3350 | 3300 | - | 44,602 | 147,202,100 |
| MCB | 7700 | 7700 | 7700 | 7700 | 7700 | - | 200 | 1,450,000 |
| FPB | 24000 | 24000 | 24000 | 24000 | 24000 | - | 57 | 1,368,000 |
| TMH | 3000 | 3000 | 3000 | 3000 | 3000 | - | 7141 | 21,423,000 |

# မေမေ . . . ကြင်ကြင်ကျောင်းတက်နေပါပြီ

## မြတ်မင်း


ဓာတ်ပုံ-မြတ်မင်း

အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းရှိ အခန်းထောင့်တစ်နေရာတွင် အသက်ငါးနှစ်အရွယ် ကလေးတစ်ဦး တိတ်ဆိတ်စွာ ထိုင်နေသည်။ သူက မျက်လုံးတောက်တောက် အသားညိုညိုပိုင်ရှင်မလေး ကြင်ကြင်။

အခန်းဖော်သူငယ်ချင်းများ ပျော်ရွှင်စွာကစား နေကြသော်လည်း ကြင်ကြင်တစ်ယောက် တိတ်ဆိတ်နေသောသူ့မျက်ဝန်းများဖြင့် အခန်းဖော်သူငယ်ချင်းများကို ငေးကြည့်နေသည်။

ကြင်ကြင်အတွက် သက်တူရွယ်တူကလေးများနှင့် သူငယ်ချင်းဖြစ်ခွင့်ရှိသော်လည်း သူ့ကိုခေါ်ကစားမည့်သူငယ်ချင်းမရှိ။ သူက တခုတ်တရခေါ်ကစားရမည့် သူငယ်ချင်းလည်းမရှိ။ သူ့ကမ္ဘာက သူထိုင်နေသော ခုံအစွန်းမှျခန့်သာ။

သူ ကျောင်းကိုလာခဲ့တဲ့နေရာက လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနကဖွင့်ထားတဲ့ ကလေးပြုစုရေးဌာန။ သူ့မှာ ဖေဖေ၊ မေမေရှိခဲ့ပါသော်လည်း ကြင်ကြင်ကတော့မသိ။

ကလေးပြုစုရေးဌာနမှာရှိတဲ့ အခြားကလေး များနည်းတူ ကြင်ကြင်သည်လည်း စွန့်ပစ်ခံကလေး တစ်ဦးသာ။ သူ့မိဘများက ဘာကြောင့် စွန့်ပစ်ခဲ့သည် ကို ကြင်ကြင်မသိ။

ကြင်ကြင်သည် ကလေးပြုစုရေးဌာနမှာရှိတဲ့ မေသော်၊ ရှင်းသန့်၊ ထက်ဇော် စတဲ့ သူငယ်ချင်းများနှင့် အတူ ကျောင်းလာတက်ရသည်။ ဒါသည်ပင် သူ့ကမ္ဘာ၊ သူ့အဖော်များသာဖြစ်သည်။

"သူတို့အနေနဲ့ ချို့ချို့ငဲ့ငဲ့တော့မနေရဘူး။ ဒါပေမဲ့ သူတို့ တစ်ခုခုလိုနေသလိုပဲ။ ကျွန်မစာသင် နေရင် ကြည့်ကြည့် သမီးကြည့်၊ သားကြည့်ဆိုရင် ကြည့်တော့ကြည့်တယ်။ သူတို့ဘာတွေတွေးနေလဲ မသိဘူး။ အာရုံမရဘူး" ဟု အတန်းပိုင်ဆရာမ ဒေါ်လှသီတာက ပြောပြသည်။

မန္တလေး ကလေးပြုစုရေးဌာနတွင် ဌာနပိုင် ကလေး၊ ယာယီအပ်နှံထားသည့်ကလေးစသည့်ဖြင့် ကလေးအမျိုးအစားများခွဲထားပြီး ကြင်ကြင်အပါ အဝင် စုစုပေါင်းကလေး ၃၇ ဦးရှိသည်။

ကြင်ကြင်သည် မန္တလေးကလေးပြုစုရေးဌာန သို့ ၂၀၁၇ ခုနှစ်က ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး အဲဒီ အချိန်မှာ သူ့အသက်က လေးနှစ်။ အဘွားဖြစ်သူကစွန့် ပစ်ခဲ့တဲ့အတွက် ရောက်ရှိလာခဲ့သည်ဟု ကလေးပြုစု ရေးဌာန ဦးစီးအရာရှိ နန်းမောက်ဆိုင်က ဆိုသည်။

ကြင်ကြင်နေသည့် ကလေးပြုစုရေးဌာနတွင် မွေးကင်းစမှ အသက်တစ်နှစ်ထိ ကလေး ၁၀ ဦး၊ အသက် တစ်နှစ်မှ သုံးနှစ်ထိ ကလေးခြောက်ဦး၊ အသက်သုံးနှစ်မှငါးနှစ်ထိကလေး သုံးဦးနှင့် အသက် ငါးနှစ်အထက် ၁၈ ဦးရှိသည်။

"ကျွန်တော်တို့ကလေးတွေက လေးနှစ်ဆို တဲ့အရွယ်မှာ ပြောပြနိုင်ရမှာပေ့ါ။ သို့သော်လည်း သူ (ကြင်ကြင်) မပြောပြနိုင်ဘူး။ ဘာမှ နားမလည်သေး တဲ့မွေးကင်းစ အရွယ်တွေဆိုရင် ဒါကပဲ သူတို့ရဲ့အိမ်၊ သူတို့ရဲ့စောင့်ရှောက်သူအဖြစ်နဲ့ ကြီးပြင်းလာကြ တယ်။ စွန့်ပစ်တယ်ဆိုတဲ့နေရာမှာလည်း အသက် နည်းနည်းရမှ မိဘကိုယ်တိုင်က လာအပ်တာတွေရှိ တယ်။ ဆိုတော့ သူတို့ရဲ့ဖွံ့ဖြိုးမှုက အိမ်မှာနေရတဲ့ ကလေးတွေနဲ့ မတူတော့ဘူး" ဟု ဦးစီးအရာရှိက သူ့ အတွေ့အကြုံကို ရှင်းပြသည်။

စွန့်ပစ်ခံကလေးများသည် ပြောစကား နား မထောင်ခြင်း၊ အကောင်းမြင်စိတ်နည်းပါးခြင်းနှင့် ဂျစ်တီး၊ ဂျစ်ကန်လုပ်လေ့ရှိသည်။

"ဂရုစိုက်တာကိုလိုချင်တာလည်း ဖြစ်နိုင် တယ်။ နောက်တစ်ခုက အပြုသဘောနဲ့ကြီးပြင်းမသွား ဘဲနဲ့ အရာအားလုံးကို အဆိုးမြင်ပြီး နေတဲ့ပုံစံမျိုးတွေ အများဆုံးတွေ့ရတယ်။ လိုအင်ဆန္ဒပြည့်ဝတယ်လို့ ဘယ် ခါမှ မခံစားရဘဲနဲ့ တစ်ခုခုလိုနေသလိုမျိုးနဲ့ကြီးပြင်းလာ ရတဲ့ ပုံစံမျိုးပေ့ါ" ဟု နန်းမောက်ဆိုင်ကဆိုသည်။

ကလေးတစ်ယောက်၏ ဖွံ့ဖြိုးမှုအပိုင်းတွင် သိမှု ဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ရုပ်ပိုင်း ဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှု ဆိုသော အပိုင်းအခြားများရှိသော်လည်း စွန့်ပစ်ခံ ကလေးများအနေနှင့် အဆိုပါအချက်များပြည့်စုံရန် ခဲယဉ်းနိုင်သည်ဟု မန္တလေးတက္ကသိုလ် စိတ်ပညာ ဌာနမှ ဌာနမှူး ဒေါက်တာဒေါ်ခင်စန်းလှိုင်က ပြော ဆိုသည်။

ကလေးများဘက်ပေါင်းစုံပြည့်စုံဖွံ့ဖြိုးဖို့ မိခင်၊ ဖခင်တို့၏ ပြုစုစောင့်ရှောက်မှု၊ ဂရုစိုက်မှုသည် အလွန် အရေးကြီးသောအချက်များ ဖြစ်သည်။

"မိဘတွေက သူတို့ကလေးတွေကို စိတ်ပိုင်း၊ ရုပ်ပိုင်းစောင့်ရှောက်တယ်။ သူတို့ဆာရင်ကျွေးတယ်။ သူတို့အတွက် နွေးထွေးတဲ့ ချစ်ခြင်းမေတ္တာကိုပေး တယ်။ ဒါတွေရှိနေမှကလေးက အန္တရာယ်ကင်းတယ် လို့ယူဆတာကိုး။ ဒါကသူတို့စိတ်ထဲမှာရှိတာပေ့ါ။ အခု လိုမျိုး မိဘနဲ့မရှိဘူး။ သူတို့အတွက် စား၊ ဝတ်၊ နေရေး မှာ အားကိုးရာမရှိဘူးဆိုရင် ဒါကသူတို့အတွက် အကြီး မားဆုံး ခြိမ်းခြောက်မှုအန္တရာယ်ပဲ" ဟု ဒေါ်ခင်စန်းလှိုင် ကရှင်းပြသည်။

စိတ်ပညာသဘောအရ ကလေးတစ်ယောက် သည် မိခင်၏ရင်ခွင်အတွင်းမှာရှိနေတဲ့အချိန်များက သူတို့အတွက်စိတ်ပိုင်းဆိုင်ရာအရ လုံခြုံမှုရှိတယ်လို့ ခံစားရစေသည်။ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စိတ်ချရမှုကို ရရှိစေသည်။ အန္တရာယ်ကင်းစေတယ်လို့ ယူဆကြပါ သတဲ့။ ဒါတွေမရခဲ့ရင် ပတ်ဝန်းကျင်လောကကို ယုံ ကြည်မှုမရှိခြင်း၊ စိတ်ကျခြင်း၊ ရန်လိုခြင်း၊ ကိုယ်ကိုယ် ကိုယ်ယုံကြည်မှုမရှိခြင်း၊ အခြားသူများအပေါ် မချစ် ခင်ခြင်း၊ စိတ်လိုက်မာန်ပါပြုမူခြင်းများဖြစ်လာနိုင်တယ် လို့လည်း ဆိုသည်။

"ဒီကလေး (ကြင်ကြင်) က မိခင်ရဲ့နွေးထွေးမှု ကို မရခဲ့တဲ့အတွက် စိတ်ပိုင်းဆိုင်ရာယုံကြည်မှုမရှိ တော့ဘူး။ ဒါကြောင့် သူ့အနေနဲ့ သူများကိုလည်း ချစ်ခင်နွေးထွေးမှု ပြနိုင်မှာမဟုတ်တော့ဘူး။ ဒါက ဖြစ်နိုင်ခြေတွေပေ့ါ။ ကလေးမှာလည်း ကလေးနဲ့ညီမျှ တဲ့ လုပ်ဆောင်ချက်တွေရှိတယ်။ သူ့လုပ်ဆောင်ချက် တွေကို အသိအမှတ်ပြုမယ့်သူလည်းမရှိဘူး။ ဒါတွေ မရှိတဲ့အတွက် သူ့ကိုယ်သူ ယုံကြည်မှုလည်း ရှိမယ် မထင်တော့ဘူး။ လူတွေနဲ့ရှောင်ဖယ်လာတယ်။ မဆက် ဆံချင်ဘူး။ စိတ်ခံစားမှုတွေမှာ ပျက်ပြားတာပေ့ါ။ သုတေသနတွေ့ရှိချက်တွေအရတော့ ဒီလိုပဲပြောထား တယ်" ဟု ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ကလေးပြုစုရေးဌာန ခြောက် ခု၊ နေ့ကလေးထိန်းဌာန ၄၁ ခု၊ မူလတန်းကြိုကျောင်း ၂၁ ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ၇၈၉ ကျောင်းအထိ ဖွင့်လှစ်ထားကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန စာရင်းတွေအရ သိရသည်

မန္တလေးတိုင်းအတွင်း၌ မှတ်ပုံတင်ထားပြီးဖြစ် သည့် လူငယ်ဖွံ့ဖြိုးရေးဂေဟာ ၁၅ ခု၊ မသန်စွမ်း ပရဟိတဂေဟာနှစ်ခု၊ ဘိုးဘွားရိပ်သာ ၁၃ ခုရှိတယ် လို့ မန္တလေးတိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှသိရသည်။ ဒါကတရားဝင်မှတ်ပုံတင်ထားပြီးသားစာရင်းအရ ဖြစ်ပြီး မှတ်ပုံမတင်ရသေးတဲ့ ဂေဟာတွေလည်း ရှိနေ ပါသေးသည်။

သည်လိုဂေဟာများ၊ ကလေးပြုစုရေးဌာန များအနေနှင့် စွန့်ပစ်ခံကလေးတွေအတွက် ဘယ် လောက်ထိအရေးပါလာပြီလဲ။ ပြုစုစောင့်ရှောက် ပေး နေသူတွေအနေနှင့်ကလေးများကို တကယ့်မိဘ မေတ္တာဖြင့် ပြုစုစောင့်ရှောက်ခြင်း၊ တစ်ဦးချင်းကို အာရုံစိုက်စောင့်ရှောက်ခြင်း၊ ခေါ်ပြောနှုတ်ဆက်ခြင်း များပြုလုပ်သင့်ကြောင်း မန္တလေးတက္ကသိုလ် စိတ် ပညာဌာနမှ ဌာနမှူး ဒေါက်တာဒေါ်ခင်စန်းလှိုင်က အကြံပြုသည်။

"ကလေးတစ်ဦးဦးကိုပိုပြီးတော့ ဂရုစိုက်တာ တွေမလုပ်သင့်ဘူး။ နှိုင်းယှဉ်တာတွေမလုပ်သင့်ဘူး။ ဒီလိုလုပ်တာက ကလေးတွေရဲ့စိတ်ကိုပိုပြီး အနာတရ ဖြစ်စေပါတယ်" လို့ ဆရာမကြီးက သတိပေးသည်။

ကလေးပြုစုရေးဌာနအနေနှင့်ဝန်ထမ်းအင်အား နည်းပါးနေပြီး ကလေးကများနေသည့် အနေအထား များကို ရင်ဆိုင်နေရသည်။

"ဒါက အင်မတန်အရေးကြီးတဲ့ အင်မတန် ကောင်းမွန်တဲ့ ပြုစုစောင့်ရှောက်သူနဲ့ ပြုစုစောင့် ရှောက်တဲ့စနစ်ပါ။ ကလေးစိတ်ပညာကို တကယ်ကို သိထားတဲ့သူတွေကိုမှ ပြုစုစောင့်ရှောက်တဲ့သူတွေ အဖြစ် ခန့်သင့်တယ်။ အခုက အသက်ကြီးလာတဲ့ မိဘမဲ့တွေကို ဒီမှာအလုပ်ပြန်ခန့်တယ်။ ပြုစုရေးက ထွက်သွားတဲ့ကလေးတွေက စက်ရုံတစ်ရုံကနေပြီး တော့ ထုတ်လိုက်တဲ့အတိုင်း တစ်ပုံစံတည်းပဲ။ စကား ပြောတာ၊ စဉ်းစားတာ၊ တစ်ပုံစံတည်းပဲ။ ဒါကို သုံးသပ် အဖြေရှာရမယ့် အချိန်တော့ရောက်ပြီ။ ဘာ့ကြောင့်လဲ ဆိုတဲ့ အဖြေကိုရှာရတော့မယ်" ဟု ကလေးပြုစုရေး ဌာနမှ ဦးစီးအရာရှိ နန်းမောက်ဆိုင်က ပြောဆိုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအနေနှင့် ဂေဟာတွေကို ထောက်ပံ့ကြေးတွေ ပေးတဲ့နေရာမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ ဝန်ထမ်းတစ်ဦးကို တစ်နှစ်စာအတွက် ကျပ်သုံးသောင်းထောက်ပံ့ပေးရာကနေ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် စပြီး ကျပ် ၅၄,၀၀၀ ကျပ်သို့တိုးမြှင့် ပေးခဲ့သည်။

စားစရိတ်ထောက်ပံ့ကြေးအနေနှင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်းက ဝန်ထမ်းတစ်ဦးကို တစ် နှစ်စာအတွက် ကျပ်သုံးသောင်း ထောက်ပံ့ရာမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ၇၃,၀၀၀ ကျပ်အထိ တိုးမြှင့်ပေးခဲ့ပြီး ဝတ်စုံစရိတ်ထောက်ပံ့ကြေးအနေနှင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းတစ်ဦးကို တစ်နှစ်စာအတွက် ကျပ် ၁၃,၀၀၀ သာပေးခဲ့ရာမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်နှစ်သောင်းဟု တိုးမြှင့်ပေးခဲ့သည်။

ယင်းအပြင် ဂေဟာမှူးလစာများကိုလည်း ကျပ် ၁၈,၀၀၀ မှ ကျပ် ၃၆,၀၀၀ အဖြစ် တိုးမြှင့် ထောက်ပံ့ပေးခဲ့သည်။

ကြင်ကြင်နေသည့်ကလေးပြုစုရေးဌာန၌ တစ်လ လျှင် ၂၅ ရက်အထိ အလှူရှင်များက ကျွေးမွေးလေ့ ရှိသောကြောင့် ရုပ်ပိုင်းဆိုင်ရာထောက်ပံ့မှုများကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်သော်လည်း စိတ်ပိုင်း ဆိုင်ရာများကိုမူ ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပေ။

အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေ သည့်ကလေးများ၊ ပြုစုစောင့်ရှောက်မည့်သူမရှိသော ကလေးများကို မွေးစမှ အသက် ရှစ်နှစ်အရွယ်အထိ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရေးအတွက် ရှေးဦးကလေး သူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေးဆိုင်ရာ နည်းစနစ် များဖြင့် ပြုစုစောင့်ရှောက်ပေးခြင်း၊ သာမန်မိသားစု များကဲ့သို့ ကြီးပြင်းလာနိုင်ရန် ကလေးသူငယ်ဥပဒေ နှင့်အညီ သင့်တော်သောမိဘများအား မွေးစားခွင့် ပေးခြင်း၊ မူလတန်းပညာ ကောင်းမွန်စွာသင်ကြား နိုင်ရေးနှင့် ကလေးသူငယ် အခွင့်အရေးများ အပြည့် အဝရရှိစေရေးအတွက်ရည်ရွယ်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကလေးပြုစု ရေးဌာနများကို ဖွင့်လှစ်ထားခြင်းဖြစ်သည်။

"သူတို့ကိုပြုစုစောင့်ရှောက်နေတဲ့ဝန်ထမ်း၊ သူတို့ကို ပြုစုစောင့်ရှောက်သူရဲ့အခန်းကဏ္ဍ ဘယ် လောက်အရေးပါတယ်ဆိုတာကို ပြန်သုံးသပ်ရမယ့် အနေအထားကို ရောက်နေပြီ" ဟု ဒေါ်နန်းမောက် ဆိုင်က ပြောဆိုသည်။

ကြင်ကြင်တို့လိုအပ်နေတာက မေတ္တာတရား ပါ။ နွေးထွေးစိတ်ချရတဲ့ရင်ခွင်တွေပါ။ သင့်လျော် ကောင်းမွန်တဲ့ပတ်ဝန်းကျင်ပါ။ ကလေးတစ်ယောက် ကောင်းခြင်းဆိုးခြင်းဆိုသည်မှာ မိဘမျိုးရိုးဗီဇ၊ ပတ် ဝန်းကျင်၏ သက်ရောက်မှုအပေါ် များစွာမူတည်ပါ တယ်။

"မျိုးရိုးဗီဇကနေအမွေရထားတဲ့ လုပ်နိုင် စွမ်းအားတွေကြောင့် ဒီလူတွေက လုံးဝမကောင်းတဲ့ သူတွေဆိုပြီး တထစ်ချပြောလို့မရဘူး။ နောက်တစ်ခု က ပတ်ဝန်းကျင်။ ပတ်ဝန်းကျင်က ဒီကလေးက လူကယ်ပြန်ကျောင်းကပဲ၊ မိဘကစွန့်ပစ်ထားတာပဲ ဆိုပြီ သူ့ကို တန်ဖိုးမထားဘဲဆက်ဆံရင်တော့ ခံနိုင် ရည်ရှိတဲ့ကလေးက သူရဲ့တိုးတက်ရာကိုရှာပြီး အောင် မြင်အောင်လုပ်နိုင်သလို မခံနိုင်တဲ့ကလေးတွေက ပိုဆိုသွားနိုင်တယ်" ဟု စိတ်ပညာဌာနပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းလှိုင်က မှတ်ချက်ပြုသည်။

ကြင်ကြင်တို့လို ကလေးပြုစုရေးဌာနကပဲ ဖြစ်ဖြစ်၊ ပုဂ္ဂလိကတွေက ဖွင့်ထားတဲ့ဂေဟာတွေကပဲ ဖြစ်ဖြစ် စွန့်ပစ်ခံကလေးငယ်များ၏ မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲဖို့ စွမ်းနိုင်စွမ်းမရှိသော်လည်း ကလေးများ၏ ပတ်ဝန်းကျင်ကိုဖန်တီးပေးနိုင်ပြီး မေတ္တာတွေပေးနိုင်သည်။ အထီးကျန်သော၊ စိတ်ကျ နေသော၊ ရန်လိုနေသော၊ ကလေးငယ်များမဖြစ် အောင် စွမ်းဆောင်နိုင်သော အခွင့်အရေးရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုရှိသော ကလေးများအဖြစ် ရှင်သန်ကြီးပြင်းလာစေရန် လမ်း ညွှန်ပေးနိုင်သည်။

မည်သို့ပင်စေ ကြင်ကြင်ကတော့ ကျောင်းကား ကြီးစီးပြီး ကျောင်းကိုလာရပါဦးမည်။ ကားကြီးစီးပြီး ပြုစုရေးဌာနသို့ပြန်ရပါဦးမည်။ ကြင်ကြင့်မေမေကို ပြောပေးကြပါ။ ကြင်ကြင် ကျောင်းတက်နေပါပြီလို့။ ■

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ အသက် ၉ နှစ်အရွယ် ကလေးမလေးက မွေးရာပါ နှလုံးရောဂါခံစားနေရတာဖြစ်ပြီး ဒေါက်တာထိန် အခမဲ့ဆေးခန်းမှာ လာရောက်ပြသနေရတာပါ။ ခွဲစိတ်ကုသဖို့ လိုအပ်နေတာဖြစ်ပြီး ရန်ကင်းကလေးဆေးရုံက နှလုံးကုသဆောင်မှာ တောက်လျှောက်ကုသနေရတယ်လို့ ဆိုပါတယ်။ တတ်အား သရွေ့ပါဝင်လှူဒါန်းမယ့် အလှူရှင်တွေ လိုအပ်နေတယ်လို့ သိရပြီး အသေးစိတ်သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် ဒေါက်တာထိန်အခမဲ့ဆေးခန်း ဖုန်း ၀၉၄၅၂၅၅၀၀၅၀၊ ၀၉၄၅၂၅၅၀၀၆၀ ကို ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### Hellokitty ချစ်သူတွေအတွက်

### Hellokitty Toilet Seat Cover Set

Hellokitty အသုံးအဆောင် ခရေစီတွေအတွက် အခု ညွှန်ပေးချင်တာကတော့ Hellokitty Toilet Seat Cover Set လေးဖြစ်ပါတယ်။ ဒီပစ္စည်းလေးမှာ ဘိုထိုင်အဝိုင်းအစွပ်၊ အဖုံးဘက်အစွပ်၊ ခြေသုတ်ဖို့အခင်းပြားတွေနဲ့ Tissue တွေ ထည့်သုံးနိုင်မှာတွေ ပါဝင်မှာဖြစ်ပါတယ်။ ကိုယ်အသုံးပြုနေတဲ့ ဘိုထိုင်အဝိုင်းမှာစွပ်ပေးလိုက်တာနဲ့ ချစ်စဖွယ် Hellokitty အရုပ်လေးကိုမြင်တွေ့ရမှာဖြစ်ပြီး အသားလေးကလည်း နူးညံ့အိစက်နေမှာဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ ကိုယ့်အိမ်ထဲ အသုံးအဆောင်တွေကို Hellokitty နဲ့ပတ်သက်တာတွေကိုပဲ အသုံးပြုထားချင်သူတွေအတွက်တော့ ဒီပစ္စည်းလေးမျိုးက အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ ဒါ့အပြင် ညစ်ပေလို့လျှော်ဖွပ်ချင်ရင်လည်း အလွယ်တကူချွတ်လျှော် အသုံးပြုနိုင်မှာဖြစ်တယ်လို့ ရောင်းချသူက ဆိုပါတယ်။ ဈေးနှုန်းက ၄ မျိုးပါဝင်တဲ့ Hellokitty Set လိုက်လေးခုကိုမှ ၂၅၀၀၀ ကျသင့်မှာဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၄၅၀၁၂၇၃၀၃ နဲ့ ၄၅၀၁၂၇၃၀၄ ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## BOOK GUIDE

# မြန်မာနိုင်ငံ တောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိဿယ

## ဦးလှအောင်



ဆိုရှယ်လစ်ခေတ်က "စာစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့" ဆိုသည့် သီချင်းသံလေးနှင့်အတူ နောက်ခံတီးလုံး 'တင်းတောင် . . . တင်းတောင်' ဖြင့် သံပြိုင်သီဆိုကြသော ချစ်စဖွယ်သီချင်းသံလေးကို ရုံးပိတ်ရက် နေ့မတိုင်မီ ရေဒီယိုမှ အကြိုဖွင့်ခြင်း၊ ဓာတ်စက်များနှင့်ဖွင့်ခြင်းများကို ကြားရသည်။ အမျိုးသားအားကစားအတွက် လှုပ်ရှားမှုတိုင်းလိုလိုတွင် ထိုသီချင်းလေးက နိုးဆော်သည့် သီချင်းသံလေး ဖြစ်ခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်၏ အမျိုးသားအားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးလှုပ်ရှားမှု များတွင် ရှေ့တန်းက တက်ကြွစွာပါဝင်လှုပ်ရှားသည့် သူ့သတင်းနှင့် ဓာတ်ပုံများကိုလည်း သတင်းစာများတွင် မကြာခဏတွေ့ရသည်။ အားကစားလှုပ်ရှားမှုများကို အထူးစိတ်ပါဝင်စားစွာ လုပ်ဆောင်တတ်သူ ဦးလှအောင် (ဗိုလ်မှူးကြီးလှအောင်)၏ ရုပ်ပုံလွှာများကို ဤစာအုပ်လေးတွေ့လိုက်သည့် အခါတွင် ပြန်လည် အမှတ်ရစရာ ဖြစ်သွားရပြန်သည်။

ဦးလှအောင်ကို ၁၉၁၄ ခုနှစ်တွင် မွေးဖွားသည်။ ဖခင်မှာ ဦး ဒဗလျူစမိုက်နှင့်မိခင်မှာ ဒေါ်မြိုင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဂုဏ်ထူးဘွဲ့ကို ၁၉၃၆ ခုနှစ်တွင် ရရှိခဲ့သည်။ ဂျပန်ခေတ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် (BDA) ကို ဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဦးစီးချုပ်၌ တော်လှန်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဂန္ဒီစာချုပ်အရ တပ်မတော်ကို ပြန်လည် ဖွဲ့စည်းရာတွင်လည်း စစ်ဘက်တွင် ဆက်လက်နေပြီး ၁၉၇၁ ခုနှစ်တွင် တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

တပ်မတော်မှ အငြိမ်းစားယူသည်ဆိုသော်လည်း မြန်မာနိုင်ငံတောင်တက်အသင်းကိုဖြစ်မြောက်အောင် ပြန်လည်ထူထောင်သည်။ မြန်မာတို့ အလေ့အကျင့် လှုပ်ရှားမှုနည်းသည့် တောင်တက်အလေ့အထတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရာတွင် အလွန်ကျေးဇူးတင်ထိုက်သူတစ်ဦးလည်း ဖြစ်သည်။ ထို့ပြင် ဦးလှအောင်သည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကို အကောင်းဆုံးဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ပေးခဲ့ရာတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ စာပေကိုအလွန်ဝါသနာပါပြီး ဦးလှအောင် ပြုစုရေးသားခဲ့သော ငှက်ကမ္ဘာ၊ ကြောင်မျိုးရင်းဝင် တိရစ္ဆာန်ကြီးများ၊ တောင်တက်လက်စွဲကျမ်းတို့သည် စာပေဗိမာန်စာမူဆုများရရှိခဲ့သည်။ ဆရာကြီး ဦးလှအောင်သည် ၂၀၀၃ ခုနှစ်ဧပြီလ ၁၀ ရက်နေ့ အသက် ၉၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။

'မြန်မာနိုင်ငံ တောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိဿယ' စာအုပ်ကို ၁၉၈၄ ခုနှစ်က ပထမအကြိမ် အဖြစ် ထုတ်ဝေခဲ့သည်။ ဆောင်းပါး ၈ ပုဒ်ပါသည်။ ၁၉၉၅ ခုနှစ်တွင် ထိုစာအုပ်ထဲမှ ဆောင်းပါး ၄ ပုဒ်ကို ချန်လှပ်ပြီး 'တောင်တက်လက်စွဲ' အမည်ဖြင့် စာပေဗိမာန်ကထုတ်သည်။ စာပေဗိမာန်ဆုရသည်။ ယခု ဒုတိယအကြိမ် ထုတ်ရာတွင် ပထမအကြိမ်ထုတ်အတိုင်း ဆောင်းပါး ၈ ပုဒ်စလုံးကို ထည့်သွင်းပြီး ပြန်ထုတ်ထားခြင်းဖြစ်သည်။ နောက်ဆက်တွဲအဖြစ် ဦးမျိုးသန့်၏ ရာပြည့်မွေးနေ့တွင် ဖတ်ကြားသော ဂုဏ်ပြုဆောင်းပါးကို ဖြည့်စွက်ထား သည်။

မြန်မာနိုင်ငံ တောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိဿယစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများမှာ -

(၁) ၁၀၂၀၀ ပေမြင့်သော ဝိတိုရိယတောင်ထိပ်သို့ရောက်ခဲ့ကြသော ကျောင်းသား ၁၈၀ ၏ တောင်တက်ခရီးစဉ်၊

(၂) ၁၀၃၈၈ ပေမြင့်သော ဖီမော် (Hpimaw) တောင်ကြားလမ်း ခရီးစဉ်၊

(၃) ၁၃၃၅၀ ပေမြင့်သော အီမောဘွန်းတောင်တက်ခရီးစဉ်၊

(၄) ၁၂၅၅၃ ပေမြင့်သော စာရာမေတိတောင်ကိုတက်၍ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၈ စိုက်ထူသော တောင်တက်ခရီးစဉ်၊

(၅) မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ရေခဲနှင့် ဆီးနှင်းထူထပ်သော ဒေသများတွင် စွန့်စွန့်စားစား သွားခဲ့ကြသည့် တောင်တက်ခရီးစဉ်၊

(၆) ဆစ်ကင်ဟိမဝန္တာ (Sikkim Himalaya) နယ်တွင် ၁၉၁၂၆ ပေမြင့်သော ပါလွန် (Palung) တောင်တက်ခရီးစဉ်၊

(၇) တောင်တက်ပညာ၊

(၈) တောင်တက်ရာ၌ ကြိုးအသုံးပြုနည်း အခန်းများပါဝင်ကြောင်းတွေ့ရသည်။

တောင်များကို အဘယ်ကြောင့်တက်ကြသနည်း။ တောင်တက်ခြင်းဆိုသည့် ဝေါဟာရသည် ကျယ်ဝန်းလှပါ သည်။ စွန့်စားလို၍တောင်တက်ကြသည် ဆိုခြင်းထက် ပိုပြီးလေးနက်သော အသွင်ဆောင်သည်။ တောင်တက် ခြင်းသည် အသက်နှင့်ရင်းပြီး စွန့်စားကြရသည်။ သို့သော် အသက်ကိုရင်းပြီး တောင်တက်ကြသည်။ ပင်ပန်းဆင်းရဲကြီးစွာ လုပ်ဆောင်ရသည့် လုပ်ငန်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းချုပ်ကို ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းကာလမတိုင်မီက မြန်မာနိုင်ငံတွင် ပေ တစ်သောင်း ကျော်မြင့်သည့်တောင်များကို စွန့်စားတက်ရောက်နိုင်ခြင်း မရှိခဲ့ကြပေ။

တောင်ကြီးဖဝါးအောက်ရောက်အောင်အဘယ်ကြောင့် ပြုလုပ်ကြသနည်း။ တောင်တက်ခြင်းကို အားကစား တစ်ရပ်အနေနှင့်သာမက (၁) ပြည်သူလူထု၏ ကိုယ်လက်ကြံ့ခိုင်ရေးကို မြှင့်တင်ပေးရေး၊ (၂) လူငယ်များ၏ စွန့်စားလိုမှုစိတ်ဓာတ်ကို အကောင်အထည်ဖော်ရေး၊ (၃) ကိုယ်ထူးကိုယ်ချွန်၊ ကိုယ်အားကိုယ်ကိုးရေး၊ (၄) စည်းကမ်းရှိရေး၊ (၅) ကိုယ်ကျိုးစွန့်လွှတ်၍ အများအကျိုး အောင်မြင်ရေးအတွက် အပြန်အလှန် ကူညီရိုင်းပင်းရေးနှင့် (၆) ပြည်သူ့စစ်လေ့ကျင့်မှုအတွက် အထောက်အကူပြုရေးတို့ကို ဦးတည်ပြီး တောင်တက်အသင်းချုပ်ကို ဆရာကြီး ဦးလှအောင်က ဦးဆောင်ဖွဲ့စည်းခဲ့ပါသည်။

တက္ကသိုလ်ကျောင်းများတွင်လည်း တောင်တက်အဖွဲ့များဖွဲ့စည်းပေးပြီး ကျောင်းသားများကို ရည်ရွယ်များ အတိုင်း လေ့ကျင့်ပျိုးထောင်ပေးခဲ့သော ဆရာဦးလှအောင်စိုက်ပျိုးထားခဲ့သည့်အပင်သည် ယခုအခါ အသီးအပွင့်များနှင့် ဝေဆာနေပြီဖြစ်သည်။ မြန်မာ့စာအုပ်လောက၏ ရှားပါးသော တောင်တက်ခရီးကြမ်း အတွေ့အကြုံမှတ်တမ်းများအပြင် သမိုင်းနှင့်ချီပြီး သိထားရမည့် အချက်များပါသော စာအုပ်ပြန်လည်ပေါ်ထွက်လာသဖြင့် ဝမ်းမြောက်မိပါသည်။ ■ **စာကြမ်းပိုး**

# အနာဂတ်အတွက် ဘာတွေကို ပြင်ဆင်ထားသင့်သနည်း


Intel

မကြာသော ကာလတွင် လူသားတို့လုပ်နေသည့်လုပ်ငန်းအားလုံးကို စက်ရုပ်များက သိမ်းပိုက်တော့မည်ဖြစ်ကြောင်း သတိပြုစေချင်ပါသည်။ ယနေ့သိပ္ပံရုပ်ရှင်များထဲတွင် ပြသနေသည့် အကြောင်းအရာများသည် အကြောင်းမဲ့ မဟုတ်တော့ကြောင်းကိုလည်း သိထားသင့်သည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လူသားတို့နေရာ၌ စက်များကို အစားထိုးသုံးစွဲလာတော့မည်ဖြစ်သဖြင့် လူသားပေါင်း သန်း ၈၀၀ ခန့် အလုပ်လက်မဲ့ဖြစ်သွားနိုင်ကြောင်း ၂၀၁၇ ခုနှစ်ကတည်းက McKinsey နိုင်ငံတကာစီမံခန့်ခွဲရေးအကြံပေးအဖွဲ့က ခန့်မှန်း ချက်ထုတ်ထားသည်။

နည်းပညာခေတ်ဖြစ်သောကြောင့် လုပ်ငန်းသစ်တွေကို တီထွင်ဖော်ထုတ်နေကြသည်။ ထို့ကြောင့် လက်ရှိလုပ်ငန်းများသည် အနာဂတ်နှင့် ချိတ်ဆက်မိအောင် မလုပ်နိုင်လျှင် အခြေအနေမကောင်း။ အလားတူပင် အနာဂတ်နှင့် ချိတ်ဆက်မိစေမည့် ပညာရပ်များကို ယခုကတည်းက သင်ကြားပြင်ဆင်ပေးခြင်းမရှိလျှင် အလုပ်လက်မဲ့ဘဝနှင့် ထိုင်နေရမည့်သူများထဲတွင် ကိုယ်တိုင်ပါသွားနိုင်သည်ကို သတိပြုစေချင်ပါသည်။

ပညာရေးက အဆက်မပြတ်ပြောင်းလဲနေသည်။ နည်းပညာခေတ်တွင် ပညာရေးကိုပါ လိုက်ပါပြောင်းလဲနိုင်ခြင်းမရှိလျှင် ပညာရေးနေဝင်ချိန်ကို ရောက်သွားနိုင်သည်။ လာမည့် ၂၀၅၀ ပြည့်နှစ်လောက်ကို မှန်းဆပြီး ပညာရေးကို ပြုပြင်ပြောင်းလဲခြင်း မလုပ်ထားနိုင်လျှင် ပညာရေးအောက်ကျနောက်ကျဖြစ်ရုံမက လူငယ်တို့အတွက် အနာဂတ်မဲ့သွားနိုင်သည်။

ကလေးများကို အနိမ့်ဆုံး တီထွင်ဖန်တီးနိုင်စွမ်း၊ တွေးခေါ်ဆန်းစစ်နိုင်စွမ်း၊ ထုတ်ဖော်နိုင်စွမ်းရှိသူများ ဖြစ်စေရန် ပြင်ဆင်ပေးထားရမည်။ မရေရာသည့် အနာဂတ်အတွက် အရေရာဆုံးမှာ ကလေးများကို ထိုအသိပညာ၊ အတတ်ပညာများအား သင်ကြားပေးထားခြင်းဖြစ်သည်။

ပညာရေးတွင် စာတွေ့ထက် လက်တွေ့ကိုဦးစားပေးသင်ကြားသည့်ခေတ်ကို ရောက်လာသည်။ စာထဲတွင် ပါသည့်၊ ထည့်သွင်းထားသည့် စာများ အရုပ်များအစား၊ အင်တာနက်နှင့် ချိတ်ဆက်သင်လာကြသည်။ VR ဟုခေါ်သည့် ပကတိအစစ်အမှန်များကို ရယူ ခံစားစေခြင်း၊ စာတွေ့ထက် လက်တွေ့ကို လုပ်ဆောင်စေခြင်းတို့ဖြင့် သင်ကြားမှုပုံစံများကို ပြောင်းလဲနေကြသည့် ခေတ်ရောက်လာပြီဖြစ်ကြောင်းကိုလည်း သတိပြုကြစေချင်ပါသည်။ နည်းပညာခေတ် သင်ကြားမှု သင်ယူမှုအတွက် အကောင်းဆုံး အထောက်အကူပေးနိုင်သည့် စနစ်ကြီးတစ်ခုအဖြစ် စာသင်ခန်းများတွင် ရယူသုံးစွဲနေကြပြီဖြစ်သည်။

အနာဂတ်အတွက် အသင့်ဖြစ်စေမည့် ပညာရေးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ကြားပေးခြင်းဖြစ်သည်။ သို့သော် အမှန်တကယ်ပြင်ဆင်ပေးထားရမည့် ပညာရေးမှာ တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းတတ်ခြင်း၊ အိုင်တီဆိုင်ရာ အတတ်ပညာ အသိပညာများကို တတ်ကျွမ်းထားခြင်းတို့ဖြစ်သည်။ ယင်းကိုပင် ၂၁ ရာစုပညာရေးအဖြစ် သတ်မှတ်ထားသည်။

ကျောင်းများတွင် ကျောင်းသားများကို အလွတ်ကျက်အမှတ်ပေး အဆုံးအဖြတ်ပေးသည့် စနစ်များသည် ခေတ်မမီတော့ကြောင်း သိစေချင်ပါသည်။ အဓိကသင်ကြားလေ့ကျင့်ပေးထားသင့်သည်မှာ မည်သည့် အခက်အခဲ ပြဿနာကိုမဆို ရင်ဆိုင်ဖြေရှင်းနည်းဖြစ်သည်။ Problem solving သည် နိုင်ငံတကာကလည်း အလေး ထားလာကြသည့် ပညာရပ်ဖြစ်လာသည်။ ပြဿနာတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းသည်ပင် Skill တစ်ခုဖြစ်သည်။ မိမိကိုင်တွယ်နေသည့် နယ်ပယ်တစ်ရပ်ကို ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ ဖြေရှင်းနိုင်ခြင်းတို့သည် လိုအပ်သည့် ပညာရပ်များဖြစ်လာသည်။

Problem solving သဘောတရားကို နေ့ကလေးထိန်း သို့မဟုတ် မူကြိုတန်းလောက်ကတည်းက အခြေခိုင်စေရန် လုပ်ဆောင်ပေးသင့်ပါသည်။ မူကြိုတန်းတွင် စာသင်ရမည်ဆိုသည့် အတွေးမှား၊ အယူမှားများအစား ထိုအချိန်ကတည်းက တွေးတတ်စေရန်၊ ဖြေရှင်းတတ်စေရန်၊ ရင်ဆိုင်ရဲရန် လေ့ကျင့်ပေးခြင်းမှာ အနာဂတ်အတွက် အကောင်းဆုံး ပြင်ဆင်ပေးခြင်းလည်းဖြစ်သည်။ အခြေခိုင်မှ မယိုင်မလဲ မတ်မတ်တက်သွားနိုင်ကြောင်းလည်း ဆရာများက သတိပြုသင့်သည်။

ပညာရေးတွင် အဓိကနှင့် သာမညကို ခွဲခြားရတော့မည့်အချိန်ဖြစ်သည်။ ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံ၏ ပညာရေးများကို လေ့လာသင့်ပါသည်။ ယနေ့တိုင် နာရီပြင်ဆင်နည်း ထုတ်လုပ်နည်းများကို သင်ပေးနေသေးသည်။ နာရီကို သိပ်မပတ်ကြတော့သည့်ခေတ်တွင် ကျောင်းများ၌ အဘယ်ကြောင့် နာရီပြုပြင်နည်း အတတ်များကို သင်ကြားနေရသနည်းဟု မေးစရာရှိသည်။ အသေးစိတ် အစိတ်အပိုင်းလေးများကို ကိုင်တွယ်ဖြေရှင်း နိုင်ခြင်းကစပြီး တီထွင်ထုတ်လုပ်နိုင်စွမ်းကို ဦးတည်ထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ဆိုလျှင် ထိုနိုင်ငံ များကထုတ်လုပ်သည့် ဆေးပညာဆိုင်ရာပစ္စည်းများကို တစ်ကမ္ဘာလုံးက ဝယ်ယူသုံးစွဲနေကြရပြီဖြစ်သည်။

ကလေးတစ်ယောက်အတွက် ကျောင်းလာတက်သည့် ပထမနှစ်သည်အရေးကြီးသည်။ ထိုပထမနှစ်များတွင် စာမရသဖြင့် အပြစ်ပေးခြင်း၊ စာမကျက်နိုင်သဖြင့် ဒဏ်ပေးခံရခြင်းများက ပညာရေးကို အကြီးအကျယ် စိတ်ပျက်သွားစေနိုင်သည်။ လက်တွေ့ရလဒ်မရှိသည့် မှတ်ဉာဏ်ဖြင့် အဆုံးအဖြတ်ပေးသည့် ပညာရေးကို စာမကျက်ချင်၊ မဖတ်ချင်၊ ကစားချင်သည့် ကလေးတွေက မနှစ်သက်ကြပေ။ ကလေးတစ်ယောက်ရှေ့တွင် နာရီတစ်လုံးနှင့် စာအုပ်တစ်အုပ်ကို ချထားပေးလျှင် ဘာကို ဦးစွာ စတင်လေ့လာစူးစမ်းချင်မည်နည်းဆိုခြင်းကို နားလည်ထားရန် လိုပါသည်။ ကလေး၏ သဘောသဘာဝကိုနားမလည်ဘဲ ကလေးတစ်ယောက်၏ အနာဂတ်ကို ကိုင်တွယ်ပြုပြင်နိုင်မည် မဟုတ်ပါ။

နိုင်ငံတကာပညာရေးလမ်းကြောင်းသည် ပညာရှင်ဖြစ်ရေးထက်၊ လုပ်ဆောင်နိုင်စွမ်းရှိသည့် တတ်ကျွမ်းသော ပညာရှင်များ မွေးထုတ်ရေးလမ်းကြောင်းကို ဦးတည်နေကြောင်း သတိပြုသင့်သည်။

■E01

**(Ref: Education system prepared for future of work, The University of Sidney))**

# အထူးလိုအပ်သူများအတွက် အထူးမူကြို


Lianhe Zaobao

စင်ကာပူ နိုင်ငံ ဘူတစ်တီမာ၌ မူကြိုကျောင်းသစ်တစ်ခုကို ဖွင့်လှစ်တော့မည်ဖြစ်သည်။ အသက် ၆ နှစ်မှ ၃ နှစ် အတွင်း ကလေးများကို လက်ခံမည် ဖြစ်ပြီး ပုံမှန်ကလေးများနှင့် မတူသည့် သင်ကြားရန် အခက်အခဲရှိသော ကလေးများအတွက် အထူးဖွင့်လှစ်ပေးမည့်ကျောင်းဖြစ်သည်ဟုလည်းဆိုသည်။

ထိုကျောင်းအမည်က Bright Path Preschool ဖြစ်သည်။ ပထမအသုတ်အဖြစ် ကျောင်းသား ၇၀ ကို လက်ခံမည်ဖြစ်သည်။ ရန်လိုတတ်သည့်ကလေးများ၊ အော်တီဆန်ဟုခေါ်သည့် ဝေဒနာရှိနေသည့် ကလေးများနှင့် အခြားချွတ်ယွင်းမှုတစ်ခုခုရှိနေသည့် ကလေးများအတွက် အထူးမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ရန် ပြင်ဆင်နေကြသည်။ စင်ကာပူနိုင်ငံတွင် ရှားပါးသည့် ကျောင်းတစ်ကျောင်းအဖြစ် ထပ်မံဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်ကလည်း Kindle Garden ဆိုသည့် အလားတူကျောင်းမျိုးကို ပထမဆုံးဖွင့်လှစ်ခဲ့ဖူးသည်။

Bright Path ကျောင်းတွင် လက်ရှိကျောင်းသားလေးဦးသာရှိသေးသည်။ ဩဂုတ်လတွင် ငါးဦးထပ်တိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိုမူကြိုကျောင်းတွင် သင်ကြားရေးသာမက ကုသရေးအတွက်ပါ စီစဉ်ထားသည်။ သင်ရိုးညွှန်းတမ်းတွေကိုလည်း ပုံမှန်မဟုတ်သည့်ကလေးများအတွက် အထူးရေးဆွဲပြင်ဆင်ထားသည်။ လက်ရှိကျောင်းဆရာသုံးဦးသာရှိသေးသည်။ နှစ်ဦးက ကောင်းစွာလေ့ကျင့်သင်ကြားထားသူများဖြစ်သည်။ ရှေးဦး သင်ကြားနည်းစနစ်များ ပြုစုခြင်းများအကြောင်းကို သူတို့ကောင်းစွာသိထားသည်။ ထို့ပြင် စိတ်ပညာရှင် ဆရာဝန်တစ်ဦး၊ နှုတ်ဖြင့်ကုသဖြေသိမ့်ပေးနိုင်သူ၊ နိုပ်နယ်ပြုစုကုသပေးနိုင်သူ ဆရာဝန်များကိုလည်း ဩဂုတ်လတွင် ထပ်မံဖြည့်ဆည်းသွားမည်ဖြစ်သည်။

အထူးမူကြိုကျောင်းဖြစ်သောကြောင့် ကျောင်းလာအပ်သည့် ကလေးတိုင်းအတွက် တစ်ဦးချင်းအလိုက် ဝန်ဆောင်မှုပေးရမည့် အစီအစဉ်များကို သတ်မှတ်ထားသည်။ ပညာရေးအတွက်ဆရာ၊ ကျန်းမာရေးအတွက် ဆရာနှင့် မိဘ သုံးဦးသုံးဖလှယ်ပူးပေါင်းပြီး ကလေးကို အကောင်းဆုံးလေ့ကျင့်ပေးသွားရန် ပြင်ဆင်ထား သည်။

ဥပမာအားဖြင့် ကလေးများကို သင်ကြားမည့် သင်ခန်းစာထဲတွင် မြင်းစီးကုသခြင်း အစီအစဉ်လည်းပါဝင်သည်။ မသန်စွမ်းသူကလေးများအတွက် ထိုကုသနည်းသည် အလွန်ထိရောက်သည့် စနစ်တစ်ခုဖြစ်သည်။ ထို့ပြင် ကလေးများအတွက် အခြားကစားနည်းများဖြင့် သင်ကြားသွားမည့် အစီအစဉ်များကိုလည်း စီစဉ်ထားသေးသည်။ ကလေးတိုင်းအတွက် ကျောင်းလာလျှင် စားပွဲ၌ထိုင်နေရမည်ဆိုခြင်းထက် ပြေးလွှားလှုပ်ရှား ကစား နေခြင်းများပြုလုပ်နိုင်ရန် ဦးစားပေးထားသည်။ မှန်ချပ်များပေါ်တွင် ပုံများဆွဲခြင်း၊ ရေထဲတွင်ကစားရင်း သင်္ချာသဘောတရားများ သင်ကြားခြင်း၊ ရေသံကို နားထောင်ပြီး ကိန်းဂဏန်းများကို မှတ်သားနည်းများအား လေ့ကျင့်ပေးမည်ဖြစ်သည်။

ကလေးတစ်ယောက်အတွက် ကျောင်းလခမှာ တစ်လ စင်ကာပူဒေါ်လာ ၂,၈၅၀ ဖြစ်သည်။ အပိုဝန်ဆောင်မှုများမပါ ကျောင်းလခချည်း သက်သက်ပေးသွင်းရန်ဖြစ်သည်။ ကလေးများအတွက် စောင့်ရှောက်ခြင်း၊ ကုသခြင်း၊ သင်ကြားခြင်းများကို ပုံမှန်အဖြစ် လုပ်ဆောင်ပေးမည်။ ယခင်ကဖွင့်လှစ်ထားသည့် Kindle Garden မူကြိုကျောင်း၏ လခမှာ တစ်လ စင်ကာပူဒေါ်လာ ၁,၈၀၀ ဖြစ်သည်။

Bright Path သည် ကျောင်းသို့ရောက်လာသည့် ကလေးများကို ရောဂါဝေဒနာရှင်တစ်ဦးအနေနှင့် သီးခြားသတ်မှတ်ပြီး ကုစားသင်ကြားပေးရန် မရည်ရွယ်ထားပေ။ ပုံမှန်ကလေးတစ်ဦးလိုပင် လက်ခံသင်ကြားပေးမည်ဖြစ်သည်။ သူတို့ကို အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် သင်ကြားရခက်ခဲသည့်အတွက် နည်းလမ်းတစ်ခုဖြင့် အထူးသင်ကြားပေးနိုင်ရန် ကြိုးစားပေးမည့် နေရာတစ်နေရာအဖြစ် မှတ်ယူစေမည့် နေရာတစ်နေရာ ဖြစ်သည်ဟူ၍လည်း ကျောင်းအုပ်ကြီး မစ္စဂျူလီယာတီအိုက ဆိုသည်။

"ကျွန်မတို့က သူတို့မှာ မပြည့်စုံတာကို မပြောဘူး။ သူတို့ကို ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာအောင်၊ ကိုယ့် ကိုယ်ကိုယ်အထင်ကြီးလာအောင်လုပ်ပေးမယ်။ အဲဒါတွေ ရှိလာမှ သူတို့လေ့လာသင်ယူတာ ပိုပြီးတော့ မြန်လာမယ်။ သူတို့မှာ ရှိထားတဲ့ အစွမ်းအစတွေကို ဖော်ထုတ်နိုင်အောင် ကြိုးစားပေးမယ်"ဟု သူက ဆိုသည်။

မသန်စွမ်းသည့်ကလေးများအနေနှင့် ပတ်ဝန်းကျင်လိုသည်။ သူတို့အပေါ်ကို နားလည်စွာဖြင့် ထိန်းသိမ်းလမ်းညွှန်နိုင်မည့်သူများလိုသည်။ လူမှုပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုပိုင်း မြှင့်တင်ရေးတို့ အထူးလိုအပ်သည်။ အထူးမူကြိုကျောင်းများအနေနှင့် ကလေးတစ်ဦးချင်း၏ သဘောထားနှင့် အပြုအမူအလေ့အထများကို စိတ်မဝင်စား၊ နားမလည်ဘဲ ထူထောင်ရန် မဖြစ်နိုင်ပေ။

အသက် ၄၀ အရွယ် မစ္စ ဖူဝမ်ယန်က သူ့သားရပ်ဆဲလ်သည် Bright Path ကျောင်းကို ဇွန်လကမှ လာတက်သည်ဟုဆိုသည်။ ယခုနှစ်လအတွင်း သူ့သားအခြေအနေတိုးတက်လာမှုများကို အားရနေသည်။ ပေါင်းသင်း ဆက်ဆံရေးနှင့် ဘာသာစကားပြောဆိုမှုတိုးတက်လာသည် ဟုဆိုသည်။

သူတို့က ကျောင်းတွင် အုပ်စုအဖွဲ့လေးများ ဖွဲ့ပေးထားသည်။ စိတ်ဖိစီးမှုဖြစ်စေမည့် မည်သည့်သင်ကြားမှုကိုမှမလုပ်။ ကလေးတစ်ဦးချင်း၏ လိုအပ်ချက်ကိုသာ လိုက်လံဖြည့်ဆည်းပေးရင် ကျောင်းကို ချစ်လာစေရန်၊ လေ့လာသင်ယူမှုကို မြတ်နိုးလာစေရန် လုပ်ပေးသည်ဟု ကျောင်းအုပ်ကြီးကဆိုသည်။ အထူးကလေးများ အတွက် အထူးမူကြိုဖွင့်လိုသူများ လေ့လာနမူနာယူသင့်လှသည်။

■E01

**(Ref: Pre-school takes in special needs kids)**

# စိတ်ဖိစီးမှုများကို ရင်ဆိုင်နေရသော ဟောင်ကောင်မှကလေးများ

**ဟောင်ကောင်** ရှိကလေးများသည် စိတ်ဖိစီးမှုများကို ရင်ဆိုင်နေကြရရာသည်။ သူတို့သည် ကျောင်း ချိန်ကို ကြာရှည်စွာ နေကြရသည့်အပြင်၊ မကြာခဏ စစ်ဆေးသည့် စာမေးပွဲများ၊ အိမ်စာပိနေမှုများအပြင် မိဘများ၏ နောက်ပိုင်းက ဖိအား၊ တွန်းအားများကိုပါ ရင်ဆိုင်နေကြရရာသည်။

အသက် ၁၂ နှစ်အရွယ်ကလေးတစ်ယောက်က ကျောင်းတက်ရန် ငြင်းဆန်လျက်ရှိသည်။ ကျောင်းက သူ့အတွက် လုံခြုံမှုမရှိသလိုခံစားနေရသည်ဟုဆိုသည်။ ကျောင်းကပေးသည့်စာတွေကိုမလိုက်နိုင်သော အကျိုး ဆက်များက ကလေးတစ်ယောက်ကို ကျောင်းသွားရန်မည်သို့မှ ခိုင်းမရဖြစ်စေကြောင်း သူ့ဖခင်ကပြောသည်။ ကလေးက မျက်ရည်တွေ စီးကျနေသည်။ နူးညံ့သည့်ကလေးတစ်ယောက်ကို ကျောင်းမသွားချင်သည့်အတွက် မိဘတွေကဆူဆဲသည်။ ကျောင်းကဘာတွေဖြစ်နေသည်ဆိုခြင်းကို သူတို့စိတ်မဝင်စား။ ကျောင်းက အရာရာ မှန်နေသည်ဟု ယူဆသော မိဘများကြောင့် ကလေးများစိတ်ဆင်းရဲနေကြရရာသည်။

ကလေးများအတွက် စိတ်အဖိစီးဆုံးမှာ စာမေးပွဲရလဒ်များဖြစ်သည်။ NGO အဖွဲ့အစည်း တစ်ခု ဖြစ်သည့် Hok Yau Club အဖွဲ့၏ လေ့လာဆန်းစစ်ချက်တွင် ကျောင်းတက်နေသည့်ကလေး ၄၀ ရာခိုင်နှုန်းခန့်မှာ စာမေးပွဲ ရလဒ်မကောင်းမည်ကို မိဘများဆူမည်စိုးရိမ်သောကြောင့် စိတ်ဖိစီးမှုများဖြစ်နေကြရသည်ဟုဆိုသည်။ အထက်တန်းကျောင်းသားများ အနေနှင့် စိတ်ဖိစီးမှုဒဏ်များကို အများဆုံးခံနေကြရရာသည်။

ကျောင်းဆိုသည်မှာ အရာရာကို ပြီးပြည့်စုံစေနိုင်သောနေရာတစ်ခုမဟုတ်ကြောင်း နားမလည်သည့်မိဘများ ကြောင့် ကျောင်းသားတွေ စိတ်ဒုက္ခဖြစ်နေကြရခြင်းပင်။ ကလေးတွေကိုသူများထက် တော်စေချင်၊ တတ်စေချင်၊ အစွမ်းပြစေချင်သည်မှာ မိဘတိုင်း၏ ဆန္ဒဖြစ်သည်။ ဂီတ၊ အားကစား၊ စာ အားလုံးကို သူများနှင့် ယှဉ်လိုက် လျှင်လည်း ထိပ်တန်းတွင် ရှိစေချင်ကြသည်။ ထူးချွန်သည်၊ တော်သည်ဟု အပြောခံချင်၊ သတ်မှတ်မှုခံချင်သည့် ဝေဒနာများကို သားသမီးတွေထက် မိဘတွေက ပိုပြီးခံစားနေကြရခြင်းဖြစ်သည်။

မိဘများသည် သူတို့ငယ်စဉ်က မဖြစ်ခဲ့၊ မလုပ်နိုင်ခဲ့၊ မတော်ခဲ့သည်များကို လက်စားချေသယောင်ဖြင့် မိမိတို့သားသမီးများကို လုပ်ခိုင်းနေခြင်းမှာ တရားမျှတမှုရှိသလားဟုပင် စဉ်းစားဉာဏ်မဝင်ချင်လောက် အောင် ဖြစ်နေ ကြသည်။ သူတို့ငယ်စဉ်က တော်ခဲ့သလား၊ ထူးချွန်ခဲ့သလား၊ ထိုသို့ မတော်ခဲ့ မထူးချွန်ခဲ့သဖြင့်လည်း လက်တွေ့ဘဝတွင် ဘာတွေဖြစ်နေသနည်း။ မိမိတို့အောင်မြင်ချမ်းသာခြင်းမှာ တော်ခဲ့သောကြောင့်လား၊ မတော်ခဲ့သောကြောင့် လားဟူ၍ပင် စဉ်းစားမတွေးတတ်လောက်အောင် ဖြစ်နေကြသည်။ ကလေးဆိုသည်မှာ ကလေးလိုတွေးချင်၊ ကလေးလိုနေချင်သည်ဆိုသော အသိများကို သူတို့ မသိချင်ယောင်ဆောင်နေကြသည်။ ထို့ကြောင့် ကျောင်းသွား၊ စာလုပ်ဆိုသည့် အလုပ်ကလွဲပြီး ဘာမှ မလုပ်နိုင်အောင် ချုပ်နှောင်ထားသဖြင့် သူတို့ဘဝလေးတွေက ခဏလေးတောင် မနားရအောင် ဖြစ်နေကြရရာသည်။

ဟောင်ကောင်မှ ဆောက်လုပ်ရေး အလုပ်သမားတစ်ဦးသည် သူ၏ ၈ နှစ်အရွယ် သားဖြစ်သူကို ကျောင်းတွင် အပြစ်ပေးခံခဲ့ရသည်ဆိုကာ လူရှုပ်သည့်လမ်းမပေါ်တွင် ထွက်ပြီး ဒူးထောက်ခိုင်းထားသည်။ ကလေးတွေ ကျောင်းတွင် အမှတ်မကောင်းလာပါက ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လာသလို တစ်ကမ္ဘာလုံးရှိမိဘများ အပြစ်တင် ဒဏ်ပေးနေကြသည်မှာ အစဉ်အလာကြီးတစ်ခုလိုဖြစ်နေသည်။ ကိုယ်ကာယကို ဒဏ်ရာရအောင် လုပ်ခြင်းထက် စိတ်ဒဏ်ရာရအောင် လုပ်နေခြင်းများက ပိုဆိုးသည်။ ဆဲဆိုခြင်း ရိုက်နှက်ခြင်းများ ကြိမ်ဖန်များစွာ ခံနေကြရသည့်ကလေးတစ်ယောက်၏စိတ်ခံစားမှုသည် ဘာဖြစ်သွားနိုင်သည်ဆိုခြင်းကို မစဉ်းစားတော့။ ကလေးတွေ ဖြစ်ချင်ရာဖြစ်ဆိုကာ တစ်ခုခုလုပ်သွားမှ ဝမ်းနည်းပူဆွေးယောင် ပြနေကြသည်မှာလည်း ရယ်စရာကောင်းလှသည်။

ပိုဆိုးသည်မှာ စာမေးပွဲရလဒ်မကောင်း၊ အမှတ်မကောင်း၊ စွမ်းဆောင်ရည်ညံ့သည့် ကလေးတစ်ယောက်ကို ကျောင်းကောင်းကောင်း၊ ကျူရှင် ကောင်းကောင်း ပို့ပြီး အတော်၊ အကောင်းတွေနှင့် သွားပြိုင်ခိုင်းနေခြင်းဖြစ်သည်။ ထိုသို့လုပ်ခြင်းကို မိဘတွေက သားသမီးအတွက် အကောင်းဆုံး လုပ်ပေးခြင်းဟုဆိုကာ ဂုဏ်ယူကောင်း ဂုဏ်ယူနေကြမည်။ သို့သော်ကလေးတစ်ယောက်ကို စိတ်အဆင်းရဲဆုံးဖြစ်စေရန်နှင့် လောကကြီးမှ စွန့်ခွာ ထွက်သွားချင်လောက်အောင် အပြစ်ပေးထားခြင်းဟု ရှုမြင်ချင်မှ ရှုမြင်ကြပေလိမ့်မည်။ ပညာသား ပါပါ ရက်စက်စွာဒဏ်ပေးထားခြင်းဖြစ်သည်။

မိဘများ၏ စိတ်ခံစားချက်တွေက ကလေး အပေါ် ပိုပြီးသက်ရောက်မှုတွေများနေသည်။ မိဘတွေက ကောင်းစေချင်သည့်စေတနာကို အကြောင်းပြုပြီး စည်းကမ်းကို အတင်းကျပ်ဆုံးဖြစ်အောင် ထိန်းချုပ်ခြင်းမှာ သူတို့ဘဝကောင်းစားစေရေးဟု ထင်ကြသည်။ သို့သော် လှောင်ချိုင့်ထဲထည့်ထားပြီး ကောင်းကောင်း ကျွေးထားသည့်ဘဝမျိုးတွင် သူတို့ နေကြရသည့်ဘဝကို ကိုယ်ချင်းစာမိမည်မထင်ပေ။ ထို့ကြောင့် ဖိလွှန်းသဖြင့် ပြန်ကြွပြီး တိုက်ခိုက်ရန်ပြုလာသော် ကလေးတွေ ဆိုးသည်ဖြစ်ကြရပြန်သည်။

"ကလေးတွေကို ထုတ်မချစ်နဲ့"၊ "သူတို့ကောင်းစားအောင်လုပ်တာ တရားတယ်" ဆိုသည့်တစ်ဖက်သတ် အတွေးများသည် ခေတ်မမီတော့ပါ။ ခေတ်ကို မျက်ခြည်ပြတ်ပြီး ကိုယ်ဖြစ်စေချင်သည်ကို အတင်းအဓမ္မ လိုက်လုပ်ခိုင်းနေခြင်းမှာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာဖြစ်စေနိုင်ပါသည်။ ကလေးတွေကို အပြင်က အနိုင်ကျင့် အကြမ်းဖက်မှုသာ ပြစ်မှုတစ်ခုအဖြစ် ယူဆနေကြသည်။ အိမ်တွင်း အကြမ်းဖက်မှုများကို မည်သူကမှ ပြစ်မှုကျူးလွန်နေသည်ဟု မသတ်မှတ်ကြသည်ကများသည်။

**ကလေးများကို သနားသင့်ပါပြီ။**

■E01

(Ref : South China Morning Post)


SCMP

# ပညာရေးကို ဘာကြောင့် အရေးကြီးသလဲ




### ပျော်ရွှင်တဲ့ဘဝ၊ တည်ငြိမ်တဲ့ဘဝရှိဖို့အတွက်

ကမ္ဘာလောကကြီးက ပေးအပ်ထားသည့် သဘာဝတရားများကို ပျော်ရွှင်စွာ အပြည့်အဝ ခံစားနိုင်ရန်မှာ ပညာကိုလိုအပ်သည်။ အောင်မြင်သူ အများစုသည် ပညာတတ်များဖြစ်သည်။ ပညာဆိုသည်မှာ အတန်းပညာကို မဆိုလိုပါ။ ကောင်းကျိုးဆိုးပြစ် ဝေဖန်ချင့်ချိန် ဆုံးဖြတ်နိုင်စွမ်းကိုလည်း ပညာဟု သိထားစေချင်ပါသည်။ ပညာရှိသူသည် အဆုံးအဖြတ် မှန်၊ အတွေးမှန်၊ အလုပ်မှန်တတ်သည်။ ထို့ကြောင့် တည်ငြိမ်သည့်ဘဝတစ်ခုကို လိုချင်လျှင် ပညာသင်ရမည်။

### ငွေရှာဖို့အတွက်

ပညာတတ်ထားသူသည် မတတ်သူနှင့်ယှဉ်လျှင် လစာ၊ လုပ်ခငွေပိုများစွာ ရနိုင်သည်ဆိုခြင်းကို မငြင်းနိုင်ပါ။ လူတိုင်း ကောင်းမွန်သာယာ ပျော်ရွှင်သည့် ဘဝတစ်ခုကို ပိုင်ဆိုင်လိုကြသူချည်းဖြစ်သည်။ ငွေကို မည်သို့အပြစ်တင်ဝေဖန်သည်ဖြစ်စေ၊ ငွေမရှိလည်း ဘာမှမဖြစ်နိုင်ပါ။ ငွေက လူ့ဘဝကို အသက်ဆက်ရန်များစွာ အထောက်အကူပြုနိုင်သည်။ အသိပညာ၊ အတတ်ပညာက ငွေရရန် အထောက်အပံ့ ဖြစ်စေသည်။ ပညာ များများတတ်ထားလျှင် ငွေပိုရှာနိုင်မည်။

### တန်းတူညီမျှ ဘဝအတွက်

လူတန်းစေ့ တန်းတူညီမျှ အခွင့်အရေးရရန် ပညာတတ်ထားဖို့လိုသည်။ ငွေမရှိသော်လည်း ပညာရှိလျှင် လူလေးစားသည်။ ပညာတတ်ထားလျှင် ဂုဏ်အဆင့်အတန်းဆိုသည်တို့ကိုလည်း ချေဖျက်သွားတတ်သည်။ လူ့ဘောင်က ပညာတတ်၊ ပညာရှိများကို ငွေချမ်းသာ ဂုဏ်ရှိသူများထက် လေးစားသည်။ အလုပ်အကိုင် အခွင့်အလမ်းကို ခေါ်ရာတွင် ငွေရှိတိုင်းမခေါ်။ ပညာဖြင့်သာ ပိုင်းဖြတ်ခေါ်ကြကြောင်း သတိပြုစေလိုသည်။

### ကိုယ့်အားကိုယ်ကိုးနိုင်ရေးအတွက်

ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ရန်နှင့် ကိုယ့်အားကိုယ်ကိုးလိုသူများသည် ပညာတတ်ထားရန်လိုသည်။ ငွေသည် အရေးကြီးသည်ဆိုသော်လည်း ငွေရှိပြီး ပညာမရှိလျှင် ကုဋေရှစ်ဆယ် သူဌေးသားလို ဖြစ်သွားနိုင်သည်။ ပညာတတ်ထားသူသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အမှားအမှန်ကို ခွဲခြားလုပ်ကိုင်နိုင်စွမ်းရှိသောကြောင့် အဆုံးအရှုံးမဖြစ်နိုင်ပါ။

### စိတ်ကူးအိပ်မက်ကို လက်တွေ့အကောင်အထည် ဖော်နိုင်ရန်အတွက်

လူတိုင်းစိတ်ကူးယဉ်တတ်ကြသည်။ ဖြစ်ချင်သည့် အိပ်မက်များရှိတတ်သည်။ ချမ်းသာချင်သည်။ အောင်မြင်ကျော်ကြားချင်သည်။ ထိုစိတ်ကူး အိပ်မက်များကို အကောင်းဆုံး၊ အမြန်ဆုံး၊ အသေချာဆုံး အကောင်အထည်ဖော်ပေးနိုင်သည်မှာ ပညာသာဖြစ်သည်။ ဘွဲ့တစ်ခုခု ပိုင်ဆိုင်ထားခြင်းက စိတ်ကူးအိပ်မက်တွေအတွက် တွန်းအားတစ်ခုခု ဖြစ်သွားစေနိုင်သည်။

### ကမ္ဘာလောကကြီးကို လုံခြုံငြိမ်းချမ်းစေရန်အတွက်

ပညာတတ်သူသည် အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိသည်။ ပညာတတ်လျှင် ဆင်ခြင်နိုင်စွမ်း ရှိသွားသည်။ ထို့ကြောင့် ဘာလုပ်လုပ် ဥပဒေဘောင်ထဲကလုပ်ရန် စဉ်းစားတော့မည်။ ပညာလည်းမတတ်၊ ဆင်းလည်း ဆင်းရဲလျှင် ဥပဒေကိုမသိသဖြင့် မဆင်ခြင် ထင်တိုင်းလုပ်လျှင် အမှားဖြစ်နိုင်သည်။ ပညာတတ်ထားလျှင် တစ်ဦးချင်းထိန်းသိမ်းနိုင်စွမ်းရှိသလို မိသားစုကိုလည်း ထိန်းသိမ်းနိုင်စွမ်းရှိသည်။ မိသားစုမှသည် ရပ်ရွာ၊ မြို့ နိုင်ငံအထိ အဆင့်ဆင့် ထိန်းသိမ်းနိုင်ရန်ဆိုသည်မှာ ပညာကိုယ်စီရှိရန်လိုသည်။ အားလုံး ထိန်းသိမ်းလျှင် ကမ္ဘာကြီးငြိမ်းချမ်းသွားမည်။

### ယုံကြည်မှုရှိရန်အတွက်

ကိုယ့် တတ်ထားသည့် ပညာ၊ ရထားသည့် ဘွဲ့လေးတစ်ခုခုက ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှု အပြည့်ရှိစေ သည်။ ပညာရှိထားသူသည် သူများထက် နားထောင်တတ်သည်။ သူများက တစ်ထွာပြလျှင် တစ်လံမြင်တတ်သည်။ ပညာတတ်သူနှင့် မတတ်သူ ယှဉ်လိုက်လျှင် ပညာရဲရင့်သူသာ ပွဲလယ်တွင် တင့်တယ်နိုင်သည်။ ကိုယ့် အမြင်၊ သူ့အမြင်ကို ချက်ကျလက်ကျ ပိုင်းဖြတ်ဝေဖန်နိုင်သည်။ ပြောနိုင်ဆိုနိုင်စွမ်းရှိသည်။ သိတိုင်း ထုတ်မပြနိုင်ပါ။ ပညာရှိမှ မည်သို့ထုတ်ဖော် ပြသနိုင်ကြောင်း ကောင်းကောင်းသိသည်။

### လူ့အဖွဲ့အစည်းအတွက်

လူဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းအတွင်း နေထိုင်ရသူဖြစ်သည်။ ပြောအပ်၊ မပြောအပ်၊ လုပ်အပ်၊ မလုပ်အပ် စည်းကမ်းများရှိသည်။ လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ နေထိုင်သူအားလုံးကို အချိန်တန် အရွယ်ရောက်လာလျှင် ကျောင်းသွားရမည်။ စာသင်ရမည်၊ တက္ကသိုလ်အဆင့် တက်နိုင်ရမည်။ ဘွဲ့ရ၊ ပညာတတ်ကြီး တစ်ယောက်ဖြစ်အောင် လုပ်ရမည်ဟု လက်ခံထားကြသည်။ လူ့ဘောင်တွင် အကျိုးရှိသောကြောင့်သာ ပညာသင်ကြားခြင်းကို လက်ခံနေကြခြင်းဖြစ်သည်။ ပညာတတ်အောင်သင်ရမည်။ ပညာတတ်တွေကိုနေရာ ပေးရမည်။ ပညာတတ်တွေကသာ လူ့ဘောင်အဖွဲ့အစည်းကြီးကို တိုးတက်ပြောင်းလဲအောင် လုပ်နိုင်သည်ဟု ခံယူထားသည်မှာ အကြောင်းမဲ့မဟုတ်ပါ။ ထို့ကြောင့် ကိုယ့်လူ့ဘောင်အဖွဲ့အစည်းအတွက် ပညာသင်ရမည်။

### တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက်

တိုးတက်သည့်နိုင်ငံကြီးများတွင် စာတတ်နှုန်းမြင့်မားကြသည်။ ထိုနိုင်ငံကြီးများ၏ လူတစ်ဦးချင်း ဝင်ငွေများကလည်း မြင့်မားသည်ကို တွေ့ကြရမည်။ မဖွံ့ဖြိုး မတိုးတက်သည့်နိုင်ငံတွင် စာ မတတ်နှုန်းမြင့်မားသလို၊ တစ်ဦးချင်းဝင်ငွေများကလည်း နိမ့်ကျသည်။ သခင်လုပ်သည့်နိုင်ငံနှင့် ကျွန်လုပ်မည့်နိုင်ငံတို့သည် စာတတ်နှုန်း၊ ချမ်းသာနှုန်း၊ ဖွံ့ဖြိုးတိုးတက်နှုန်းတို့အပေါ် မူတည်ပြီး ကွဲပြားသွားနိုင်ကြောင်း လေ့လာသုံးသပ်ကြည့်နိုင်သည်။

### အရှုံးအလုပ်မခံရရန်အတွက်

ပညာရေးက ကိုယ့်ကိုသူများက လိမ်ညာခြင်း၊ အရှုံးလုပ်ခြင်းတို့ဘေးကလည်း ကင်းဝေးစေသည်။ လူတိုင်း လွတ်လပ်စွာဖြင့် လူ့အခွင့်အရေး အပြည့်အဝကို ရယူပိုင်ဆိုင်လိုကြသူများဖြစ်ကြသည်။ ပညာမတတ်သူများ သည် ယုံလွယ် အညာလွယ်ကြသည်။ သူတို့တွင် ဟိုလူပြောဟုတ်နိုးနိုး ဖြစ်ခြင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း ပညာနည်းကြသည့်အတွက် ဖြစ်သည်။ ပညာဖြင့် စဉ်းစားဆင်ခြင်နိုင်သူကို အရှုံးလုပ်ရန် မလွယ်ပါ။

■E01

# ဆရာများ၏ ရင်ဖွင့်သံ ( မဟာဘွဲ့ရများ ရာထူးတိုး )

မြဇာခြည်သင်း

အခြေခံပညာဦးစီးဌာနအနေနှင့် အဆင့်တိုးကျောင်းများအတွက် မဟာဘွဲ့ရရှိထားသော ဆရာ၊ ဆရာမများကို လုပ်သက် ၆ လနှင့် အထက်တန်းပြ ရာထူးတိုးလျှောက်ခေါ်ယူနေခြင်းအပေါ် ဆရာ၊ ဆရာမများ၏ ဝေဖန်အကြံပြုချက်များကို ယခုတစ်ပတ်ဆရာများ၏ ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် စုစည်းဖော်ပြလိုက်ပါသည်။

## "အံ့ဖွနဲ့ တိုးတဲ့သူတွေကို ဝင်ခွင့်စာမေးပွဲဖြေစေချင်တယ်"

### ဦးခိုင်ဇော်ထက် (မူလတန်းပြ၊ အ.မ.က၊ ဘူးဒလက်ကုန်း၊ ပဲခူးတိုင်းအနောက်ပိုင်း)



Photo - UKZH

အခြေခံပညာရဲ့လက်ရှိရာထူးတိုးမှုနဲ့ပတ်သက်ပြီး ပြောရတာတော့ အားနာပါတယ်။ တော်တော်များများကတော့ မကြိုက်ကြဘူး။ တချို့က ပညာရေးကောလိပ်မှာ နှစ်ရှည်ပင်ပင်ပန်းပန်းတက်ခဲ့ပြီးမှ ခုလိုမျိုး ခွဲခြားခံရတာကို သဘောမကျဘူး။ နောက် ဆရာအတတ်ပညာသင်တန်းတွေကိုလည်း တစ်လခွဲလောက်တက်ရတယ်။ ပြီးတော့မှ အလယ်တန်းပြရောက်လာကြတာလည်း ရှိတယ်။ သင်တန်းဆင်းလာတယ်။ နယ်အဝေးကြီးတွေမှာ တာဝန်ကျတယ်။ ခုကျမှ ဒီမဟာဘွဲ့ရတွေကျ မိုးကျရွှေကိုယ်တွေလို ဖြစ်နေကြတာကို တချို့ဆရာ၊ ဆရာမတွေက မကြိုက်ကြဘူးပေါ့။ ဒါပေမဲ့ မဝေဖန်ရဲကြပါဘူး။ ပညာရေးမှာ များသောအားဖြင့် မကျေမနပ်ဖြစ်နေတာက ဒီကိစ္စတွေပဲ။ ဘာဘွဲ့နဲ့ပဲရခဲ့ရခဲ့ သင်ကြားရေးမှာ ထိရောက်အောင်မြင်ဖို့က အဓိကပါ။ တချို့ကျ M.Sc ဘွဲ့ရထားကြပေမယ့် သင်ကြားရေးမှာ မအောင်မြင်တာလည်းရှိပါတယ်။ ကျွန်တော်ကတော့ ရာထူးတိုးလျှောက်ဖို့ လုပ်သက်ပြည့်သွားပြီ။ ဒါပေမဲ့ လေ့လာစရာတွေ အများကြီးရှိသေးလို့ ရာထူးတိုးမလျှောက်သေးဘူး။ ကိုယ်အရည်အချင်းမရှိဘဲ ရာထူးမတိုးချင်သေးဘူး။ ရာထူးတိုးလျှောက်တဲ့အခါမှာ လျှောက်ကြတယ်။ မူလတန်းပြမှာ လုပ်သက် ၆ နှစ်ရှိမယ်။ ၇ နှစ်ရှိမယ်။ အဲလိုမျိုး လုပ်သက်အလိုက် အများဆုံးကို ဦးစားပေးခန့်ကြတယ်။ ဒါက ပုံမှန်အတိုင်းပဲ။ ဒီမဟာဘွဲ့ရတွေကျ အရင်အစိုးရကတည်းက နေ့စားလပေးခေါ်လိုက်တယ်။ နောက် တဖြည်းဖြည်းနဲ့ အလယ်တန်းပြလစ်လပ်နေရာမှာ ရာထူးတိုးပေးတယ်။ အလယ်တန်းကိုရောက်နေသူသည် အထက်တန်းကိုပေါ့။

အခုဖြစ်နေတာက မူလတန်းပြကနေ အထက်တန်း တိုက်ရိုက်တိုးပေးတာပါ။ ရိုးရိုးဘွဲ့ရတွေနဲ့ ဒီ M.Sc ဘွဲ့ရတွေနဲ့ကြားမှာ မသိတဲ့ဆရာအချင်းချင်းဆိုရင်တော့ ဆက်ဆံရေးက အဆင်မပြေကြတာများတယ်။ ကိုယ်နဲ့ရင်းနှီးတဲ့သူမျိုး၊ ဥပမာ- သူငယ်ချင်းအချင်းချင်းဆိုရင်တော့ ဆက်ဆံရေးပြေလည်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး အွန်လိုင်းမှာလည်း ဂယက်တွေရိုက်နေကြတယ်။ ပြောချင်တာက ပညာရေးကောလိပ်ဆင်းတွေက ၂ နှစ်လုံးသင်တန်းတက်ပြီး ဆရာမဖြစ်လာတယ်။ ဆရာဖြစ်လာပြီး ခုဆိုရင်မူအုပ် သို့မဟုတ် အလယ်တန်းလောက်ပဲ ရာထူးရှိသေးတယ်။ သူတို့ကျမှ လုပ်သက် ၆ လနဲ့ ရာထူးတန်းတိုးမယ်ဆိုတော့ မိုးကျရွှေကိုယ်တွေလား။ အဲဒီလိုဝေဖန်တာမျိုးတွေ ရှိနေတာပဲ။ M.Sc၊ M.A သမားမို့ အထက်တန်းပြဖြစ်တာက ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ အားလုံးလက်ခံကျေနပ်အောင် ရာထူးတိုးလျှောက်တဲ့အခါ ဝင်ခွင့်စာမေးပွဲလိုဟာမျိုး ဖြေခိုင်းသင့်တယ်။ တခြားရာထူးတိုးတွေကို မပြောလိုပါဘူး။ ဒီ အံ့ဖွနဲ့ တိုးတဲ့သူတွေကို ဝင်ခွင့်စာမေးပွဲ ဖြေစေချင်တယ်။ မူလတန်းပြကနေ အလယ်တန်းတိုးမယ်ဆိုရင်လည်း ဝင်ခွင့်ဖြေရမယ်။ အလယ်တန်းကနေ အထက်တန်းတိုးမယ်ဆိုလည်း ဝင်ခွင့်ဖြေပေါ့။ ဒါမှ အထက်တန်းသင်ဖို့အဆင့်မီမမီ သိရမှာ။ အဲဒီတော့ အဂတိကင်းကင်းနဲ့ ရာထူးတိုးပေးတာမျိုးဖြစ်သင့်တယ်လို့ ထင်ပါတယ်။ ■

## "အခုဟာ ၆ လလောက်နဲ့ အထက်တန်းပြတိုးဖို့၊ လျှောက်ဖို့ခေါ်တာဆိုတော့ ပိုဆိုးတာပေါ့"

### ဦးကျော်ကျော်နိုင် (မူလတန်းပြ၊ အလက၊ ဘုရားဖြူ၊ ဇီးကုန်းမြို့)

ခုထွက်နေတဲ့ ရာထူးတိုးလျှောက်လွှာခေါ်စာတွေနဲ့ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့က လုပ်သက်နည်းသေးတော့ သိပ်ပြီးပြောစရာမရှိပေမယ့် ပညာရေးကောလိပ်ဆင်းတွေကြားမှာတော့ ပြောစရာတစ်ခုဖြစ်နေတာပေါ့။ သူတို့ကတော့ သိပ်ပြီးမကျေနပ်ကြဘူး။ သင်တန်း ၂ နှစ်ကြီးတက်ပြီးတော့ လယ်ပြရာထူးမှာ အကြာကြီးနေခဲ့ရတယ်။ ထက်ပြရာထူးတိုးဖို့မလွယ်ကူဘူးပေါ့။ ဒီမဟာဘွဲ့ရလူတွေကျ အတန်းတစ်ခုမှာ တစ်နှစ်လောက်နေပြီး ရာထူးတိုးတိုးသွားတော့ ကောလိပ်ဆင်းတွေအနေနဲ့ ဘဝင်မကျစရာဖြစ်တာပေါ့။ အရင်ကမှ မူလတန်းပြမှာ တစ်နှစ်လောက်နေပြီး အလယ်တန်းပြ ကူးတာမျိုး ရှိသေးတာပေါ့။ အခုဟာ ၆ လလောက်နဲ့ အထက်တန်းပြတိုးဖို့၊ လျှောက်ဖို့ခေါ်တာဆိုတော့ ပိုဆိုးတာပေါ့။ ဒီလိုတိုက်ရိုက်တိုးတာက တစ်ယောက်နဲ့တစ်ယောက် အရည်အချင်းတော့ မတူညီဘူးပေါ့။ အဲဒီတော့ သူတို့လည်း သင်ကြားရေးမှာ အခက်အခဲတော့ နည်းနည်းရှိမှာပေါ့။ ဒီစာတွေကို အနည်းနဲ့အများတော့ ပြန်လေ့လာလေ့ကျင့်ရမှာပေါ့။ ကျွန်တော်တို့မြို့နယ်မှာလည်း မဟာဘွဲ့ရတွေရှိပါတယ်။ အကုန်လုံးတော့ ရာထူးမတိုးသေးပါဘူး။ တချို့တစ်ဝက်ပေါ့။ ကျွန်တော်တို့ကျ နေ့စားလပေး ဆွဲခန့်အဖြစ် ဝင်လာတာပါ။

ဒီပညာရေးမှာက ရိုးရိုးဘွဲ့ရတွေအချင်းချင်းမှာလည်း ရာထူးတိုး တန်းစီဇယားအတိုင်း ရာထူးတိုးပေးတယ်ပြောကြတာပေါ့။ ဒါပေမဲ့မြို့နယ်တိုင်းမှာ လုပ်သက်များတဲ့ ဆရာ၊ ဆရာမတွေ ရှိနေရက်နဲ့ သူတို့ကိုကျော်ပြီး လုပ်သက်နည်းတဲ့သူတွေ တိုးသွားတာလည်း ရှိပါတယ်။ ကျွန်တော်လည်း လုပ်သက် ၄ နှစ်ရှိပြီ။ သူတို့မူအရတော့ လုပ်သက် ၂ နှစ်ပြည့်ရင် ရာထူးတိုးလျှောက်လို့ရတယ်လို့ သိရတယ်။ မနှစ်ကတော့ လျှောက်တယ်။ ဒါပေမဲ့ တန်းစီဇယားအရ ကျွန်တော်တို့မြို့နယ်မှာတော့ ကျွန်တော်တို့လျှောက်လွှာကို မကိုင်လိုက်ရဘဲ ကျန်ခဲ့တာ။ လူကြီးတွေလက်ထဲ ကိုင်တောင်မကိုင်ဘူးပေါ့။ ကျွန်တော်တို့လို ရိုးရိုးဘွဲ့ရတွေအတွက်က ရာထူးတိုးဖို့ဆိုတာ တော်တော်ခက်ခဲပါတယ်။ ကျွန်တော့်အနေနဲ့ပြောချင်တာက မဟာဘွဲ့ရတွေကို လုပ်သက်နည်းနည်းနဲ့ အထက်တန်းပြ ရာထူးတိုးပေးမယ့်အစား အလယ်တန်းပြမှာ နှစ်အကြာကြီးနေနေပြီး တချို့ဆို B.Ed ဘွဲ့ရ၊ B.Ed တက်နေတဲ့ ဆရာတွေကို ဦးစားပေးပြီး ခန့်သင့်တယ်လို့ထင်တယ်။ ဒီအလယ်တန်းပြဆရာတွေ ရာထူးတိုးမှ သူတို့နေရာမှာ မူလတန်းပြဆရာတွေလည်း ရာထူးတိုးလို့ရမှာ။ ခုကျတော့ မူလတန်းပြကနေ အထက်တန်းကို တိုက်ရိုက်တိုးပေးတော့ ရိုးရိုးဘွဲ့ရတွေအတွက် အလယ်တန်းပြရာထူးနေရာမလွတ်တဲ့အတွက် ရာထူးတိုးဖို့ဆိုတာ အဆင်မပြေဘူး။ ■



Photo - UKKN

## "ဂုဏ်ထူးတန်းကနေ ပြုတ်မကျအောင်ကြိုးစားပြီးမှ ရလာတာပါ"

### ဒေါ်အေးသိန်း (အထက်တန်းပြ၊ အထက၊ တောင်ဇင်း၊ ညောင်ဦးမြို့နယ်)

ကျွန်မက မဟာဘွဲ့အပြင် မဟာသုတေသနဘွဲ့လည်းပြီးပြီးသားပါ။ မိတ္ထီလာတက္ကသိုလ်မှာ သမိုင်းဘာသာရပ်အထူးပြုနဲ့တက်ပြီး ဂုဏ်ထူးတန်းဝင်တယ်။ နောက် ဂုဏ်ထူးတန်းကို မိတ္ထီလာတက္ကသိုလ်မှာမရှိတဲ့အတွက် မန္တလေးတက္ကသိုလ်ကို သွားတက်ရတယ်။ ကျွန်မ အဲ့ဒီတုန်းက တက္ကသိုလ်နည်းပြဆရာမဖြစ်ချင်လို့ ဂုဏ်ထူးတန်းတက်ခဲ့တာပါ။ ဒါပေမဲ့ ၂၀၀၁ ခုနှစ်မှာ ဂုဏ်ထူးတန်းပြီးတော့ နည်းပြအဖြစ်လျှောက်တော့ တစ်ဘွဲ့ရရမယ်လို့ပြောတဲ့အတွက် အဲဒီတုန်းက ကျောင်းပြီးစဖြစ်တဲ့အတွက် ဘွဲ့လက်မှတ်မပြနိုင်ဘူး။ ဒါပေမဲ့နောက်တစ်သုတ်ခေါ်တဲ့အခါ ထပ်လျှောက်တော့ ရေးဖြေမှာ ကျွန်မ အောင်တယ်။ ဒါပေမဲ့ နှုတ်ဖြေမှာ မအောင်ခဲ့ဘူး။ အဲဒီကနေ ဘာမှမလုပ်တော့ဘဲ CEd 5 ကို သင်တန်း ၆ လတက်လိုက်တယ်။ အဲဒီသင်တန်းတက်ပြီးတော့ ဒီအထက်တန်းပြရာထူးကို တန်းပြီးခန့်လိုက်တာပါ။ ကျွန်မရဲ့ အဓိကဘာသာရပ်က သမိုင်းဖြစ်တယ်။ ကျောင်းတွေမှာက သမိုင်းဘာသာရပ်သိပ်မရှိတဲ့အတွက် မြန်မာစာသင်ရပါတယ်။ အဲ့ဒီကျတော့လည်း ကျွန်မ အများကြီးလေ့လာပါတယ်။ ကြိုးစားပြီးလည်းသင်ပါတယ်။ အခက်အခဲဆိုတာက အနည်းအများတော့ရှိတာပေါ့။

အခု ရာထူးတိုးမှုအပေါ်မှာ ကျွန်မအမြင်ကတော့ ကျွန်မတို့လည်း ကျွန်မတို့ ကြိုးစားခဲ့ရတယ်။ ဒီလောက်ကျောင်းတွေအကြာကြီးတက်၊ ဒီလောက်ကြိုးစားခဲ့ရပြီးမှ ဒီလောက်ဘွဲ့ပဲရတယ်ဆိုတဲ့ ကျွန်မတို့ခံစားချက်ရှိပါတယ်။ ဒါပေမဲ့ အခုအခြေခံမှာ ဘာမှအတွေ့အကြုံမရှိဘဲ ရိုးရိုးအဝေးသင်တက်တယ်။ ဘွဲ့ရတယ်။ အဲလိုလူတွေကို နေ့စားလပေးခေါ်ပြီး မူလတန်းပြကနေ အလယ်တန်းပြအဖြစ် တိုးလာတယ်။ အဲ့လိုဆိုတော့ ကျွန်မတို့စိတ်ထဲမှာလည်း ဘယ်လိုမှ သိပ်မကျေနပ်နိုင်ဘူး။ ရိုးရိုးဘွဲ့လေးရပြီး နေ့စားလပေးခန့်လိုက်တာ ကျေနပ်စရာမဟုတ်ဘူး။ M.A၊ M.Sc ဆိုတာ တန်းမရပါဘူး။ ရိုးရိုးဘွဲ့ကိုမှ ဂုဏ်ထူးတန်း တက်ရတယ်။ ဂုဏ်ထူးတန်းကနေ ပြုတ်မကျအောင်ကြိုးစားပြီးမှ ရလာတာပါ။ အဲလိုဆိုတော့ ဒီဘွဲ့ရတွေအနေနဲ့ အထက်တန်းပြ ရသင့်တယ်လို့ထင်ပါတယ်။ ဒီဘွဲ့ရတွေက အတွေ့အကြုံတွေများတဲ့အတွက် သင်ကြားရေးမှာလည်း ပိုပြီးထိရောက်မယ်လို့ ထင်ပါတယ်။ ■



Photo - DAT

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအသစ်ကတော့ အခုဩဂုတ်လ ၁ ရက်နေ့ကစပြီး အာဏာတည်လို့ စတင်ကိုင်တွယ်ကျင့်သုံးခြင်းနဲ့အတူ ပြည်တွင်းပြည်ပက ကုမ္ပဏီတွေ အသီးသီးမှတ်ပုံတင်ကြ၊ ကုမ္ပဏီဆိုင်ရာလုပ်ငန်းတွေဆက်လုပ်ကြပါတော့မယ်။ ဒီဥပဒေကိုလွှန်ခဲ့တဲ့ ၂၀၁၇ ဒီဇင်ဘာ ၆ ရက်မှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၉ နဲ့ပြဋ္ဌာန်းခဲ့တယ်ဆိုပေမယ့်လည်း ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ အာဏာစတည်မယ့်ရက်ကို နိုင်ငံတော်သမ္မတက ကြေညာပေးရမယ်လို့ဆိုတဲ့အတွက် ဇွန်လ ၂၁ ရက် နေ့မှာ ကြေညာခဲ့တာဖြစ်ပြီး အဲ့ရက်ဝန်းကျင်တုန်းကလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ဥက္ကဋ္ဌသစ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဦးသောင်းထွန်းနဲ့ စီမံဘဏ္ဍာက ဒုဝန်ကြီးဦးဆက်အောင်တို့ကိုပါ အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခဲ့တာကိုလည်း အားလုံးသိကြပြီးဖြစ်မှာပါ။ ဒါနဲ့ပတ်သက်လို့ ဇွန်လ ၁၅ ရက်နေ့ကလည်း ရန်ကုန် Melia Hotel မှာ ဩစတြေးလျ၊ USA၊ UK နဲ့ EU တို့က ကုန်သည်ကြီးများအသင်းခေါင်းဆောင်ပိုင်းတွေနဲ့ တွေ့ဆုံပြီး MIC ရဲ့လုပ်ငန်းစဉ်တွေ ပိုပြီးမြန်မြန်ဆန်ဆန်ဖြစ်အောင် ဆောင်ရွက်သွားတဲ့အတွက် ကန့်သတ်ချက်အနည်းဆုံးဖြစ်စေဖို့ မလိုအပ်တဲ့အဆင့်တွေကို လျှော့ချပြီး ပြည်ပကရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခွင့်ပြုသွားဖို့ ဆွေးနွေးခဲ့တာ တွေ့ခဲ့ရပါတယ်။

အမှန်တော့ တိုင်းပြည်ရဲ့အနာဂတ်စီးပွားရေး တိုးတက်ဖို့ဆိုရင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးအတွက် အဓိကအရေးကြီးဆုံးဖြစ်လာတဲ့ ဒီဥပဒေကို လွန်ခဲ့တဲ့အစိုးရလက်ထက် သုံးနှစ်လောက်ကတည်းက ဆွဲခဲ့တာဖြစ်ပြီး အရင်ကတော့ ၁၉၁၄ ခုနှစ်က ဥပဒေအဟောင်းနဲ့ပဲ လုပ်ကိုင်ခဲ့ရတဲ့အခြေအနေပါ။ နိုင်ငံခြားသားက သူ့ကုမ္ပဏီရှယ်ယာတိုးတာ၊ လျှော့တာ၊ အမည်ပြောင်းတာကအစ တရားရုံးသွားရတာ၊ ခွင့်ပြုချက်တင်ရတာတွေရှိခဲ့တဲ့ကြားမှာ နှစ်ပေါင်း ၁၀၀ လောက် ခေတ်နဲ့ညီအောင် Upgrade လုပ်ပြီးမပြင် မကျင့်သုံးနိုင်ခဲ့တာမို့ ပြည်တွင်းရော ပြည်ပက ကုမ္ပဏီထောင်ပြီး လုပ်ကိုင်ကြမယ့်သူတွေအတွက် အခက်အခဲတွေဖြစ်ကာ နိုင်ငံ့စီးပွားရေး ဦးမမော့နိုင်ခဲ့ဘဲ နိုင်ငံတကာထက်နောက်ကျခဲ့တာအားလုံး သိကြပြီးဖြစ်မှာပါ။ ဒါပေမဲ့လည်း ဒီလိုခေတ်စနစ်နဲ့မညီတဲ့ ဥပဒေကိုပဲ လက်တစ်လုံးခြားလုပ်ပြီး အဖေက ကုမ္ပဏီတစ်ခု၊ သမီးက တစ်ခု၊ အဖေရဲ့ကုမ္ပဏီမှာ သားကမန်နေဂျင်းဒါရိုက်တာလုပ် စတဲ့စနစ်တကျမှတ်ပုံမတင်ထားတဲ့အဖြစ်တွေ အကြားမှာ လွန်ခဲ့တဲ့ကာလတွေမှာ ကုမ္ပဏီအများအပြားသာ မှိုလိုပေါ်ပေမယ့် တကယ့်တကယ်တမ်းမှာတော့ တိုင်းပြည်စီးပွားရေး တိုးတက်အောင် မပါဝင်မလုပ်ဆောင်နိုင်ခဲ့ကြတာ၊ အခွန်အခတွေကို စနစ်တကျ တာဝန်ကျေအောင်မထမ်းဆောင်ခဲ့ကြတာ၊ နာမည်သာရှိပြီး လုပ်ငန်းအဝင်အထွက်၊ ငွေအမြတ်အရှုံးလည်း မရှိတာမို့ အခွန်ကောက်သူတွေအနေနဲ့လည်း အခက်အခဲတွေဖြစ်ခဲ့ရကြတာလည်း ပကတိအမှန်တရားတွေပါပဲ။

စင်ကာပူတို့ မလေးတို့ တောင်ကိုရီးယား၊ ဂျပန်တို့ကတော့ အင်္ဂလိပ်တို့ရဲ့ ဒီဥပဒေကျောရိုးကိုပဲယူပြီး သူတို့နဲ့ကိုက်ညီမယ့် Version နဲ့ပြောင်းပြင်ပြီး သုံးလာခဲ့လိုက်တာ အခုဆိုရင် စင်ကာပူမှာ လူ ၃ ဦးရှိရင် တရားဝင်ကုမ္ပဏီတစ်ခု၊ ထိုင်းနိုင်ငံမှာ လူ ၇၀ ရှိရင်တစ်ခု၊ လာအိုမှာ လူ ၃၀၀ ရှိရင် တစ်ခု ရှိတာတွေဖြစ်လာခဲ့ပေမယ့် မြန်မာမှာတော့ လူ ၁၀၀၀ ရှိတာ တရားဝင်ပြီး စနစ်တကျလည်ပတ်တဲ့ ကုမ္ပဏီတစ်ခုမရှိခဲ့တာကြာခဲ့ပါပြီ။ ဒီအတွက်ပဲ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူပိုင်ကဏ္ဍနဲ့ အစုအစပ်ဆိုတဲ့လုပ်ငန်းတွေ မထွန်းကား မတောက်ပြောင်၊ ထုတ်ကုန်တွေလည်း အရည်အသွေးမမီ၊ ဈေးကွက်လည်းပျောက်လို့ နောက်ဆုံးမှာ နိုင်ငံ့စီးပွားရေးလည်း ကမောက်ကမဖြစ်၊ တန်းဆင်းဇုန်ထဲရောက်ပြီး ဇီးရိုးလိုင်းဖြစ်သွားခဲ့ကြတာ အားလုံးသိကြတဲ့အခြေအနေတွေပါပဲ။

အခု သူတို့ကုမ္ပဏီဥပဒေအသစ်အရဆိုရင်တော့ နိုင်ငံအတွင်းက အသေးစားကုမ္ပဏီလေးတွေကအစ အွန်လိုင်းက မှတ်ပုံတင်လာနိုင်ပြီး ဥပဒေကပေးမယ့်တရားဝင်အခွင့်အရေးနဲ့ဥပဒေကပေးမယ့်အကာအကွယ်တွေ ပိုမိုတိုးတက်လာနိုင်ဖို့ ဖြစ်လာနိုင်တော့မယ်လို့ ဆိုကြသလို အခြားတစ်ဖက်မှာလည်း အခုလိုဖြေလျှော့မှုတွေအကြားမှာ နိုင်ငံခြားသားကုမ္ပဏီတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာကြတော့မှာလို့လည်း ထင်ကြေးနဲ့ ပြောနေကြတာရှိပါတယ်။ ဒါပေမဲ့လည်း ယနေ့လက်ရှိအခြေနေမှာတော့ အွန်လိုင်းကနေ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်မှာတင် ဒီဥပဒေပါပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ခါနီးမှာ စိန်ခေါ်မှုတွေ မြောက်မြားစွာရှိနေတယ်လို့လည်း လူထုထံက ထွက်ပေါ်လာနေတာ ကြားနေရပါတယ်။

ပထမတစ်ချက်ကတော့ အခုကစပြီး မှတ်ပုံတင်တဲ့ကိစ္စမှာ အချို့ကုမ္ပဏီတွေအနေနဲ့ ယခင်ကကုမ္ပဏီအကြီးတွေကိုဖျက်ပြီး အသေးစားအနေနဲ့ပြန်တင်လို့ရ၊ မရ၊ ယခင်ကလို ကုန်သွယ်ခွင့်ပြုမိန့် (Permit to Trade) မလိုတော့တာမို့ ယခုကုမ္ပဏီတည်ထောင်ကြောင်း အသိအမှတ်ပြု လက်မှတ်လို၊ မလို၊ ဒီအပေါ်ကြားထဲမှ ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီတွေအနေနဲ့ မသမာမှုတွေရှိလာရင် အကာအကွယ်ပေးမယ့် အစီအမံရှိ၊ မရှိဆိုတာတွေအပြင် ကုမ္ပဏီအချင်းချင်းအကြား မသမာမှုတွေအတွက် တရားရင်ဆိုင်ကြမယ့်ကိစ္စတွေအပေါ်လည်း ဘယ်လိုအဆင့် တရားရုံးတွေမှာ ဘယ်လိုလုပ်ရမယ်ဆိုတဲ့အချက်တွေကို ဂဃနဏသိချင်ကြတယ်ဆိုတဲ့ အချက်တွေပါ။




**ယနေ့လက်ရှိနိုင်ငံတော်မှာ ကြုံတွေ့နေရတဲ့ စီးပွားရေးဆိုင်ရာတိုးတက်မှု ရှိ မရှိဆိုတဲ့ ကိန်းဂဏန်းဆိုင်ရာ ကိစ္စရပ်တွေအကြားက အငြင်းပွားမှုတွေ အဆုံးသတ်ဖို့ဆိုရင် ယခုစတင်ကျင့်သုံးမယ့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို စနစ်တကျအသက်ဝင်အောင် ဆောင်ရွက်ကြပြီး အခြား ဖြေလျှော့သင့် ပြင်ဆင်သင့်တဲ့အချက်တွေကိုလည်း လိုက်ပါဆောင်ရွက်ပေးမှသာ မြေပြင်မှ ပြည်ပက ဝင်ရောက်လာမယ့်ကုမ္ပဏီတွေနဲ့ ပြည်တွင်းက ကိုယ့်နိုင်ငံသား ကုမ္ပဏီတွေအတွက် အရာရာအဆင်ပြေ ချောမွေ့စေနိုင်မှာ ဖြစ်ပါတယ်။**

နောက် ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမယ့် ကုမ္ပဏီတွေအတွက် မြေ၊ အဆောက်အအုံ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ကိစ္စကတော့ အထူးခြားဆုံးပေါ်ထွက်လာနေတဲ့အသံပဲ ဖြစ်ပါတယ်။ သူတို့ကုမ္ပဏီတွေ ဝင်လာရင်တော့ ကိုယ့်နိုင်ငံအတွင်းက မြေနေရာ၊ အဆောက်အအုံ၊ လျှပ်စစ်၊ အလုပ်သမား စတဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးကြရမှာဖြစ်တဲ့အတွက် ဒီဆောင်းပါးမှာ အဓိကထောက်ပြလိုတဲ့အချက်ကလည်း ဒီကိစ္စပဲဖြစ်ပါတယ်။

ဒါကတော့ အခုလက်ရှိဥပဒေသစ်အရ နိုင်ငံခြားသားတစ်ဦးအနေနဲ့ မြန်မာနိုင်ငံမှာ သူ့ကုမ္ပဏီကို မှတ်ပုံတင်ခွင့်ရပြီး ဆောင်ရွက်ခွင့်ရှိပြီဆိုတာနဲ့ မြေ၊ အိမ်ရာအဆောက်အအုံ စတဲ့မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို ဝယ်ယူပိုင်ဆိုင်ခွင့်ရှိ၊ မရှိဆိုတဲ့ကိစ္စပါ။ အမှန်ဆိုရင် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကန့်သတ်သည့်ဥပဒေအရဆိုရင်တော့ ဝယ်ယူပိုင်ဆိုင်ခွင့်မပေးထားသလို တစ်နှစ်မှာသာတစ်ခါ အငှားချထားရခွင့်ပဲ ပြုထားပါတယ်။ ဒီအတွက် ဒီဥပဒေအသစ်အနေနဲ့ပြည်ပက နိုင်ငံခြားသားတွေကိုလည်း ဝင်ရောက်လာအောင်ဖိတ်ခေါ်မယ်၊ နိုင်ငံ့စီးပွားရေး တိုးတက်အောင်လည်း ဆောင်ရွက်ဖို့ အရေးတကြီးလိုလာနေမယ်ဆိုရင်တော့ မြေ၊ အဆောက်အအုံတွေနဲ့ပတ်သကလို့ သူတို့အပေါ် ကွဲကွဲပြားပြားဖြစ်အောင် ယခင်က ဥပဒေကို အမြန်ပြန်လည်ပြင်ပေးရတော့မှာ ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ဝင်ရောက်လာကြမယ့် ကုမ္ပဏီတွေအတွက်တော့ အခြားနိုင်ငံတွေမှာလည်း ကိုယ့်နိုင်ငံကမြေ၊ အဆောက်အအုံ စတဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို အပိုင်ရောင်းချခြင်းကို ခွင့်မပြုထားသလို အငှားစနစ်နဲ့ပဲ နှစ်ကာလကို တိုးပေးထားတာတွေရှိတဲ့အတွက် ဒီမှာလည်း အခုဥပဒေသစ်နဲ့ကိုက်ညီအောင်ဆိုရင် ယခင်ရှိပြီးသား ၁၉၈၇ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ဥပဒေကိုလည်း တစ်နှစ်တစ်ခါ အငှားကနေ ၅နှစ် တစ်ကြိမ်ပေးမလား၊ ၁၀နှစ် တစ်ကြိမ်ငှားမလားဆိုတာ ပြန်စဉ်းစားသုံးသပ်ရခြင်းနဲ့အတူ သူတို့ကိုလည်း အပိုင်ဝယ်ယူခွင့်ပေးမယ့် အပိုင်းတွေကိုလည်း ခွဲခြားသတ်မှတ်ပေးသင့်ပါတယ်။ ဥပမာမြို့ပြထဲက ပြည်သူတွေနေတဲ့ အဆောက်အအုံတွေ၊ ရပ်ကွက်တွေ၊ မြို့ရွာတွေအတွင်းမှာ မပေးဘဲ ကုန်သွယ်ရေးဇုန်၊ စက်မှုဇုန်တွေမှာသာ ရောင်းချပေးတာမျိုးစတာမျိုးပြုလုပ်ပေးမှသာ ပြည်ပကသူတွေလည်း အလျှိုလျှိုဝင်ရောက်လာနိုင်ကြမှာဖြစ်ပါတယ်။ အခုလက်ရှိအနေအထားအရ အခြားအကြောင်းအရာတစ်ခုအနေနဲ့လည်း အစိုးရနဲ့ တိုက်ရိုက်လုပ်ကြမယ့်သူတွေအနေနဲ့တော့ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြေကို နှစ် ၅၀၊ ၁၀၀ စသဖြင့် စာချုပ်ချုပ်ဆိုငှားရမ်းခွင့်ရှိတာတွေကို နိုင်ငံခြားသားပိုင်ကုမ္ပဏီတွေအနေနဲ့ အခွင့်အရေးရကြတာရှိပြီး အခြားပုဂ္ဂလိကတွေနဲ့ ဖက်စပ်လုပ်မယ့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတွေနဲ့ကျတော့လည်း အခြားအခွန်အကောက်ဆိုင်ရာသက်သာခွင့်တွေ လျော့ကျကြတာတွေ၊ အခွင့်အရေးရကြတာတွေအတွက်လည်း ပုံစံတစ်ပြေးညီတည်းဖြစ်အောင် ညှိယူကြရမယ့်ကိစ္စတွေ ရှိနေနိုင်ပါတယ်။

အခုလက်ရှိအနေအထားမှာတော့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို Myanmar Companies Online (MyCo) စနစ်နဲ့ အခမဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ယခင်မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများဥပဒေတို့အရ မှတ်ပုံတင်ထားတဲ့ တည်ဆဲကုမ္ပဏီ၊ အသင်းအဖွဲ့တွေအနေနဲ့ ဩဂုတ်လ ၁ ရက်နေ့က စတင်ပြီး ၂၀၁၉ ဇန်နဝါရီ ၃၁ ရက်အထိ ၆ လတာကာလမှာ သတ်မှတ်နည်းလမ်းအတိုင်း မှတ်ပုံတင်ကြဖို့လည်း ပါရှိခဲ့ပါတယ်။ ဒီလိုတင်တဲ့နေရာမှာလည်း ယခင်ကအဆိုပြုလွှာကိုလက်ခံတဲ့ရက်မှစပြီး ရက်ပေါင်း ၆၀ အတွင်း ခွင့်ပြုမိန့်ကို လုပ်ငန်းရှင်များကိုထုတ်ပေးခဲ့ရရာက အခုဥပဒေအသစ်အရ ရက်ပေါင်း ၆၀ ထက်မြန်အောင် ဆောင်ရွက်ပေးရေးနဲ့ ဒီထက် ဆောလျင်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

ဒီဥပဒေအသစ်ရဲ့ထူးခြားချက်တွေအချို့ကတော့ ယခင်က မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသားတစ်ဦးက အစုရှယ်ယာတစ်စုပါရင် အလိုအလျောက် နိုင်ငံခြားသားကုမ္ပဏီလိုဖြစ်သွားနိုင်ခဲ့ရာက ယခုဥပဒေအသစ်အရတော့ နိုင်ငံခြားသားကအစုရှယ်ယာ ၃၅ ရာခိုင်နှုန်းအထက်ပိုင်မှသာ နိုင်ငံခြားသားပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့်ရှိလာမှာဖြစ်ပါတယ်။ အခုဥပဒေသစ်အရတော့ ပြည်တွင်းကနိုင်ငံသားလုပ်ငန်းရှင်တွေအတွက်ပါ အသေးစားကုမ္ပဏီဆိုတာတွေပါလာပြီး သူတို့ကိုဖြေလျှော့တဲ့အနေနဲ့ စာရင်းစစ်ခံတာ၊ နေ့စဉ်ကျင်းပတဲ့ အထွေထွေအရပ်ရပ် အစည်းအဝေးတွေလုပ်စရာမလိုတာ၊ မှတ်ပုံတင်ကြေးကို အနည်းဆုံး ၂ သိန်းခွဲအထိလျှော့ချပေးထားတာ ယခင်က ကုမ္ပဏီထောင်ရင် နှစ်ဦးနဲ့မှရရာက ယခု တစ်ဦးနဲ့ရလာတာတွေပါလာတာ မြင်ရသလို သူတို့သာ အမှန်မှတ်ပုံတင်ပြီးဆောင်ရွက်လာမယ်ဆိုရင် ဥပဒေကပေးတဲ့အခွင့်အလမ်း၊ ဥပဒေရဲ့အကာအကွယ် ရလာကြမယ်ဆိုပါတယ်။ လွယ်ကူရှင်းလင်းအောင်လုပ်ထားသလို ဒါကိုအခွင့်ကောင်းယူပြီး စည်းကမ်းမဖောက်အောင်လည်း အချို့ကို ပြန်တင်းကျပ်ထားတာ၊ ပွင့်လင်းမြင်သာမှုအားကောင်းအောင် ပြဋ္ဌာန်းချက်တွေ အသစ်ထည့်ထားတာတွေပါဝင်သလို ကုမ္ပဏီကိုပြန်လည်မှတ်ပုံတင်ခြင်းဖြင့် စည်းမျဉ်းတွေပြန်ပြောင်းပြီး အခွင့်အာဏာရှိသူကိုလည်း ပြန်ပြောင်းလို့ရတာ၊ ဒါရိုက်တာအဖွဲ့ တိုးချင်လျှော့ချင်တာ၊ ရှယ်ယာတိုးချင်လျှော့ချင်တာရှိရင် အွန်လိုင်းစနစ်ကပဲပြန်ပြီး မှတ်ပုံတင်လို့ရတာတွေ ထူးလာတယ်လို့ဆိုပါတယ်။ မှတ်ပုံတင်တဲ့အခါ ရုံးကိုလာစရာမလိုဘဲ မိမိတို့အိမ်ကပဲလုပ်လို့ရလာပြီး ဥပဒေနဲ့ပတ်သက်တဲ့ ပညာပေးတွေကိုလည်း TV ကနေပြပေးမယ်လို့လည်း ကြားမိပါတယ်။ အွန်လိုင်းကမှတ်ပုံတင်ရင် ကုတ်တွေပါတာမို့ အတုလုပ်လို့မရသလို မှတ်ပုံတင်ပြီးတာနဲ့ ဒါရိုက်တာတစ်ယောက်လိုက်နာရမယ့် အချက်တွေကို အွန်လိုင်းကပို့ပေးမှာတွေပါတယ်လို့ ဆိုပါတယ်။

ဒီအတွက် နိဂုံးချုပ်ရရင် ယနေ့လက်ရှိနိုင်ငံတော်မှာ ကြုံတွေ့နေရတဲ့ စီးပွားရေးဆိုင်ရာ တိုးတက်မှုရှိ မရှိဆိုတဲ့ ကိန်းဂဏန်းဆိုင်ရာကိစ္စရပ်တွေအကြားက အငြင်းပွားမှုတွေအဆုံးသတ်ဖို့ဆိုရင် ယခုစတင်ကျင့်သုံးမယ့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို စနစ်တကျအသက်ဝင်အောင် ဆောင်ရွက်ကြပြီး အခြားဖြေလျှော့သင့် ပြင်ဆင်သင့်တဲ့အချက်တွေကိုလည်း လိုက်ပါဆောင်ရွက်ပေးမှသာ မြေပြင်မှ ပြည်ပကဝင်ရောက်လာမယ့်ကုမ္ပဏီတွေနဲ့ပြည်တွင်းက ကိုယ့်နိုင်ငံသားကုမ္ပဏီတွေအတွက် အရာရာအဆင်ပြေချောမွေ့စေနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် ဒီဥပဒေပါပြဋ္ဌာန်းချက်တွေအောင်မြင်ပြီး တိုင်းပြည်စီးပွားရေး အမြန်တိုးတက်လာဖို့ဆိုရင် မြေပြင်မှာအကောင်အထည်ဖော်ကျင့်သုံးမယ့်ဌာနအနေနဲ့လည်း ယခုလက်ရှိကာလ မှတ်ပုံတင်ပြုလုပ်ပေးနေကတည်းက ကြုံတွေ့ရမယ့်အခက်အခဲတွေ၊ လိုအပ်ချက်တွေကို အမှန်တကယ်လုပ်ပေးနိုင်တဲ့ အခွင့်အာဏာရှိတဲ့သူတွေထံရောက်အောင် သတ္တိရှိရှိနဲ့တင်ပြတာ၊ ပြင်ဆင်သင့် ပြင်ဆင်ထိုက်တဲ့ ကျန်တဲ့အချက်တွေကို ပြင်တာတွေ လုပ်မှသာ ထိထိရောက်ရောက်ဖြစ်လာနိုင်မယ်၊ ဒါမှသာ ဥပဒေရဲ့ရည်ရွယ်ချက်နဲ့အညီ နိုင်ငံခြားကရင်းနှီးမြှုပ်နှံကြမယ့် ကုမ္ပဏီတွေလည်း များများဝင်ရောက်လာပြီး တိုင်းပြည်စီးပွားရေးလည်း အမြန်ပြန်လည်နာလန်ထူလာနိုင်မယ် ဆိုတဲ့အကြောင်း စိတ်ကောင်းစေတနာနဲ့ အကြံပြုရေးသား တင်ပြလိုက်ရပါတယ်ဗျား။

■အောင်ဇေယျ

(၁)

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အားနည်းသူများမှာ သံသယစိတ်များ တတ်၏တဲ့။ ဒါဆို မြန်မာတစ်ပြည်လုံး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အားနည်းနေ ကြသူတွေချည်းဟု ပြောရတော့မည်လား။

## ရင်ခုန်ရသောပင်လုံ

၁။ ဗိုလ်ချုပ်ဂွမ်မော်က ဦးသိန်းဇော်ကို လှမ်းနှုတ်ဆက်၏။ 'သူနှင့် ဥပါယ်နှစ်မျဉ် ဇာတ်ကားရိုက်မလို့။ ဟိုလင်မယား မအားသေးတာနဲ့...''

၂။ ''ငြိမ်းချမ်းရေးမှ မဟုတ်ပါဘူး။ အတော်များများ တရုတ်နဲ့ပတ်သက်နေရမှာပါပဲ'' (ဦးညဏ်ဝင်း)

၃။ ''ဘယ်သူတွေက ငြိမ်းချမ်းရေးမလိုချင်ဘူးလဲဆိုတာ ပေါ်လွင်လာမှာပါ'' (ဒေါ်အောင်ဆန်းစုကြည်)

၄။ ''အားနည်းနေလို့ ငြိမ်းချမ်းရေး ယူချင်တာမဟုတ်ဘူး''
(ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်)

၅။ ''သိပ်တော့အားမရဘူး။ ကျားမတန်းတူရေးလောက်ကို ဆွေးနွေးနေရတာဆိုတော့လေ''...။

၆။ ''ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ ရှိနေမှာပါ''

၇။ ''နိုင်ငံရေးသဘောတူညီချက် မရခဲ့တာတော့ မကောင်းပါဘူး''

တိုင်းပြည်တစ်ပြည်လုံး ရင်ခုန်သံတွေကြားမှာ ပေါ်ထွက်လာသည့် အသံတွေပါ။ ချိုးဖြူငှက်ကို အားနာသူက အားနာနေကြပြီး စကားတွေကြားမှာ ဝေဝါးကုန်တာတွေ ရှိသည်။

တချို့သူတွေရဲ့စကားက 'ပင်လုံ' ၏ 'ရင်ခုန်သံ' ကို အားပျော့သွားစေသည်။ တချို့သူတွေရဲ့စကားက အနှောင့်အသွားမလွတ်။ တချို့သူတွေရဲ့စကားက ငှါစကား နွှားရ။ ဒီလိုနဲ့ ပင်လုံအပေါ်မှာ သံသယတွေ တိုးဆင့်။ သက်ပြင်းတွေ တဖြန်းဖြန်းချကြ။ ကမ္ဘာ့ဖလားနဲ့ ရသေ့စိတ်ဖြေကြ။ လူမှုကွန်ရက်ပေါ်ကစကားလုံးတွေနဲ့ ရစ်ထွေးကြ။ လူမှုကွန်ရက်ပေါ်က ဆီလီကွန်အဝတ်အစားတွေနဲ့ မျက်ခုံးပင့်ကြ။ ရင်ခုန်လှိုက်မောကြ။ ပင်လုံ၏ ဆွဲဆောင်မှုလျော့သွားသည်က အသေအချာ။ ပင်လုံ၏ညှို့ငင်အားက ပျော့သွားသည်မှာ အသေအချာ။ သံသယသည် ယုံကြည်မှုကို လျော့ပါးစေ၏။ ယုံကြည်မလျော့ပါးသူမှာ 'သံသယ' စိတ် ပိုပွားစေ၏။ ခက်ပြီ။

''ချိုးငှက်
သေနတ်ဒဏ်ရာနဲ့ ပြုံးလို့...။
ချိုးငှက်
တောင်ပံတချက်ရိုက်ခတ်ပြီး
ကောင်းကင်ပေါ်ပျံတက်သွားတဲ့အခါ
သေနတ်ဟာ
သေနတ်ဒဏ်ရာနဲ့ လဲကျသေဆုံးလို့''
('တရား' - ကွန်စစ်ကောင်း)

သံသယမြစ်ကမ်းဘေးမှာ ကဗျာလေးနဲ့ဖြည့်တွေးလိုက်ရသည်။ သေနတ်ဟာ သေနတ်ဒဏ်ရာနဲ့ လဲကျသေဆုံးလို့တဲ့။ သံသယတွေဟာ သံသယတွေ ထိမှန်လဲကျသေဆုံးရတော့မလား။ တခြားသောရင်ခုန်သံတွေကြားမှာ ပင်လုံက ခဏနားသွားခဲ့ချေပြီ။ သံသယတွေ ပြေငြိမ်းခဲ့ပြီလား။ ယုံကြည်မှုရာခိုင်နှုန်း ဘယ်လောက်တည်ဆောက်နိုင်ပါပြီလဲ။ သံလွင်ပင်ကတော့ သက်တမ်းအနှစ်တစ်ထောင် ရှည်ပါသည်တဲ့လေ။

(၂)

## အမုန်းတွေ ပေးနေတယ်တဲ့လား

နေ့တိုင်းလို သံသယသံတွေ ကြားနေရပြန်သည်။

**၁။ ဝစ်သောက်ကား (Without) တွေ ဖမ်းတဲ့ကိစ္စ**

ပရဟိတအသင်းတွေရဲ့လိုင်စင်မဲ့နေမှုကို ဘာကြောင့် လျစ်လျူမရှုနိုင်တာလဲ။ အ,ပါ့ NLD အစိုးရ။ အမုန်းတွေ တမင်ယူနေသည်လား။ တိတ်တိတ်လေး ဖမ်းပါရော့လား။ ဝစ်သောက်ကားတွေ၊ တကယ်လူမှုရေးလုပ်နေတဲ့ ပရဟိတကားတွေကို လက်တို့ပြီး တစ်ခုခုလုပ်ပေးလို့ မရပေဘူးလား။

ဒါ တမင်တကာ အစိုးရနဲ့ ပြည်သူ ရန်တိုက်ပေးတာ။ လုပ်ပိုင်ခွင့်ရှိနေတဲ့ အမြဲတမ်းအတွင်းဝန်လိုလူတွေက လုပ်နေတာ။

မဟုတ်ပါဘူးကွာ။ ဒါ အစိုးရကချတဲ့ ပေါ်လစီပါကွာ။

... ဒါနဲ့ပဲ သံသယတိုက်ပွဲတွေ နွှဲနေကြပုံ။

...ဘယ်သူလုပ်တာလဲ။ ကြေကွဲဖို့အသင့်။ ဝေဖန်ဖို့ ရယ်ဒီ။ တန်းတူညီမျှရေး မတွေး။ သံသယနဲ့တွေး၊ သံသယနဲ့ပြော။ မမောနိုင်ကြ။ ကြားရကြားရ နားဝမချမ်းသာစရာများ။

သံသယမြစ်ကမ်းဘေး ငေးပြီးသာထိုင်နေမိပြန်သည်။ အမှန်အကန်လုပ်ကြပေါ့။ ပရဟိတဆိုတိုင်းလည်း ဥပဒေအထက် မနေချင်ကြနဲ့ပေါ့လေ။ တကယ်လုပ်တကယ်စေတနာထက်သန်သူတွေတော့ စိစစ်ပြီးကူညီပေးသင့်တာပေါ့။ ဖြည့်တွေးနေမိပြန်သည်။ ရင်ခုန်သံကတော့ မမှန်သေး။




**၂။ ပညာရေးလောက အမိန့်စာများ၊ ညွှန်ကြားလွှာများကိစ္စ**

ကိုယ်ပိုင်အထက်တန်းကျောင်းတွေကို တိုင်းရုံးက အစည်းအဝေးခေါ်သည်တဲ့။

သင်ကြားရေးဆရာတွေရဲ့ကိုယ်ရေးအချက်အလက်တွေ တောင်းသည်တဲ့။ အားလုံးက မျှော်လင့်ကြသည်မှာ ဆရာဖြစ်လက်မှတ် (Green Card) ချပေးမှာပဲဟူ၍ဖြစ်သည်။ သို့သော် လက်တွေ့မှာ ထိုသို့မဟုတ်။

Green Card ရှိပြီးသောသူများကို မွမ်းမံသင်တန်းပေးရန်တဲ့။ အားလုံးမှင်တက်ကုန်၏။ အမိန့်စာနှင့်တလွဲ။ ညွှန်ကြားလွှာနှင့်တခြား။ ဆရာဖြစ်သင်တန်းလက်မှတ်ရှိသူတွေကို သင်တန်းပေးမည်ဆိုတော့ ဘယ်သူတွေက ဆရာလုပ်ကြမှာလဲ။ ဆရာဖြစ်သင်တန်းလက်မှတ်ရှိသူတွေဆိုတော့ တကယ့်ဝါရင့်ဆရာကြီးတွေ၊ ပညာကြီးဆရာကြီးတွေလည်း ပါဝင်နေပြီး သူတို့တစ်တွေကို မည်သူတွေက သင်ကြမည်လဲ။

အစည်းအဝေးတက်ရောက်ကြသူ ကိုယ်ပိုင်ကျောင်း တည်ထောင်သူတွေအားလုံး စိတ်ပျက်သွားကြသည်တဲ့။ ဆူညံသွားကြသည်တဲ့။ ပွက်လောရိုက်သွားကြသည်တဲ့။ Private ဆိုသောစကားလုံးနှင့်မကိုက်ညီဘဲ အာဏာရှင်ဆန်သော အမိန့်စာများ၊ ညွှန်ကြားလွှာများနှင့် ဆက်တိုက်ကြုံလာကြသောအခါ လက်ရှိအစိုးရအပေါ် သံသယဝင်လာကြ၏။။ ဘာလဲ။ ဘယ်လဲ။ တမင်နှိပ်ကွပ်သည်လား။ ကြိုးနီစနစ် မပျောက်သေးတာလား။ ထုံးစံအတိုင်း အမြဲတမ်းအတွင်းဝန်ဆိုသူတွေကပဲ တမင်တကာ လုပ်နေကြသည်လား။ သံသယတွေ ဝင်လာကြပြန်သည်။ အစိုးရကို မုန်းအောင်လုပ်နေတာ နေမှာတဲ့။ ပြောကြပြန်သည်။

မဟုတ်ဘူးဗျ။ ဒါ အစိုးရကိုယ်တိုင်ပေါ်လစီချလုပ်နေတာ သေချာတယ်။ လုပ်ရည်ကိုင်ရည်နည်းတဲ့သူတွေ ဦးဆောင်နေကြတာလေဗျာ။

သံသယလှိုင်းတို့၊ အရှိန်နှင့်အဟုန်နှင့် ရိုက်ခတ်နေကြပြန်သည်။ ကမ်းခြေသည် တစ်စတစ်စ ပဲ့ကြွေလို့။ ပုံပျက်လို့။ ယိုယွင်းလို့။

ပညာရေးဌာနကလည်း ပညာရေးဌာနပင်။

မရောင်ရာ ဆီလူး။

ဆရာတွေကို White Card တွေ၊ Green Card တွေနှင့် ခြိမ်းခြောက်လို့ခြိမ်းခြောက်။ 'ရ' ထားတဲ့ဘွဲ့နဲ့ မကိုက်ညီတဲ့ဘာသာရပ် မသင်ရဘူး ပြောလို့ပြော။ တကယ်လည်းမဟုတ်။ လုပ်စားခေတ်က ဥပဒေကြီးအတိုင်း လုပ်နေတုန်း။ စစ်သည်။ ဆေးသည်။ ရစ်သည်။ မေးသည်။ အံ့ဖွယ်။ မူလတန်း ဘယ်မှာနေသလဲ။ အထက်တန်း ဘယ်ကျောင်းထွက်လဲ။ နောက်ထပ်နာမည်ရှိသေးလား။ ဟား ဟား...။ မရောင်ရာဆီလူး။ ပြီးတော့ ထုတ်ပေးသည့် Green Card ထဲမှာ တွေ့ရာစာရေးမ ရေးခိုင်းထားသည့် နမော်နမဲ့ အမှားတွေ ဗရပွနဲ့။

**ဆရာတွေကို White Card တွေ၊ Green Card တွေနှင့် ခြိမ်းခြောက်လို့ ခြိမ်းခြောက်။ 'ရ' ထားတဲ့ဘွဲ့နဲ့ မကိုက်ညီတဲ့ ဘာသာရပ် မသင်ရဘူး ပြောလို့ပြော။ တကယ်လည်း မဟုတ်။ လုပ်စားခေတ်က ဥပဒေကြီးအတိုင်း လုပ်နေတုန်း။ စစ်သည်။ ဆေးသည်။ ရစ်သည်။ မေးသည်။ အံ့ဖွယ်။ မူလတန်း ဘယ်မှာနေသလဲ။ အထက်တန်း ဘယ်ကျောင်းထွက်လဲ။ နောက်ထပ်နာမည် ရှိသေးလား။ ဟား ဟား...။ မရောင်ရာ ဆီလူး။ ပြီးတော့ ထုတ်ပေးသည့် Green Card ထဲမှာ တွေ့ရာစာရေးမ ရေးခိုင်းထားသည့် နမော်နမဲ့ အမှားတွေ ဗရပွနဲ့။**

ကြည့်ဦး။

ဘွဲ့... M.A (Chemistry) ။ ကိုင်း...ဘယ့်နှယ်လုပ်မလဲ။ M.A (ဓာတု) တဲ့။ စစ်တုန်းက မိုးလား ကဲလား။ ရေးတော့ M.A (ဓာတု) တဲ့။ ရစ်စရာမရှိ ရစ်။ ရစ်ပြီးတော့လည်း 'အနှစ်' မရှိ။ အင်း...ဖြည့်တွေးစရာတောင် မရှိလောက်အောင် ဖြစ်ခဲ့ပြီဟု ပြောရချိမ့်မည်။

ပညာရေးလောကမှ ဆရာ ဆရာမကို မူးယစ်ရာဇဝအလား စစ်ဆေးသည် ကတော့ ခေတ်မရှိသင့်တော့။ လက်ခံ၍ မရနိုင်တော့။ အမုန်းခွန်အားပေးသနားပါလို့ အော်ရပေတော့အံ့။

ဘယ်သူ့ကို မုန်းရမည်လဲ။

ဖြေတွေးနဲ့ပဲ နေကြရဦးမှာလား။

ဖြည့်တွေးနဲ့ပဲ ရင်ဆိုင်နေကြရဦးမှာလား။

သံသယမြစ်ကမ်းနံဘေးမှာ တွေဝေရင်း ငေးနေကြရဦးမှာလား။ တချို့ကတော့ပြောသည်။ လက်ကျန်ငမိုက်သားတွေအတွက် သည်းခံဦးဆိုလား။ ၂၀၂၀ အပြုတ်တိုက်ကြစို့ဆိုလား။ ဘာကိုယုံရမည်မသိ။ တွေတွေဝေဝေပင်။

## သံသယကြောင့်ပင် အသက်ရှည်ရဦးမလား

အသက် ၁၀၀ ပြည့်သွားတဲ့အဘိုးရဲ့အသက်ရှည်ရခြင်းအကြောင်းရင်းကို အများကမေးကြတော့ အဘိုးက ပြုံးပြုံးကြီးဖြေပါတယ်တဲ့။

''ငါ့မိန်းမနဲ့ငါနဲ့ လွန်ခဲ့တဲ့ ၇၅ နှစ်က လက်ထပ်ချိန်မှာ ကတိသစ္စာတစ်ခု ပြုခဲ့ကြတယ်။ သူနဲ့ငါ့ကြား အမှားတစ်ခုခုလုပ်မိရင် လုပ်မိသူက မှားမှန်းသိသွားတဲ့အခါ အိမ်ပြင်ထွက်ပြီး ငါးကီလိုမီတာ လမ်းလျှောက်ရတယ်''

''၇၅ နှစ်အတွင်းမှာ ခဏခဏထွက်လမ်းလျှောက်ရတော့ ကျန်းမာတာပေါ့ကွာ'' လို့ အဘိုးကဖြေတော့ လူအုပ်ကြားက လူတစ်ယောက်က ''အဘွားလည်း ပိန်ပိန်ပါးပါးနဲ့ ကျန်းမာသန်စွမ်းနေတာပဲ မဟုတ်လား'' လို့ ပြောတယ်။

အဲဒီတော့ အဘိုးဖြစ်သူက ပြုံးစေ့စေ့နဲ့ပြန်ဖြေတာကတော့ ဒီလိုပါ။

''အေး... ငါမှားတိုင်း ငါးကီလိုမီတာ တကယ်လျှောက်မလျှောက် နောက်ကနေ လိုက်ချောင်းရင်းနဲ့ မင်းတို့အဘွားလည်း ကျန်းမာနေတာပေါ့ကွာတဲ့''

ကိုင်း...။

အပြစ်ရှိသူတွေ လမ်းဆုံးအောင်လျှောက်မလျှောက် သံသယနဲ့ လိုက်ချောင်းရင်းနဲ့ပဲ ကျွန်တော်တို့တိုင်းပြည်ကလူတွေတော့ ကျန်းမာသက်ရှည်နေကြဦးတော့မှာပါပဲ။

အင်း...

ဒီလိုပဲ...

ဖြည့်တွေးရင်း ကျေနပ်လိုက်ရသည်ပေါ့။

■ **မျိုးသည်မင်း**

# ခိုကိုးရာမဲ့တို့ကိုဖိစီးထားသည့် ကာမဘီလူးများ

**ကျော်ဗလ**


Twitter

အသက် ၇ နှစ်အရွယ် ကလေးမလေးသည် ဂေဟာတွင် ခိုကိုးနေသည့် မိန်းကလေး ပေါင်း ၃၄ ဦး တွင် အငယ်ဆုံးဖြစ်သည်။ ကလေးများကို ဂေဟာတွင် မုဒိမ်းမှုကျူးလွန်ခြင်းအပြင် သတ်ဖြတ်နေ သည်ဆိုသည့် သတင်းက အိန္ဒိယတစ်နိုင်ငံလုံးပျံ့နှံ့ သွားသည်။ ခိုကိုးရာမဲ့ဂေဟာ တစ်ခုတွင် ဘီလူးစီးနေ သည့်လူတစ်စုအပေါ်ပြည်သူတွေ ဒေါသထွက်ကြသည်။

Seva Sankalp Samiti ဂေဟာတွင် ကလေးပေါင်း ၄၄ ဦးကိုလက်ခံထားကြောင်း သိရသည်။ ဘူတာနှင့် လမ်းများပေါ်တွင် လျှောက်သွားနေကြ သော အိမ်ကထွက်ပြေးလာသည့် ကလေးများအတွက် ခေတ္တခိုနားရာ နေရာတစ်ခုအဖြစ် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတစ်ခုလည်းဖြစ်သည်။

ဂေဟာအတွင်း ကယ်ဆယ်ခြင်းခံလိုက်ရသည့် မိန်းကလေး ၃၄ ဦးထဲတွင် အသက်အကြီးဆုံးမှာ ၁၈ နှစ်ဖြစ်ပြီး အငယ်ဆုံးမှာ ၇ နှစ်အရွယ်ကလေးဖြစ် သည်။ အခင်းဖြစ်ပွားခဲ့သည့် ဂေဟာမှ တာဝန်ရှိသူ ၁၀ ဦးကို ဖမ်းဆီးထားပြီး ယင်းတို့အထဲတွင် ဂေဟာမှူး ဘရာဂျက်ရှ် သာခါလည်းပါသည်။ သူက ပြစ်မှုများကို သူ မကျူးလွန်ကြောင်း ငြင်းဆန်ထားပြီး၊ တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်လျက်ရှိသည်။

မိန်းကလေးများ၏ ထွက်ဆိုချက်များကို ဇူလိုင်လ ၂၇ ရက်နေ့က အထူးခုံရုံးတွင် စတင်စစ်ဆေးခဲ့သည်။ အိန္ဒိယနိုင်ငံ ကလေးသူငယ်များလိင်မှုဆိုင်ရာအကြမ်း ဖက်မှုကာကွယ်ရေးဥပဒေ (POCSO) အရ ထိုအမှု ကို စစ်ဆေးရန် စီစဉ်နေကြသည်။ POCSO ဥပဒေ ကို ဧပြီလကမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အသက် ၁၂ နှစ်အောက် ကလေးများကို မုဒိမ်းမှု ကျူးလွန်ပါက သေဒဏ်ချမှတ်နိုင်သည့် ဥပဒေဖြစ် သည်။ ယခုဂေဟာတွင် ဖြစ်ပွားခဲ့သည့် ပြစ်မှုမှာ မိန်းကလေးများအားလုံး မုဒိမ်းမှုများ ကျူးလွန်ခြင်း ခံထားရခြင်းနှင့်လည်း ပတ်သက်နေသည်။

Seva Sankalp Samiti ဂေဟာသည် အစိုးရ ခွင့်ပြုချက်ရထားသည့် NGO အဖွဲ့အစည်းတစ်ခု အဖြစ် ရပ်တည်နေ သည်။ အလှူငွေများအပေါ် မှီခို ရပ်တည်နေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ၂၀၁၃ ခုနှစ် ကတည်းက ထူထောင် ထားသည်။ အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်း ခိုကိုးရာမဲ့တို့ကို ပြုစုပျိုးထောင်ရန် ဖွင့်လှစ်ထားသည်ဟုဆိုသည်။

ဂေဟာမှူးအဖြစ် တာဝန်ယူထားသည့် သာခါ သည် ဂေဟာအတွင်းရှိ ပြစ်မှုများကို စနစ်တကျ ကျူးလွန်နေသည့် ဘီလူးတစ်ကောင်အဖြစ် အားလုံး ကသတ်မှတ်ထားသည်။ ကလေးများ၏ ပြောကြားချက် အရ သူသည် မိန်းကလေးများကို ဝတ်လစ်စားလစ် ထားသည်။ ကြိမ်၊ ခါးပတ်များနှင့်ရိုက်သည်။ အိပ်ဆေး များ ထိုးပေးပြီး သူနှင့် အပေါင်းအပါများသည် ကလေးများကို အကြိမ်ကြိမ် မုဒိမ်းကျင့်ကြသည်။

ကလေးများက သူတို့အပေါ် သာခါနှင့် အပေါင်း အပါများ မည်သို့ ပြုကျင့်ကြကြောင်း ပြန်လည်ပြော ပြချက်များမှာ ကြားလို့မှမတော်၊ ဖော်ပြလို့မှမကောင်း ဖြစ်သည်။ အသက်အငယ်ဆုံး မုဒိမ်းကျင့်ခံထားရ သည့် ၇ နှစ် အရွယ်ကလေးက သူသည် သာခါ၏ ပုံမှန် ရိုက်နှက်ခြင်းကို ခံနေရသူဖြစ်ကြောင်း သူ့ကို သူတို့ ကလေးတွေက ‘ကြိမ်ကိုင်ဦးလေး’ ဟုပင် နောက်ကွယ် တွင်ခေါ်နေကြကြောင်း ပြောကြားသည်။

အသက် ၁၀ နှစ်အရွယ်ကလေးမလေးကလည်း သူ့ကို ညဆိုလျှင် လာဆွဲခေါ်သွားတတ်ပြီး အဝတ် အစားတွေကို ဆွဲချွတ်ခဲ့ကြောင်း၊ ငြင်းဆန်လျှင်လည်း ခြေထောက်များကို ရောင်လာသည်အထိ ရိုက်နှက် တတ်ကြောင်း ပြောပြသည်။ တစ်ယောက်ကလည်း ဆေးသောက်ရန် ငြင်းဆန်သည့်သူ့ကို ရေနွေးပူနှင့် လောင်းသည်ဟုဆိုသည်။ ကလေးတစ်ယောက်က အဓမ္မပြုကျင့်သူကို တွန်းလိုက်ရာ သူ့ကို ရက်ပေါင်း များစွာ အငတ်ထားပြီး နောက်ဆုံး တောင်းပန်ပြီး သူတို့အလိုလိုက်မှ ခွင့်လွှတ်လိုက်သည်။ မုဒိမ်းကျင့် ရန် ငြင်းဆန်လျှင် ရိုက်နှက်ခြင်းမှာ ရိုးနေပြီဟု မိန်းကလေး တစ်ယောက်က ရဲကို ပြောပြသည်။

မိန်းကလေးတစ်ဦးကလည်း ဂေဟာတွင် ကီရန် အန်တီဆိုသည့် မိန်းမကြီးမှာ ကြောက်စရာအကောင်း ဆုံး ဖြစ်သည်ဟုဆိုသည်။ ထိုမိန်းမကြီးက မိန်းကလေး တွေကို အဝတ်အစား မဝတ်ခိုင်းဘဲ အိပ်စေသည်။ ဆဲဆို ရိုက်နှက်ခြင်းသာမက ရေလောင်းပြီး ထားခြင်း လည်း ခံကြရသည်။ မိန်းကလေးများကို အသုံးတော်ခံ အဖြစ် သူကိုယ်တိုင်၏ စီမံပေးခြင်းကို ခံကြရသည်။ ကိုယ်ဝန်ရှိလာသော မိန်းကလေးများအား ကိုယ်ဝန် ဖျက်ချပြီး အစဖျောက်လိုက်သည်။ ထွက်ပြေးလျှင် လည်း ပြန်ဖမ်းလာသည်။ ကြိုးတုပ်ပြီး အကြိမ်ကြိမ် ရိုက်နှက် နှိပ်စက်ခြင်းကို ခံကြရသည်။ လွတ်ထွက် သွားပြီး အပြင်တွင် အကူအညီပေးရန် လိုက်တောင်းပန် သည့် မိန်းကလေးများ ရှိသော်လည်း မည်သူကမှ အကူအညီမပေးခဲ့ပေ။

ဂေဟာတွင် နေရသူများ၏ဘဝကား ညတိုင်း မည်သူ ငရဲကျမည်ကို မသိနိုင်လောက်အောင်ဖြစ် သည်။ သူတို့ ဂေဟာထဲတွင် နေသည့်ကာလများ၌ ကာမဘီလူးများအတွက် အလှည့်ကျ ဖျော်ဖြေနှစ် သိမ့်မှုကို ကလေးတိုင်း အလှည့်ကျတာဝန်တစ်ခုလို ထမ်းဆောင်ပေးနေကြရသည်။

ဘီဟာအမျိုးသမီးအဖွဲ့က ထိုဂေဟာအတွင်း ဝင်ရောက်စစ်ဆေးခွင့်ရခဲ့သည်။ အမျိုးသမီးအဖွဲ့က တွေ့ရှိချက်များကို အစိုးရထံပြန်ပြီး အစီရင်ခံရမည် ဖြစ်သည်။ မိန်းကလေးများကို စစ်ဆေးရာတွင် အချို့သော မိန်းကလေး များ၌ လက်များတွင် ဒဏ်ရာများ တွေ့ကြရသည်ဟုဆိုသည်။ မေးကြည့်ရာ၌ သူတို့ကို မုဒိမ်းကျင့်စဉ် လက်များကို ပုလင်းကွဲများဖြင့် ခြစ်ပြီး အာသာဖြေကြကြောင်း ပြောပြကြသည်။

ယခုအခါ Seva Sankalp Samiti ဂေဟာကို အစိုးရက ချိတ်ပိတ်ထားလိုက်ပြီဖြစ်သည်။ ဖမ်းဆီး ထားသူများ ထဲတွင် ကလေးသူငယ်ကာကွယ်ပေးရေး အရာရှိတစ်ဦးလည်း ပါဝင်နေသည်။ သူက အစိုးရ၏ လူမှုဖူလုံရေးဌာန အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

မူဇက်ဖာပါရဲတပ်ဖွဲ့မှ ဌာနမှူး ဟာပရစ်ခါးက လည်း ပြစ်မှုကျူးလွန်ထားသူများကို တရားစွဲဆိုနိုင် ရန်အတွက် မိမိတို့ထံတွင် ခိုင်လုံသော သက်သေများ ရှိနေပြီဖြစ်ကြောင်း၊ ကလေးများကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ထားမှုများအား ဆေးစစ်ချက်အစီရင်ခံစာ များ လုပ်ဆောင်နေကြောင်း၊ ဂေဟာအတွင်းကို ဝင်ရောက်စစ်ဆေးရာတွင် လည်း အနံ့အသက်များ အလွန်ဆိုးဝါးနေကြောင်း ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က မသင်္ကာသဖြင့် ဂေဟာဝန်းကျင်ရှိ မြေများကိုလည်း တူးဖော်ကြည့်လျက်ရှိသည်။ ကလေး တစ်ယောက်၏ ထွက်ချက်ထဲတွင် ၇ နှစ်အရွယ် သူ့ သူငယ်ချင်းတစ်ယောက် ပျောက်သွားသည်ဟု ပါရှိထား သည်။ ရဲတပ်ဖွဲ့က တစ်နေရာတွင် မြှုပ်ထားနိုင်ကြောင်း သံသယဖြင့် မြေလှန်ရှာဖွေနေကြသော်လည်း ယခုအထိ မတွေ့ရသေးပေ။

ဂေဟာအတွင်း၌ ဒုတိယထပ်ကိုတက်သည့် လှေကားတစ်ခုကို ကားဂိုဒေါင်ထဲတွင် တွေ့ရသည်။ ဒုတိယထပ်က မိန်းကလေးတွေကို ထားသည်။ ကာမဘီ လူးများသည် ထိုလမ်းကိုသုံးပြီး မိန်းကလေးတွေကို တစ်ယောက်ပြီး တစ်ယောက်ဆွဲခေါ်ကာ ကျူးလွန်ကြ သည်။

ပတ်နာဆေးကောလိပ်နှင့် ဆေးရုံကြီးမှ ဆေး အဖွဲ့က မိန်းကလေးများကို စစ်ဆေးပေးခဲ့သည်။ သူတို့ ၏ စစ်ဆေး တွေ့ရှိချက်များတွင်လည်း ဂေဟာနေ မိန်းကလေးအားလုံး အဓမ္မပြုကျင့်ထားခြင်း ခံထား ရကြောင်း ဖော်ပြထား သည်။

“ကလေးတွေအားလုံးကို ကျွန်တော်တို့ ဆေးရုံ ခေါ်လာပြီး ဆေးစစ်ခိုင်းတယ်။ လိင်ပိုင်းဆိုင်ရာ အဓမ္မ ကျူးလွန်ထားခြင်း ခံထားရမှုရှိ၊ မရှိပေါ့။ အားလုံးကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံထားကြပါတယ်” ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ ရာဂျစ် ရန်ဂျန် ပရာဆတ် ကပြောကြားသည်။

Seva Sankalp Samiti ဂေဟာသည် ဘီဟာ လူမှုဖူလုံရေးဝန်ကြီး မန်ဂျူ ဗာမာ၏ ခင်ပွန်းဖြစ်သူ ကိုယ်တိုင် ဝင်ထွက်သွားလာနေသည့် နေရာဖြစ်သည်။ မန်ဂျူ၏ ယောက်ျားသည် ဤဂေဟာကို လာပြီး မုဒိမ်းမှု ကျူးလွန် ရာ၌ ပါဝင်သည်ဆိုသော စွပ်စွဲချက်များကို ဝန်ကြီးက သတင်းမီဒီယာများကိုခေါ်ပြီး နိုင်ငံရေးကို ဤအမှုအတွင်း ဆွဲမထည့်ရန် ရှင်းလင်းပွဲလုပ်သည်။ မန်ဂျူကိုယ်တိုင်က ဤအမှုတွင် သူ့ခင်ပွန်း လုံးဝပါ ဝင်ပတ်သက်မှု မရှိကြောင်း ငြင်းဆိုထားသည်။

အိန္ဒိယနိုင်ငံ၏ထိပ်တန်းအထူးစုံစမ်းစစ်ဆေး ရေးဌာန CBI (Central Bureau of Investigation) ကလည်း ထိုအမှုကို ယခုအခါကိုင်တွယ်နေပြီဖြစ် သည်။ လူ့အခွင့်အရေးလှုပ်ရှားသူများကလည်း နယူးဒေလီတွင် ၂၀၁၂ ခုနှစ်က ကျောင်းသူတစ်ဦးကို အုပ်စုလိုက် မုဒိမ်းကျင့်ပြီး သတ်ဖြတ်မှု ဖြစ်ပွားပြီး ကတည်းက အစိုးရအနေနှင့် ဥပဒေကိုပြုပြင်ပြီး တင်းကျပ်စွာ နှိပ်ကွပ်သင့်သော်လည်း မလုပ်ခဲ့သဖြင့် ယနေ့တိုင် မိန်းကလေးများ၏ အဓမ္မ အကျင့်ခံနေရမှု များမှာ တိုးလာပြီး လျော့သွားခြင်း မရှိခဲ့ကြောင်း ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ယခု ဂေဟာတွင် ဘီလူးစီး နေသည့်အမှုမှာ ဥပဒေကိုပြင်ဆင်ပြီးနောက် ပထမ ဆုံးကိုင်တွယ်ရမည့် အမှုဖြစ်သောကြောင့်လည်း တရားဥပဒေကို အမြန်ဆုံးနှင့် အမှန်ဆုံးဖြစ်အောင် လုပ်ဆောင်သင့်ကြောင်း ဝိုင်းဝန်းထောက်ပြ အကြံပြုကြသည်။

အိန္ဒိယနိုင်ငံတရားရေးဝန်ကြီးဌာနကလည်း ကလေးသူငယ်များအား မုဒိမ်းမှုကျူးလွန်သည့် ကိစ္စများ ကို အမြန်ဆုံး တရားစီရင်ပြီး ပြစ်ဒဏ်များချမှတ်ရန် တွန်းအားများပေးထားသည်။ ဂေဟာတွင်ဖြစ်ပွား ခဲ့သော အုပ်စုလိုက် မုဒိမ်းမှု၌ အမျိုးသမီးဂေဟာတွင် အဘယ်ကြောင့် အမျိုးသားအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်း များကို ခန့်ထားရသနည်းဆိုသည့်မေးခွန်းကို စတင် ရင်ဆိုင်ရသည်။ နိုင်ငံအတွင်းရှိ ဂေဟာများတွင် ထိုသို့ မဆီလျော်မှု များမည်မျှရှိနေသနည်းဆိုသည်ကို ပါလီမန်တွင် မေးခွန်းထုတ်ရန် အမတ်တွေက စီစဉ် နေကြသည်။ ထို့ပြင် မည်သည့်ဂေဟာသည် မည်သည့် ရန်ပုံငွေများနှင့် ရပ်တည်နေသည်။ မည်သို့ရပ်တည် နေသည်၊ ဘာတွေ ဖြစ်ပျက်နေသည်ဆိုခြင်းများကို အမြဲတမ်းအစီရင်ခံရန် လိုအပ်ကြောင်းလည်း ထောက် ပြလာကြသည်။

ယခုအခါ Seva Sankalp Samiti ဂေဟာမှ မိန်းကလေးများကို ဘီဟာနယ်ရှိ အမျိုးသမီး စောင့် ရှောက်ရေး ဂေဟာများသို့ ခွဲပို့ထားသည်။ သူတို့၏ မိဘများကို ရဲတပ်ဖွဲ့က ကြိုးစားပြီး ရှာဖွေပေးသော် လည်း မတွေ့ကြောင်း ပြောကြားသည်။ မိန်းကလေး အချို့က ဘီဟာမှဖြစ်ပြီး အခြားမိန်းကလေးတွေမှာ အနောက်ဘန်ဂေါနယ်များက ရောက်လာကြသူပင်ရှိ သည်။ ဘီဟာမှ ကီလိုမီတာ ၅၀၀ ခန့်အကွာက ရောက် လာကြခြင်းဖြစ်သည်။ ဂေဟာများ တွင် မိန်းကလေး များကို ထားသည်ဆိုသော်လည်း ဂေဟာဆိုတိုင်း သူတို့ ဘဝများအတွက် လုံခြုံမှုရှိနိုင်မည် လားဟု မေးခွန်း ထုတ်စရာဖြစ်လာသည်။ ဘီဟာနယ်တွင်သာမဟုတ် အခြားသော ပြည်နယ်များရှိ အမျိုးသမီး ဂေဟာများ တွင် အလားတူဖြစ်ရပ်တွေ မည်မျှရှိနေသနည်း။ ဂေဟာ တွင်ခိုလှုံနေသူများကို အဖျော်ဖြေခံ အသုံးတော်ခံ များအဖြစ် အသုံးချနေသည့်နေရာတွေ မရှိနိုင်ဘူး လားဟုလည်း နိုင်ငံရေးသမားတွေက ယခုမှ တွေးဆ မေးခွန်းထုတ်လာကြသည်။

နယူးဒေလီလူမှုသုတေသနစင်တာမှ ဒါရိုက်တာ ရန်ဂျနာ ကုမာရီက “လူတွေကနိုးနိုးကြားကြားရှိလာ ကြမယ် ဆိုရင် ဒီလို စက်ဆုပ်ဖွယ်အဖြစ်အပျက်တွေ ထက်ဖြစ်လာစရာအကြောင်းမရှိဘူးပေါ့” ဟုဆိုသည်။

အိန္ဒိယနိုင်ငံတွင် ၁၅ မိနစ်တိုင်း ကလေးတစ် ယောက် မုဒိမ်းကျင့်ခံနေရကြောင်း Child Rights and You အဖွဲ့က ထုတ်ပြန်ထားသည်။ လွန်ခဲ့သည့် ဆယ်စုအတွင်း မုဒိမ်းမှုတွေက ၅၀၀ ရာခိုင်နှုန်း ကျော် မြင့်မားလာသည်။ ၂၀၁၆ ခုနှစ်တွင် ရဲတပ်ဖွဲ့က လက်ခံရရှိသည် မုဒိမ်းမှုပေါင်း ၃၉၉၄၇ မှုရှိသည်။ ၂၀၁၅ ခုနှစ်က ၃၅၀၀၀ ခန့် ရှိသည်ဆိုသဖြင့်တိုးတက် လာသည့်သဘောဖြစ်သည်။ ယင်းမှာ အမျိုးသား ရာဇဝတ်မှုမှတ်တမ်းဌာန၏ ထုတ် ပြန်ချက်စာရင်းဖြစ် သည်။

ကလေးတွေက ယခုအခါ ဘီဟာနယ်ထဲမှာပင် အေးချမ်းလုံခြုံစွာရှိနေသည်။ သူတို့က -

“ကျောင်းပြန်တက်ချင်တယ်။ သမီးတို့ ရဲဖြစ် အောင်လုပ်မယ်။ ရဲဖြစ်လာရင် ဒီလို သမီးတို့ကို ခံစား ရအောင် လုပ်တဲ့သူတွေကို ပြန်ပြီး လက်စားချေမယ်” ဟုဆိုကြသည်။

■ **(Ref: The Times of India, Undia Today, NDTV, Pakistan Defence, India Times)**

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၂၀၄)

ဓမ္မဒူတအရှင်ဆေကိန္ဒ


ဓာတ်ပုံ-အောင်နိုင်

အလုပ်လုပ်ရမယ်ဆိုတဲ့စိတ်က စွဲထားတယ်။ နောက် ၁၉ နှစ်၊ ၂၀ လောက်ရောက်တော့ ကြားရတာပေါ့လေ သိရတာပေါ့။ မြန်မာနိုင်ငံမှာ လျှပ်စစ်ကနည်းလာပြီ။ အရင်တုန်းကတော့ လောပိတပဲရှိတာကိုး။ အဲဒီတော့ မီးအားတွေနည်းလာတယ်။ မီးအားတွေနည်းလာတော့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က မီးအားနည်းလာတာကို ဘယ်လိုဆုံးဖြတ်လိုက်တုံးဆိုတော့ ဟုတ်ချင်လည်း ဟုတ်မယ်ပေါ့။ သတင်းကြားပေါ့။ မဟုတ်ချင်လည်း မဟုတ်ဘူးပေါ့။ အေး လမ်းမီးတိုင်တွေ လမ်းမီးတိုင်တွေ စွမ်းအားကို တစ်ဝက်ချွေတာလိုက်ပါ။ လမ်းမီးတိုင်တွေ ထွန်းထားတာတွေကို တစ်ချောင်းကျော်စီထွန်းပါ။ ဒီလို ဆုံးဖြတ်လိုက်သတဲ့။ ကိုယ်က တောဆိုတော့ ဘယ်သိမှာတုံး။ မြို့တွေမှာ တကယ် အဲဒီလိုလုပ်ဖြစ်လား မလုပ်ဖြစ်လား မသိဘူး။ လုပ်ဖြစ် တယ်လို့ ထင်တာ။ စိတ်ထဲမှာ အဲဒီတုန်းက ကိုယ်ဖြစ် သွားလိုက်တာက။ မဟုတ်ဘူး လမ်းမီးတိုင်တွေ လျှပ်စစ် အားနည်းလာတဲ့အခါ လမ်းမီးတိုင်တွေကို တစ်တိုင်စီ လျှော့လိုက်ပါလို့ ပြောတာထက် တစ်တိုင်မှမလျှော့နဲ့။ လျှပ်စစ်မီး ပိုထုတ်နိုင်အောင် ကြိုးစားပါ့လား၊ စီမံကြပါလား၊ လုပ်ကြပါလားလို့ စိတ်ထဲ ဖြစ်မိတယ်။

ဒီနေရာမှာ ငယ်ကတည်းက ခံစားချက်က အလုပ်လုပ်ရမယ်၊ ချွေတာရမယ်။ အလုပ်လုပ်ရမယ် ချွေတာရမယ်။ ချွေတာတယ်ဆိုတဲ့ နေရာမှာ ဓာတ်တိုင်နှစ်တိုင်ကို တစ်တိုင်လျှော့တာ ချွေတာတာ မဟုတ်ဘူး။ ဘုန်းဘုန်းအမြင်ပေါ့လေ။ အဲလိုသာ ချွေတာကြစတမ်းဆိုရင် လုံချည်၊ အင်္ကျီဝတ်တာကို အင်္ကျီမဝတ်နဲ့ လုံချည်ပဲဝတ်လို့ လုပ်ရသလိုဖြစ်သွားမယ်လေ။ ဟို ချွေတာတာရဲ့ အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားမယ်။ မချွေတာပါနဲ့။ မီးတိုင်နှစ်တိုင် ထွန်းသင့်လို့ကို သူ့ဆိုင်ရာဆိုင်ရာက နှစ်တိုင် ဘယ်လောက်ခြားပြီးတော့ ဘယ်လောက်ခြားပြီးတော့ နှစ်တိုင်ထွန်းသင့်လို့ ဒီမီးရောင်နဲ့ ဒီမီးရောင်နဲ့ ဒီကားတွေ သွားတဲ့အချိန် ဒီလိုဆိုတာ သူတို့ဟာသူတို့ ပညာရပ်နဲ့ တွက်ချက်ပြီးသား။ အဲဒါကို ကိုယ် က ကိုယ့်ဘက်ကပဲကြည့်ပြီး လျှပ်စစ်မီးသက်သာအောင် တစ်ဝက်လျှော့ထွန်း ဆိုတော့ ဒါ တခြားမမြင်ရတဲ့ အန္တရာယ်တွေ ပေါ်လာနိုင်တယ်။ ဘုန်းဘုန်းက အဲသလို အစီအမံနဲ့ဆိုရင် ကိုယ်သာဆိုရင် မီး အခုမလျှော့နဲ့။ အပြည့်လုပ် အပြည့်လုပ်။ ဒါ သုံးတာသုံးတာ ဖြုန်းတာ မဟုတ်ဘူး။ လုပ်အားကို နှစ်ဆတက်လိုက်ပါလား။ လျှပ်စစ်ဓာတ်အားကို နှစ်ဆတက်လိုက်ပါလား။ သုံးဆတက်လိုက်ပါလား။

အဲဒီမှာတင် စိတ်ထဲက ဘာဖြစ်လာတုံးဆိုတော့ ငယ်ကတည်းကပါ။ အိမ်မှာ အမေ အကြည် ခြိုးခြံချွေတာတဲ့ စစ်မှန်တဲ့နည်းနဲ့ အဝတ်အစား ကိုယ့်ဟာကိုယ်ပဲ ချုပ်ဝတ်တယ်။ ကုန်ကုန်ပြောမယ် ဘယ်လောက်ချွေတာတုံးဆို အဘလည်း ဆံပင်ကိုက်တတ်တယ်၊ အဖေလည်း ဆံပင်ကိုက်တတ်တယ်။ ဆံပင်ညှပ်တတ်တယ်။ အိမ်မှာ ဆံပင်ညှပ်တဲ့ စက်ကတ်ကြေးရှိတယ်။ ကတ်ကြေးရှိတယ် သင်တုန်းဓားရှိတယ်။ သားသမီးတွေ ဘယ်ဆိုင်မှ ဆံပင်သွားမညှပ်ရဘူး။ သူတို့ ညှပ်ပေးတာ။ ကိုယ်ကိုယ်တိုင် အလုပ်လုပ်ကြတယ်။ အဲဒါကို ခြိုးခြံချွေတာတယ် ခေါ်တယ်။ ရယ်တော့ ရယ်စရာကြီးပါ ပြောရတာ။ ရယ်စရာကြီးဆိုတာ ဘေးက ရယ်မှာပါ။ ဟုတ်ကဲ့လား ကိုယ့်အိမ်မှာတင် ဆံပင်ညှပ်ကြတာ ဟုတ်ကဲ့လားဆို စက်ကတ်ကြေးရှိတယ်။ ကွပ်ကွပ်ကွပ်ကွပ်နဲ့ ဘုန်းဘုန်းတို့တောင် စက်ကတ်ကြေး ထိုးတတ်သေးတယ်။ ရိုးရိုးကတ်ကြေးရှိတယ် သင်တုန်းဓားရှိတယ်။ ဆံပင်တောင် ကိုယ့်ဟာကိုယ် ညှပ်ကြတာ။ အဖေက ညှပ်ပေးတယ်။ အဘက ညှပ်ပေးတယ်။ ခေါင်းကိုယ့်ဟာကိုယ်တုံးတယ်။ ဆိုင်သွား မတုံးဘူး။ ခြိုးခြံချွေတာတာက တကယ် အဲလို။ ဘယ်လိုလုပ်သောအားဖြင့် ခြိုးခြံချွေတာတာလဲ။ အိမ်တွင်းမှာ ကိုယ်လုပ်နိုင်တဲ့အလုပ်ကို ကိုယ့်အလုပ် ကိုယ်လုပ်သောအားဖြင့် အိမ်တွင်းမှုလုပ်ငန်း လုပ်သောအားဖြင့် ခြိုးခြံချွေတာတာ။

ထမင်းဟင်း ကိုယ့်ဟာကိုယ် ချက်စားတယ်။ အိမ်တွင်းမှု လုပ်တာပဲ။ အစားအသောက် ကိုယ့်ဟာကိုယ် ထုတ်တယ်လေ။ ဆိုင်က ဝယ်မစားဘူးလေ။ အိမ်မှာ စက်ချုပ်တယ်။ ကိုယ့်ဟာကိုယ် အဝတ်အထည် ထုတ်တယ်လေ။ အပြင်က ဝယ်မဝတ်ဘူးလေ။ ကိုယ့်ဟာကိုယ် ဆံပင်ညှပ်တယ်လေ။ အပြင်က ဝယ်မလုပ်ဘူးလေ။ ဒါ ခြိုးခြံချွေတာတာ။ အဝတ်နှစ်ထည်ကိုတစ်ထည်လျှော့တာ မဟုတ်ဘူးနော်။ ဆံပင်ညှပ်တာကို တစ်လတစ်ခါ ညှပ်တာကို ခြောက်လမှတစ်ခါ ညှပ်တာမျိုး မဟုတ်ဘူးနော်။ မနက်စာ စားနေကျကို မနက်စာမစားပါနဲ့ ပြောတာမျိုးလည်း မဟုတ်ဘူး။ အဲလို ခြိုးခြံချွေတာခဲ့လို့ ဆင်းရဲရာက ချမ်းသာတယ်လို့ ပြောရသလို အကုန်သက်သာတာပေါ့။ တစ်ဖက်ကလည်း ဘာလဲ။ အလုပ်ကို လုပ်တာ အလုပ်ကိုလုပ်တာ။ စောစောက ဘကြီးထွန်းကြိုင်၊ ဘကြီးတင်ညွှန့်တို့ ဘကြီးလှအေးတို့ သူတို့တွေကို ကြည့်ပြီးတော့ သူတို့တွေ အလုပ်လုပ်တာပါလား။ သူတို့တွေအလုပ်လုပ်တာပါလား။ တို့လည်း အလုပ်လုပ်ရမယ်။ ပညာတတ်ပြီး အလုပ်လုပ်မလား။ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းပညာတတ်ပြီး လုပ်မလား။ ဒါမှမဟုတ်ရင် ခေတ်ပညာတတ်ပြီး ရုံးစာရေးစာချီ အတတ်ပညာနဲ့ လုပ်မလား။ ဒါ ငယ်တုန်းကတော့ စိတ်ထဲမှာ ဇဝေဇဝါနဲ့ တွေးခဲ့တာတွေပေါ့။ ဆုံးဖြတ်ချက်ကတော့ ချလိုက်ပါတယ်။ အလုပ် လုပ်ကိုလုပ်ရမယ်။ အလုပ်မလုပ်လို့တော့ မချမ်းသာဘူး။ မဖြုန်းနဲ့ သုံးတတ်အောင် လုပ်ရမယ်။

ကြီးကြီးကျယ်ကျယ်ပြောရင်တော့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပေါ့။ အိမ်တွင်း ဆံပင်ညှပ်လုပ်ငန်း၊ အိမ်တွင်း အထည်ချုပ်လုပ်ငန်း၊ အိမ်တွင်း အစားအသောက်လုပ်ငန်း။ ကိုယ့်ဟာနဲ့ကိုယ်တင် စားနိုင်တယ်လေ။ အကုန်သက်သာသွားတယ်။ စားဝတ်နေရေး ကိုယ့်ဟာကိုယ် အိမ်ထဲမှာ ဖန်တီးတယ်။ အပြင်ကကျတော့ အလုပ်လုပ်ဖို့ကျတော့ အိမ်တွင်းမှုလုပ်ငန်း အိမ်မှာလုပ်တဲ့ ဝါးကပ်လုပ်ငန်းကိုပဲ ဘုန်းဘုန်းတို့ ငယ်ကတည်းက ရက်တယ်။ ဝါးကပ် နွှာတတ်တယ်၊ ခုတ်တတ်တယ်၊ ဖြတ်တတ်တယ်။ ဝါးထရံ လုပ်တတ်တယ်။ ဝင်းထရံတွေ လုပ်တတ်တယ်။ အိမ်ကာတဲ့ ထရံတွေ လုပ်တတ်တယ်။ နောက်ဆုံး အိမ်သာကျင်းခွေတွေ လုပ်တတ်တယ်။ ဝါးနဲ့ပတ်သက်ရင်ဟော့ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တယ်။ အလုပ် လုပ်ကိုလုပ်တယ်။ နည်းနည်းတော့ အဲ အလုပ်လုပ်တယ် ဆိုမှတော့ ဒီတိုင်းနေလို့တော့။ ကြိုးစားရတာပေါ့။ မနက်စောစော လေးနာရီခွဲ၊ ငါးနာရီဆို ထ။ ဘုရားဝတ်တက်ချင် ဝတ်တက် သောက်ရည်ဖြည့်ချင်ဖြည့်။ လမ်းဘေးက သောက်ရေအိုးစင် ဖြည့်ချင်ဖြည့်။ ဟို ဘုရားထဲမှာ သွားတရားထိုင်ချင်ထိုင်။ ဒါပေမဲ့ ကိုယ့်မနက် ဝါးကပ်ငါးချပ်ဆိုရင် ငါးချပ်ရက်တယ်။ တစ်ဆယ်ဆို တစ်ဆယ်ရက်တယ်။ ကိုယ့်အလုပ်ကို ကျောင်းမသွားခင် အလုပ်လုပ်တယ်။ အလုပ်လုပ်ရမှာပဲ။

ဟို ဒီအလုပ်တွေ လုပ်ခဲ့သလို ကိုယ့်ကျောင်းစရိတ်ကိုယ်ရှာပြီး လုပ်ခဲ့သလိုမျိုး နောက် ကြီးပွားအောင်လုပ်တဲ့ အလုပ်တွေလည်း ပြောပါမယ်။ ထင်းအရောင်းအဝယ် လုပ်ခဲ့တာတွေ၊ ဘာအရောင်းအဝယ် လုပ်ခဲ့တာတွေ။ ဒါတွေလည်း နောက်တဖြည်းဖြည်းချင်းကျတော့ ပြောပြပါမယ်။ အဲဒီ အဓိကက ဆင်းရဲရာကနေ ချမ်းသာချင်တယ်ဆိုရင် ဘယ်သူတွေ ဘာလို့ချမ်းသာနေလဲ။ အလုပ်လုပ်နေလို့ ချမ်းသာတာ။ ဒါဖြင့် ဆင်းရဲတာကို ပြောရင် ဘာလို့ဆင်းရဲတာလဲ။ အလုပ်မလုပ်လို့ ဆင်းရဲတာ။ အဲဒီအထဲမှာမှ ဆင်းရဲတာနဲ့ ချမ်းသာတာမှာ ဆင်းရဲတာ အလုပ်မလုပ်လို့ ဆင်းရဲတဲ့အပြင်။ အလုပ်မလုပ်လို့ ဆင်းရဲတဲ့အပြင်မှာ ကိုယ့်အိမ်မှာကိုယ် မုန့်လုပ်မစားဘဲနဲ့၊ ကိုယ့်အိမ်မှာတင် ကိုယ် အဲလိုမျိုး အကုန်သက်သာအောင် မနေတတ်ရင် ဆင်းရဲတာကို ကျော်ပြီးတော့ မွဲတယ်ဆိုတဲ့အဆင့် ရောက်သွားတယ်။ မွဲတယ်ဆိုတဲ့အဆင့် ရောက်သွားတယ်။ ဘုန်းဘုန်းတို့ မရှက်ပါဘူး ယောက်ျားလေး ထမင်းဟင်းချက်လို့ မိန်းမလျှာခေါ်လည်း ခေါ်ပေါ့။ ဘာဖြစ်တုံး ကိုယ်ချက်တတ်တာ။ ထမင်းဟင်းချက်တာနဲ့ မိန်းမလျှာ မဖြစ်ဘူး။ ကိုယ့်အဝတ် ကိုယ်လျှော်တယ်။ အဝတ်လျှော်တာနဲ့ မိန်းမလျှာမဖြစ်ဘူး။

တကယ်ပြောရင်တော့ ထမင်းဟင်းချက်တာဟာ ကမ္ဘာ့နိုင်ငံအသီးသီးကို ကြည့်လိုက်။ Chef ခေါ်လား။ ချက်ကြပြုတ်ကြတဲ့သူဟာ ဘယ်သူတွေ နံပါတ်တစ်လဲ။ မိန်းမတွေ ရှိသလား ယောက်ျားတွေ ရှိသလား။ ယောက်ျားတွေပဲ ထိပ်တန်း။ ယောက်ျားတွေပဲ ထိပ်တန်း။ အဲဒီတော့ ကိုယ်တတ်သင့်တဲ့အလုပ်ကို ကိုယ်တတ်အောင်သင်တယ် တတ်တယ် လုပ်တယ်။ အလုပ်လုပ်တယ်။ အသုံးအဖြုန်းတွေ လျှော့ရတယ်။ သုံးတတ်ရတယ်။ ချွေတာရတယ်။ ခြိုးခြံရတယ်။ အငတ်ခံတာ မဟုတ်ဘူး။ မဝတ်မစားတာ မဟုတ်ဘူး။ ဟို မီးတိုင်နှစ်တိုင်ကို တစ်တိုင်လျှော့တာမျိုး မဟုတ်ဘူး။ အဲဒါတော့ ဘုန်းဘုန်း မကြိုက်ဘူး။ မီးတိုင်နှစ်တိုင်ကို တစ်တိုင်လျှော့မယ့်အစား မီးတိုင်နှစ်တိုင်တင် မကဘူး အကုန်လုံး အိမ်ရော မြို့ရော လင်းအောင် ကြိုးစားပစ်ကြစမ်းပါ။ ဘုန်းဘုန်းတို့ မိသားစုတွေ ကြီးပွားချမ်းသာ တိုးတက်လာတယ် ဆိုတာ ညီအစ်ကိုမောင်နှမတွေ အကုန်လုံး အမေရော အဖေရောပေါ့လေ။ မိသားစုတွေ တက်ညီလက်ညီနဲ့ အလုပ်လုပ်ကြလို့ပါ။ အလုပ်လုပ်ကြလို့။ ခိုတာကပ်တာ မရှိဘူး။ အစ်ကိုငါးချပ် ညီငါးချပ်။ အစ်ကိုအလုပ်လုပ် ညီမအလုပ်လုပ်။ သူ့ဟာသူ ဆိုင်ရာဆိုင်ရာတွေ အလုပ်လုပ်ကြတဲ့အတွက်ကြောင့် ဘုန်းဘုန်းတို့မိသားစုက ပြန်ပြီးတော့ ဆင်းရဲရာကနေ ချမ်းသာလာတယ်။ တကယ်တွက်ကြည့်ရင် ဒီခေတ်နဲ့များ ယှဉ်ကြည့်။ ဒီခေတ်က သားသမီးတစ်ယောက် စရိတ် ကြောက်လွန်းလို့ဆိုတဲ့ ခေတ်ကြီးမှာ ဘုန်းဘုန်းတို့ အမေ အဖေက သတ္တိရှိရှိ နတ်ပြည်ဌာနနတ်လောကက ကိုယ့်ဝမ်းကြာတိုက်ကို သားသမီးလာသလောက်လာတဲ့ဘုန်းဘုန်းအမေက။ ဆယ်ယောက်အထိ မွေးတယ်။ သားသမီးတစ်ယောက်အတွက် စိတ်ပူဆယ်ယောက်ဆိုတာ ဒီခေတ်လူတွေ မစဉ်းစားရဲဘူး။ တကယ့်မိခင်မေတ္တာနဲ့ကို ဆယ်ယောက်မွေးပြီးတော့ ဘာနဲ့ပဲ ဆယ်ယောက်အားနဲ့ အလုပ်လုပ်လာခဲ့လို့ ဘုန်းဘုန်းတို့မိသားစု ပြန်ပြီး ကြီးပွားလာတာ ပြန်ချမ်းသာလာတာ။

ဒါကြောင့်မို့ ဆင်းရဲရာက ချမ်းသာချင်တယ်ဆိုရင် ခြိုးခြံလည်း ခြိုးခြံရမယ်။ အလုပ်လည်း လုပ်ရမယ်။ အသုံးအဖြုန်းလည်း လျှော့ရမယ်။ အငတ်ခံရတာ မဟုတ်ဘူး။ ဒီအသိလေး ဝင်သွားရင် ကိုယ်ကိုယ်တိုင် ကိုယ်တစ်ယောက်တည်းအတွက် အသုံးအဖြုန်းမကြီးဘဲနဲ့ ခြိုးခြံသင့်တာ ခြိုးခြံ။ အလုပ်လည်း လုပ်ရင် ကိုယ်တစ်ယောက်တည်း အရည်အချင်းတွေလည်း မြင့်လာသလို ကိုယ့်မိသားစု အရည်အချင်းတွေလည်း မြင့်လာပါတယ်။ တိုးတက်လာပါတယ်။ ဆင်းရဲဘေးက လွတ်ကင်းပါတယ်။ တကယ်တမ်း ယေဘုယျအနေနဲ့ကျတော့ အသုံးအဖြုန်း လျှော့ပြီးတော့ အလုပ်လုပ်တာမှလွဲပြီး ဆင်းရဲတွင်းက လွတ်တဲ့နည်း၊ ချမ်းသာတဲ့နည်းဆိုတာ မရှိပါဘူး။ တစ်ဦးတစ်ယောက် ချမ်းသာချင်လည်း ဒီနည်း။ မိသားစု ချမ်းသာချင်လည်း ဒီနည်း။ တိုင်းပြည်ချမ်းသာချင်လည်း ဒီနည်း။ ဒါကို သဘောပေါက်သဖြင့် ဒီနည်းလေး ဘဝဖြောင့်ကြောင်း နည်းလေးကို လက်ကိုင်ထားပြီးတော့ လျှောက်လှမ်းနိုင်သဖြင့် ဘဝဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။ ■ **ဓမ္မဒူတအရှင်ဆေကိန္ဒ**

# “ဒေါင်ဒေါင်မြည် ဖြစ်လာလောက်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ရွေးခဲ့တဲ့ ကလေးတွေပါသလို၊ သူကတော့ ဒေါင်ဒေါင်မြည်ပဲလို့ စိတ်ချပြီးရွေးခဲ့တဲ့ ကလေးတွေလည်း ပါပါတယ်”

## တင်ဇာမော်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**Myanmar Idol Season 3 သီချင်းဆိုပြိုင်ပွဲရဲ့ ဒိုင်တစ်ဦးဖြစ်တဲ့ တေးသံရှင်တင်ဇာမော်နဲ့ တွေ့ဆုံပြီး နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲဝင်တွေအပေါ်အမြင်၊ Voting စနစ်အပေါ် သူ့အမြင်နဲ့ ပြိုင်ပွဲဝင်တွေရဲ့ သီဆိုယှဉ်ပြိုင်မှုအပေါ် သုံးသပ်မှုတွေအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice:နောက်ဆုံး ဆန်ခါတင် ပြိုင်ပွဲဝင်သုံးယောက်အပေါ်ကို ဒိုင်တစ်ယောက်အနေနဲ့ ဘယ်လိုသုံးသပ်ချင်လဲ။**

**TZM:** နောက်ဆုံးကျန်တဲ့ပြိုင်ပွဲဝင်သုံးယောက်မှာတော့ ဇော်ကြီးဆိုလည်း သူတတ်နိုင်သလောက် ကြိုးစားနေတာကို မြင်ရတယ်။ မောင်ချိုလေးဆိုလည်း မိန်းကလေးထဲမှာ ရှားပါးတဲ့အသံလို့ ပြောလို့ရတယ်။ သူ့အသံက ရှားတဲ့အပြင် သူက ဆိုလည်း ဆိုတတ်တယ်။ ဒါကတော့ သူ့ပါရမီပေါ့နော်။ ဖြိုးမြတ်အောင်ဆိုလည်း ယောကျ်ားဆန်တဲ့ ရော့ခ်သီချင်းတွေကို ဆိုဖို့အတွက် သူ့မှာ အင်အားလည်းရှိတယ်။ အသံလည်းရှိပါတယ်။ ကလေးတွေက သူတို့အသံနဲ့ မလိုက်တဲ့ Theme တွေနဲ့ ယှဉ်ပြိုင်ရတဲ့အပတ်တွေမှာလည်း အကောင်းဆုံး ကြိုးစားပြီးတော့ ယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ ပြိုင်ပွဲက Voting နဲ့ သွားတဲ့အတွက် ပရိသတ်က ကိုယ်အားပေးတဲ့ ပြိုင်ပွဲဝင်ကို Vote ပေးပြီး သူတို့ဘက်က ရပ်တည်ပေးပါလို့ ပြောချင်ပါတယ်။

**Voice: ပြိုင်ပွဲဝင်တွေကို Voting စနစ်နဲ့ ရွေးတာ သဘောမကျတဲ့ ပရိသတ်တွေလည်းရှိတယ်နော်။ ကိုယ်တိုင်ရော Voting စနစ်ကို ဘယ်လိုမြင်မိလဲ။**

**TZM:** Myanmar Idol သီချင်းဆိုပြိုင်ပွဲမှာ ပရိသတ် Voting နဲ့ သွားဖို့ဖြစ်ရတဲ့ အကြောင်းအရင်းကတော့ ခေတ်နဲ့စနစ်ရဲ့ပြောင်းလဲမှုကြောင့်ပါ။ Myanmar Idol ဆိုတာလည်း American Idol ကနေ ဆင်းသက်လာတယ်။ X Factor ဆိုလည်း အင်္ဂလန်မှာရှိတယ်။ ကမ္ဘာပေါ်မှာ နေရာအနှံ့ကျင်းပနေတဲ့ ပြိုင်ပွဲကြီးတွေ ဖြစ်တဲ့အတွက် ကျွန်မတို့ မြန်မာပြည်ကလည်း ကမ္ဘာနဲ့ ရင်ပေါင်တန်းချင်တဲ့ ဆန္ဒကတော့ ပြည်သူပြည်သားတိုင်းမှာရှိပါတယ်။ ပညာရေးပဲဖြစ်စေ၊ အနုပညာပဲဖြစ်စေ အရာရာမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းချင်တဲ့ စိတ်တွေရှိကြတယ်။ Myanmar Idol ကလည်း American Idol ကနေ ဆင်းသက်လာတဲ့အတွက် သူတို့ပုံစံကို ယူပြီးကျင်းပတဲ့ သဘောပါပဲ။

**Voice: နားလည်တတ်ကျွမ်းတဲ့ အကဲဖြတ်ဒိုင်တွေက ရွေးချယ်တာနဲ့ Voting စနစ်နဲ့ရွေးချယ်တာမှာ ဘယ်ဟာက အရည်အချင်းရှိတဲ့ အဆိုတော်တစ်ယောက်ကို မွေးထုတ်ပေးနိုင်တယ်လို့ မြင်လဲ။**

**TZM:** အစ်မတို့ ဒိုင်တွေအတွက် ပြိုင်ပွဲဝင် ဆယ့်တစ်ယောက်လုံးကို ဒေါင်ဒေါင်မြည်ရဖို့ ဆိုတာတော့ တော်တော်ကို မလွယ်တဲ့ကိစ္စပါ။ ဒေါင်ဒေါင်မြည် ဖြစ်လာလောက်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ရွေးခဲ့တဲ့ ကလေးတွေပါသလို၊ သူကတော့ ဒေါင်ဒေါင်မြည်ပဲလို့ စိတ်ချပြီး ရွေးခဲ့တဲ့ကလေးတွေလည်း ပါပါတယ်။ ဒိုင်အပေါ်မှာပဲ လုံးဝ မူတည်တဲ့ ပြိုင်ပွဲမျိုးဆိုရင်တော့ ဒိုင်စိတ်ကြိုက်ဖြစ်တဲ့အတွက် ပညာရှင်သုံးယောက် ( သို့မဟုတ်) လေးယောက်လောက်က ဆုံးဖြတ်လိုက်တဲ့ အဖြေတစ်ခုကတော့ မမှားလောက်ဘူးပေါ့။ အခုကတော့ ခေတ်နဲ့စနစ်အရ ပရိသတ်တွေလည်း ပါဝင်ပတ်သက်ရတဲ့ ပွဲလည်းဖြစ်ပါတယ်။ အစ်မတို့ ဒိုင်တွေဟာ အကောင်းဆုံးလို့ ယူဆရတဲ့ ကလေးဆယ့်တစ်ယောက်ကို ရွေးချယ်ပေးခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ပရိသတ် လက်ထဲထည့်ပေးလိုက်ရတာဆိုတော့ ကွာခြားချက်က အနည်းအများတော့ ရှိမှာပါပဲ။

**Voice: Myanmar Idol Season 2 တုန်းကဆို ပြိုင်ပွဲဝင်တွေကို အစ်မထောက်ပြပေးတာ ပိုများတယ်လို့ မြင်မိတယ်။ ဒီနှစ်မှာကျတော့ ပြိုင်ပွဲဝင်တွေအပေါ် နည်းနည်းများ သက်ညှာနေသလားလို့။**

**TZM:** အစ်မတို့က ကလေးဆယ့်တစ်ယောက်ကို ရွေးပေးပြီးတဲ့ အချိန်မှာ တော်တော်လေး စိတ်ကျေနပ်မှုရပါတယ်။ ဘယ်လောက်အထိ ကျေနပ်လဲဆိုရင် ၉၀ ရာခိုင်နှုန်းလောက်အထိ ကျေနပ်တယ်။ သူတို့တွေက တစ်ယောက်နဲ့ တစ်ယောက် မတိမ်းမယိမ်းလေးတွေ ဖြစ်နေကြတယ်။ သူတို့ဆိုတဲ့အချိန်မှာ အမှားလေးတွေတွေ့ရင်၊ တွေ့သလောက်တော့ အစ်မ ထောက်ပြမှာပဲ။ ပြောမှာပဲ။ ကောင်းရင်လည်း ကောင်းသလို သူတို့ကို ချီးမွမ်းမှာပဲ။ နောက်တစ်ခု ရှိတာက Hexagon Complex ထဲမှာ သူတို့ပြိုင်တဲ့ အချိန်မှာ တီဗီကနေ ကြည့်နေတဲ့ ပရိသတ်တွေလောက် အစ်မတို့က သေသေချာချာကြားခွင့်မရဘူး။ နောက်ခံ Music တွေရော၊ ပရိသတ်တွေရဲ့အားပေးသံတွေရောရှိမယ်၊ အဲဒီကြားထဲက ဘယ်လောက်ပဲ ဂရုတစိုက်နားထောင် နားထောင် တီဗီကနေ ကြည့်ပြီးတော့ ပြန်ကြားရတဲ့အသံက အစစ်ဖြစ်တယ်။ ကိုယ်သိပ်မသေချာဘဲ ကြားလိုက်တဲ့ အသံမျိုးကို ကိုယ်က ပြောလိုက်ပေမယ့်၊ တီဗီမှာ တစ်ခါပြန်ကြည့်လို့ လွဲနေတယ်ဆိုရင် ဒီကလေးတစ်ယောက်ကို ဒုက္ခမရောက်သွားစေချင်ဘူး။ သူတို့ကို ဖိအားမဝင်သွားစေချင်ဘူး။ အဲဒါကြောင့် သေချာပြီဆိုမှ ပြောတာပါ။အမှားက သိပ်သိသာရင်တော့ အစ်မပြောတယ်။ သိပ်မသိသာရင်တော့ တစ်ဖက်လှည့်လေးတွေနဲ့ အမြဲပြောပါတယ်။

**Voice: ကိုယ်လည်း ပရိသတ်ရှိတဲ့ အဆိုတော်တစ်ယောက်ဖြစ်တဲ့အတွက် ပရိသတ်မုန်းသွားမှာစိုးလို့ ပြိုင်ပွဲဝင်တွေအပေါ် ဝေဖန်ထောက်ပြမှုတွေ သိပ်မလုပ်တာလားလို့ မြင်ကြတယ်။**

**TZM:** ဒီကလေးတွေကို အစ်မတို့ ကယုံကြည်ပြီးတော့ ရွေးခဲ့တာလေ။ သူတို့လက်တွေ့ဆိုတဲ့အချိန်မှာ အမှားက သိပ်မကြီးမားဘူးဆိုရင် အတတ်နိုင်ဆုံးတော့ သူတို့အတွက် ကိုယ်က ရပ်တည်ပေးရတာပဲလေ။ ဒိုင်တစ်ယောက်အနေနဲ့ပေါ့။ အဲဒီလိုမျိုးလည်း လုပ်ဖို့အတွက်ကို အစ်မတို့မှာ စည်းမျဉ်း၊ စည်းကမ်းတွေ ရှိပါတယ်။ ဒီအစီအစဉ်မှာက အစ်မတို့ ဒိုင်တွေတင်မကဘဲ၊ ပရိသတ်တွေပါ ပါဝင်ပတ်သက်လို့ရအောင် Voting စနစ်ကို ထည့်ထားတာပါ။ အဲဒါကြောင့် ပရိသတ်တွေကလည်း ဘယ်သူက အကောင်းဆုံးလဲ၊ ဘယ်သူ့ကို အကြိုက်ဆုံးလဲဆိုတဲ့ အဖြေတစ်ခုကို ပေးပြီး အတတ်နိုင်ဆုံး ရွေးချယ်ပေးနိုင်ကြရင်လည်း အကောင်းဆုံးပါပဲ။



## သရုပ်ဆောင်တဲ့အခါ အသံပိုင်းမှာ အားနည်းချက်ရှိပါတယ်ဆိုတဲ့ ခင်ဝင့်ဝါ

ရန်ကုန်၊ ဩဂုတ် ၁

ဇာတ်ကားတွေမှာ သရုပ်ဆောင်တဲ့အခါ အသံပိုင်းမှာ အားနည်းချက်ရှိတဲ့အတွက် အတတ်နိုင်ဆုံး ပြုပြင်နိုင်အောင်တော့ ကြိုးစားနေပါတယ်လို့သရုပ်ဆောင်ခင်ဝင့်ဝါက The Voice ကို ပြောကြားပါတယ်။

“ညီမရဲ့ အားနည်းချက်က အသံပေါ့နော်။ ညီမဘက်ကတော့ ကာရိုက်တာ ပီပြင်အောင် အသံအနေအထားကအစ ကြိုးစားပြီး ပြောပါတယ်။ ဒါပေမဲ့ တချို့ပရိသတ်တွေကတော့ အားမရဘူးလို့ ပြောတယ်။ ညီမလည်း အတတ်နိုင်ဆုံးကြိုးစားပြီး ပြောနေပါတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ကိုယ်စကားပြောတဲ့အခါမှာ အသံက အားနည်းတဲ့အတွက် တချို့ပေါက်ကွဲရတဲ့ ဇာတ်ဝင်ခန်းတွေ ရိုက်တဲ့အခါမှာ အခက်အခဲတော့ ရှိပေမယ့် ကိုယ်နဲ့ ရိုက်တဲ့ ဒါရိုက်တာတွေနဲ့ သရုပ်ဆောင်တွေက နားလည်ပေးကြတဲ့အတွက် အဆင်ပြေပါတယ်လို့ ခင်ဝင့်ဝါက ပြောကြားပါတယ်။

“ကိုဝိုင်းနဲ့ ရိုက်ခဲ့တဲ့ လှုပ်၍ လွင့်သောကမ္ဘာ ရုပ်ရှင်မှာဆို သမီးအသံကို အာရုံမစိုက်နဲ့ ကိုယ်က သရုပ်ဆောင်လုပ်တာပဲ၊ အဆိုတော်လုပ်တာ မဟုတ်ဘူးဆိုပြီး ကိုဝိုင်းက အားပေးပါတယ်။ ညီမလည်း အသံကို ဂရုစိုက်ပြီးတော့ ပြင်နေပါတယ်” လို့ ၎င်းက ဆိုပါတယ်။

ဒါရိုက်တာဝိုင်း ရိုက်ကူးတဲ့ ‘လှုပ်၍ လွင့်သောကမ္ဘာ’ ရုပ်ရှင်မှာ ဝါရင့်သရုပ်ဆောင်တွေဖြစ်တဲ့ ကျော်ရဲအောင်၊ ထွန်းထွန်း၊ မို့မို့မြင့်အောင်၊ ဖွေးဖွေးတို့နဲ့ တွဲဖက်သရုပ်ဆောင်ရပြီး ကမ်းလှမ်းထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေလည်း ရှိပါသေးတယ်လို့ ခင်ဝင့်ဝါက ပြောကြားပါတယ်။

## ‘Secretary Kim’ ဇာတ်လမ်းတွဲ ရိုက်ကူးမှု အတွေ့အကြုံတွေကို ပြောပြတဲ့ ပါ့ခ်ဆိုဂျွန်



ဆိုးလ်၊ ဩဂုတ် ၁

တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပါ့ခ်ဆိုဂျွန်က အောင်မြင်မှု များစွာ ရရှိခဲ့တဲ့ ‘Secretary Kim’ ဇာတ်လမ်းတွဲ ရိုက်ကူးမှု အတွေ့အကြုံတွေကို Chosun IIbo သတင်းဌာန နဲ့ အင်တာဗျူးမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။

‘လီယောင်ဂျွန်း ဆိုတဲ့ ဇာတ်ကောင်က ကျွန်တော့်ရဲ့ပြင်ပပုံစံနဲ့မတူတဲ့အတွက် သရုပ်ဆောင်ရတာ ခက်ခဲပါတယ်။ သူက မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြီး ‘ငါအတော်ဆုံးပဲ’ လို့ ပြောတတ်တဲ့သူမျိုးပါ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိတဲ့၊ မနှစ်မြို့စရာကောင်းတဲ့ ဇာတ်ကောင်စရိုက်ကို သရုပ်ဆောင်ပြဖို့ ကျွန်တော် ကြိုးစားခဲ့ရပါတယ်” လို့ ပါ့ခ်ဆိုဂျွန်က ပြောကြားခဲ့ပါတယ်။

သရုပ်ဆောင်ပါ့ခ်ဆိုဂျွန် က ၂၀၁၂ ခုနှစ်မှာ ‘Dream High 2’ ဇာတ်လမ်းတွဲနဲ့ အနုပညာလောကကို စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပြီး၊ ‘A Witch's Romance’၊ ‘She Was Pretty’၊ ‘Fight My Way’ စတဲ့ အချစ်ဟာသ ဇာတ်လမ်းတွဲတွေနဲ့ ပရိသတ်အားပေးမှုများစွာ ရရှိခဲ့ပါတယ်။

“ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ပိုပြီးတော့လည်း တာဝန်ကြီးလာသလို ခံစားရပါတယ်။ ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလိုပါပဲ။ ဒီနေ့ခေတ်မှာ ကိုယ်ရည်ကိုယ်သွေးနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေလည်း ရှိပါတယ်။ ကျွန်တော်က လီယောင်ဂျွန်းလောက် မပြည့်စုံပေမယ့်၊ ရင့်ကျက်တဲ့ လူတစ်ယောက်ဖြစ်အောင်တော့ ကျွန်တော်ကြိုးစားနေပါတယ်။ လူတွေကို ပျော်ရွှင်မှုပေးနိုင်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်ပါတယ်” လို့ ပါ့ခ်ဆိုဂျွန်းက ပြောကြားပါတယ်။

# ရှေးဟောင်းပုဂံခေတ် လူမှုစီးပွားအခြေအနေများကို သုတေသနပြုလုပ်

**မန္တလေး၊ ဩဂုတ် ၁**

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ပုဂံဒေသတွင်နေထိုင်ခဲ့ကြသည့် သာမန်လူတန်းစားများ၏ လူမှုစီးပွားအခြေအနေများကို ငါးနှစ်စီမံချက်ဖြင့် သုတေသနပြုလုပ်လျက်ရှိကြောင်း မန္တလေးတက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ကထိက ဒေါက်တာပြည့်ဖြိုးကျော်က ပြောကြားသည်။

ယခင်က သုတေသနများပြုလုပ်ရာတွင် အုပ်ချုပ်သူလူတန်းစား၊ သူဌေးသူကြွယ်များ၏အကြောင်းများကိုသာ သုတေသနပြုလုပ်လေ့ရှိကြောင်း၊ ထိုသူတို့အကြောင်းသည် စာပေအထောက်အထားများ၊ ကျောက်စာအထောက်အထားများအရ သိရှိနိုင်ကြောင်း၊ အုပ်ချုပ်ခံလူတန်းစားများ၏ လူမှုဘဝစီးပွားအကြောင်းများမှာမူ သိရှိထားမှုနည်းပါးနေကြောင်း ၎င်းကပြောဆိုသည်။

“ပုဂံကိုအုပ်စိုးခဲ့တဲ့ ရှင်ဘုရင်တွေ၊ မှူးကြီးမတ်ကြီးတွေ၊ လူကုံထံသူဌေး၊ သူကြွယ်တွေအကြောင်းက အတော်များများ သိထားပြီးပြီဖြစ်တယ်။ ရိုးရာတွေ၊ ပုံပြင်တွေမှာလည်းပါထားပြီးသား။ ဒါပေမဲ့ ပုဂံမှာ လူတွေဘယ်လိုနေသလဲ၊ ဥပမာ ကျွန်စစ်သားမင်းကြီးလက်ထက်မှာ တောသူတောင်သားတွေအနေနဲ့ ဘယ်လိုနေထိုင်စားသောက်ကြသလဲ။ သာမန်လူတွေအိမ် ဘယ်လိုဆောက်ကြသလဲ။ မြို့ရဲ့ဗဟိုနေရာကို ထောက်ပံ့ပေးနေတဲ့ ဆင်ခြေဖုံးနေရာတွေမှာ လူတွေဘယ်လိုအသက်ရှင်နေထိုင်ကြသလဲ။ လူဦးရေများလား၊ ဓလေ့စရိုက်၊ ဒါတွေကိုကျွန်တော်တို့က ရေအရင်းအမြစ်၊ နေထိုင်စားသောက်မှုပုံစံတွေ၊ စိုက်ပျိုးရေးတွေကိုကြည့်ပြီး ငါးနှစ် ပရောဂျက်လုပ်ပြီး လေ့လာပါတယ်” ဟု ဒေါက်တာပြည့်ဖြိုးကျော်က ရှင်းပြသည်။

အဆိုပါသုတေသနလုပ်ငန်းကို ကနေဒါနိုင်ငံ Trent University ၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တို့နှင့် ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ပုဂံခေတ်ကျေးလက်ဒေသများ၊ ရေအသုံးချမှု၊ စိုက်ပျိုးရေးနှင့် လူနေထိုင်မှုများကို ၂၀၁၇ ခုနှစ်မှ စတင်ပြုလုပ်နေခြင်းဖြစ်ကာ ၂၀၂၃ ခုနှစ်ထိ ပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနထံမှ သိရသည်။

နိုင်ငံခြားသားပညာရှင်များနှင့်ပူးပေါင်းလုပ်ဆောင်ရသဖြင့် ပြည်တွင်းရှိပညာရှင်များ အတွေ့အကြုံကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မလုပ်နိုင်သည့် သုတေသနပြုစာတ်ခွဲခြင်းများ ပြုလုပ်လာနိုင်မည်ဖြစ်ကာ ပညာတော်သင်များလည်း စေလွှတ်လာနိုင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

သုတေသနလုပ်ငန်းများပြီးစီးပါက ရှေးဟောင်းသုတေသနဆိုင်ရာအချက်အလက်သက်သေ၊ အထောက်အထားများအရ ပုဂံခေတ်၏ လွန်ခဲ့သည့်နှစ်ပေါင်းနှစ် ၈၀၀၊ ၉၀၀ ခန့်က လူမှုစီးပွားရေးဓလေ့စရိုက်များကို ပြန်လည်သိရှိနိုင်မည်ဖြစ်ကြောင်း၊ စာပေအထောက်အထား၊ ကျောက်စာအထောက်အထားများအရ ပြောဆိုနေသည်မှ သက်သေအထောက်အထားများဖြင့် ပြောဆိုလာနိုင်မည်ဖြစ်ကြောင်း ကထိကဒေါက်တာပြည့်ဖြိုးကျော်က ပြောကြားသည်။ ■

**M-05**




ဘီးလင်းမြို့မှ ရေဘေးသင့်သူများကို ကူညီထောက်ပံ့ပေးနိုင်ရန် အလှူငွေကောက်ခံနေသော ကျောက်ဆည်နည်းပညာတက္ကသိုလ် ပရဟိတအသင်းသားများ

# ကျောက်ဆည်နည်းပညာတက္ကသိုလ်ပရဟိတအသင်း ဘီးလင်းမြို့မှ ရေဘေးသင့်သူများကို လှူဒါန်းမည်

**မန္တလေး၊ ဩဂုတ် ၁**

ကျောက်ဆည်နည်းပညာတက္ကသိုလ် ပရဟိတအသင်းမှ ကျောင်းသား၊ ကျောင်းသူများက ရေဘေးကူညီရေး ကောက်ခံရရှိငွေများဖြင့် ဩဂုတ်လ ၄ ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့မှ ရေဘေးသင့်သူများကို သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း ယင်းတက္ကသိုလ် ကျောင်းသားကျောင်းသူများထံမှ သိရသည်။

“လိုအပ်နေတဲ့သူတွေအတွက် လုပ်ပေးရတာ ကုသိုလ်ရပါတယ်။ အသင်းအနေနဲ့ မြန်မာပြည်မှာ သဘာဝဘေးအန္တရာယ်ကျတိုင်း လိုအပ်တဲ့နေရာတွေကို သွားလှူဒါန်းပေးခဲ့ပါတယ်” ဟု ကျောက်ဆည် နည်းပညာတက္ကသိုလ် ပရဟိတအသင်းကို ဦးဆောင်သူ မြို့ပြအင်ဂျင်နီယာနောက်ဆုံးနှစ်ကျောင်းသူ မသဇင်က ပြောကြားသည်။

ကျောက်ဆည် နည်းပညာတက္ကသိုလ် ပရဟိတအသင်းသည် ရေဘေးသင့်ဒေသများကို သွားရောက်ကူညီပေးနိုင်ရန် မန္တလေးမြို့တော်၌ လာရောက်ကာ အလှူငွေများကောက်ခံပေးခဲ့ကြသည်။

ရေဘေးသင့်သူများကို လှူဒါန်းနိုင်ရန် ကျောင်းသား၊ ကျောင်းသူများသည် ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်နေ့တို့က ကျောက်ဆည်မြို့၌ အလှူခံခဲ့ရာကျပ် ၃၇ သိန်းခွဲခန့်ရရှိခဲ့ကြောင်း၊ ဩဂုတ်လ ၁ ရက်နေ့တွင် မန္တလေးမြို့ သိပ္ပံလမ်းနှင့် ၇၈ လမ်း လမ်းဆုံ၌ ကျောင်းသား၊ ကျောင်းသူ အင်အား ၅၀ ဦးဖြင့် လာရောက်အလှူခံခဲ့ခြင်းဖြစ်ကြောင်း မသဇင်က ထပ်မံပြောကြားသည်။

သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (မန္တလေး) ကလည်း ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကြုံတွေ့နေရသည့် အောက်မြန်မာပြည်ရှိ တိုင်းနှင့်ပြည်နယ်များသို့ ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ■

**M-08**

# မိတ္ထီလာဒေသထွက် ပဲတီစိမ်းဈေးကျ

**မိတ္ထီလာ၊ ဩဂုတ် ၁**

မိုးသည်းထန်စွာရွာသွန်းခဲ့၍ မိတ္ထီလာခရိုင်မှထွက်သော ပဲတီစိမ်းခင်းများ အရည်အသွေးလျော့လာကာ တစ်တင်းလျှင် ကျပ်ငါးထောင်ဝန်းကျင် ဈေးကျသွားကြောင်း မိတ္ထီလာဒေသခံ ပဲစိုက်တောင်သူများထံမှ သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဒေသထွက်ပဲတီစိမ်းတစ်တင်း၏ ပေါက်ဈေးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ၃၀,၀၀၀ ကျပ် မှ ၃၅,၀၀၀ ကျပ်ခန့်ထိ ရှိခဲ့သော်လည်း ဩဂုတ်လ ၁ ရက်နေ့ ပေါက်ဈေးမှာ တစ်တင်းလျှင် ၂၅,၀၀၀ ကျပ်မှ ၂၆,၀၀၀ ကျပ်ခန့်သာ ရှိတော့ကြောင်း မိတ္ထီလာကုန်စည်ဒိုင်ထံမှလည်း သိရသည်။

ယင်းသို့ အရည်အသွေးကျသွားသော်လည်း လက်ရှိအချိန်အထိ မိတ္ထီလာဒေသထွက်ပဲတီစိမ်းများကို မူဆယ်ဘက်သို့တင်ပို့ရန် မန္တလေးဝယ်လက်များက ဝယ်ယူနေဆဲဖြစ်ကြောင်း ပဲကုန်သည်များက ပြောဆိုသည်။

“မိုးလေဝသ အခြေအနေမကောင်းတော့ အစိုဓာတ်ပါနေတယ်။ ဒါကြောင့် ဈေးပျက်ကုန်တာ။ အရောင်မလှတာလည်းပါတယ်။ အရည်အသွေးညံ့နေတာလည်းပါတယ်။ ပဲက ခြောက်နေမှ အလျော့တွက်မရှိတာ။ အစိုတွေက ကြာကြာထားရင်လျော့ကုန်တာ” ဟု မိတ္ထီလာမြို့ မိသားစုပွဲရုံလုပ်ငန်းရှင် ဦးလွင်က ပြောကြားသည်။

ပဲတီစိမ်းဈေး ရုတ်တရက်ထိုးကျသွားသဖြင့် မြို့ပေါ်ဈေးကွက်သို့ တောင်သူအလာနည်းသွားပြီး ကုန်အဝင်နည်းသွားကြောင်း၊ ပွဲရုံတစ်ရုံလျှင် တစ်တင်းခွဲအိတ် ငါးဆယ်ဝန်းကျင်ခန့်သာဝင်ကြောင်း မိတ္ထီလာမြို့မဈေးတွင် ပဲပွဲရုံဖွင့်ထားသော ဦးခင်မောင်ဝင်းက ပြောဆိုသည်။

“အတောင့်ကခြောက်နေပြီ မဆွတ်ရသေးခင် အပင်မှာရှိနေတုန်းမိုးမိပြီး အစိုဓာတ်ဝင်သွားရင် အရည်အသွေးကျသွားတယ်။ အတောင့်ကောက်ပြီးသားကလည်း နေမလှန်းဖြစ်ရင် စိုသွားတယ်။ မနှစ်တုန်းကဆိုရင် မိုးများတာရော ပိုးကျတာရော စုံသွားလို့ တစ်တင်းကို ၉၅၀၀ လောက်အထိ ဈေးကျသွားတာ။ တောင်သူတွေဒုက္ခရောက်ဖူးတယ်” ဟု သာစည်မြို့နယ် ပေါက်ကုန်းကျေးရွာမှ တောင်သူဦးဇော်အောင်က ပြောကြားသည်။

မူဆယ် - တရုတ်နယ်စပ်ရှိ ကုန်သွယ်မှုအနေအထားအရ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ ပဲတီစိမ်းကားသုံးစီး ၆၃ ဒသမ ၅ တန်ခန့် ဝင်ရောက်ပြီး တစ်တန်လျှင် အနိမ့်ဆုံးဈေး ၅၀၀၀ ယွမ်၊ မြန်မာငွေနှင့်ဆိုပါက ကျပ် ၁,၀၅၉,၅၄၆ မှ အမြင့်ဆုံး ၇၀၀၀ ယွမ် မြန်မာငွေ ၁,၄၈၃,၃၆၅ ကျပ်ခန့်ပေါက်ဈေးရှိနေကြောင်း မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန၏ ဇူလိုင်လ ၃၁ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။ ■

**R-01**




ဆန္ဒပြနေသော မြန်မာမေကောင်းသစ်အချောထည်စက်ရုံမှ အလုပ်သမားများ

# မန္တလေးစက်မှုဇုန် မြန်မာမေကောင်း သစ်ချောထည်စက်ရုံအလုပ်သမားများ သပိတ်စခန်းဖွင့်

**မန္တလေး၊ ဩဂုတ် ၁**

မန္တလေးမြို့ စက်မှုဇုန်အတွင်းရှိ မြန်မာမေကောင်း သစ်အချောထည် စက်ရုံ၌ အလုပ်သမားအခွင့်အရေးများ ချိုးဖောက်ခံနေရသည်ဟုဆိုကာ အလုပ်သမား ၄၀ ခန့်သည် ဩဂုတ်လ ၁ ရက်နေ့ကစ၍ ယင်းစက်ရုံရှေ့တွင် သပိတ်စခန်းဖွင့်ကာ ဆန္ဒဖော်ထုတ်ခဲ့သည်။

ယင်းစက်ရုံ တာဝန်ရှိသူများက ဇူလိုင်လ ၃၀ ရက်နေ့က လုပ်ငန်းဌာနတစ်ခုကိုပိတ်သိမ်းကာ ယင်းဌာန ဝန်ထမ်းများကို ဌာနပြောင်းရွှေ့ လုပ်ကိုင်စေရာတွင် အလုပ်သမားများကို အသိပေးခြင်း၊ ပြောင်းရွှေ့လိုသည့် ဌာနရွေးချယ်ခွင့် မပေးခြင်းတို့ရှိခဲ့ကြောင်း ဆန္ဒပြအလုပ်သမားများကပြောဆိုသည်။

"ကုန်ကြမ်းမရှိတော့လို့ဆိုပြီး အလုပ်သမားတွေကို ဌာနပြောင်းတာပါ။ ဌာနပိတ်သိမ်းတယ်လို့လည်း ပွင့်ပွင့်လင်းလင်း မပြောဘူး။ စာရွက်ကြီးကိုင်ပြီး ဘယ်သူကဘယ်ဌာနကိုသွားဆိုပြီး ပြောင်းလိုက်တာ။ ဒီဌာနက ကုန်ကြမ်းဆိုတာကလည်း နောက်ထပ် တစ်လကျော်ကျော်လောက်အထိ လုပ်စရာကျန်နေပါသေးတယ်" ဟု ဆန္ဒပြအလုပ်သမားခေါင်းဆောင် ဒေါ်တိုးတိုးအေးက ပြောကြားသည်။

အလုပ်သမားများ သပိတ်မှောက်ဆန္ဒပြရာတွင် အလုပ်သမားသမဂ္ဂအားရည်ရွယ်ချက်ရှိရှိ ဖြိုခွဲနေမှု၊ သမဂ္ဂအဖွဲ့ဝင်များအား ခွဲခြားဆက်ဆံမှု၊ အလုပ်သမားများ၏ဆန္ဒမပါဘဲ ဌာနပြောင်းရွှေ့မှုတို့ကို အလိုမရှိကြောင်း တောင်းဆိုခဲ့ကြသည်။

ယင်းအပြင် အလုပ်သမားများအနေနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျွမ်းကျင်စရိတ်ရရှိရေး၊ လုံလောက်သည့် နားနေဆောင်ထားရှိပေးရေး ၊ ယခင်ပေးမြဲဖြစ်သည့် နှစ်တိုးကြေးနှင့် ရက်မှန်ကြေးများ ပြန်ပေးရေး၊ လေဝင်လေထွက်ကောင်းအောင်ဆောင်ရွက်ပေးရေး၊ ကျန်းမာရေးနှင့်မညီသော ကုန်ကြမ်းပစ္စည်းများလုပ်ဆောင်ရာတွင် အဆင့်မြင့်စက်ပစ္စည်းများ တပ်ဆင်ပေးရေး၊ စက်ရုံတွင်း ဆေးပေးခန်းနှင့် ကျန်းမာရေးမှူးထားရှိပေးရေးတို့ကိုလည်း တောင်းဆိုလျက်ရှိသည်။

ထိုသို့ အလုပ်သမားများသပိတ်စခန်းဖွင့်က ဆန္ဒပြတောင်းဆိုမှုများနှင့်ပတ်သက်၍ စက်ရုံတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခွင့် တောင်းသော်လည်း တွေ့ဆုံမေးမြန်းခွင့်မပြုကြောင်း ငြင်းဆိုခဲ့ကြသည်။

အလုပ်သမားများအနေနှင့် ဆန္ဒပြတောင်းဆိုနေမှုများကိုစက်ရုံဘက်က လိုက်လျောပေးသည်အထိ သပိတ်စခန်းဖွင့်ထားမည်ဟု ပြောကြားထားသည်။ ■ **M-04**

# မန္တလေးတွင် ဖောက်စွပ်ကား ၁၁ စီး သိမ်းဆည်း

**မန္တလေး၊ ဩဂုတ် ၁**

မန္တလေးခရိုင်တွင် နှစ်လအတွင်း ဖောက်စွပ်ယာဉ် ၁၁ စီးကို မှတ်ပုံတင်ဖျက်သိမ်း၍ သိမ်းဆည်းအရေးယူထားကြောင်း မန္တလေးတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

မော်တော်ယာဉ်များ၏ ဖရိန်ချက်စီအမှတ်ကိုဖြတ်ဆက်ထားခြင်း၊ မူလမော်တော်ယာဉ်များ၏ ဖရိန်ချက်စီအမှတ်ပါဘောင်တန်း တစ်ခုလုံးအား အခြားယာဉ်တွင် ဖြတ်ဆက်ပြုလုပ်ပြီး ယာဉ်အစိတ်အပိုင်းများ ပြောင်းလဲထားခြင်းစသည်တို့ စစ်ဆေးတွေ့ရှိပါက မော်တော်ယာဉ်အား မှတ်ပုံတင်ဖျက်သိမ်းအရေးယူရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ယခုနှစ်ဇွန်လ ၁၁ ရက်က ညွှန်ကြားခဲ့သဖြင့် သိမ်းဆည်းအရေးယူမှုများကိုစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကညန (မန္တလေး) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်များ၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံအပိုင်း၊ ဖောင်းကြွနံပါတ်ပြားတို့ကိုသိမ်းဆည်း၍ သက်ဆိုင်ရာရဲစခန်းသို့ နေ့ချင်းအပ်နှံရသော်လည်း ယာဉ်ပိုင်ရှင်များကိုတရားစွဲမှုမရှိကြောင်း ၎င်းက ရှင်းပြသည်။

ကားနှင့်ပတ်သက်သောပိုင်ဆိုင်မှုစာအုပ်မှန်ကန်ခြင်း၊ ဖောင်းကြွမှန်ကန်ခြင်း၊ အခြားသောအချက်အလက်များမှန်ကန်ပါက ခိုင်မာသည့် စာချုပ်စာတမ်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြသော်လည်း ဆေးခွာ၍ဝယ်ယူမရသောကြောင့် အခက်အခဲဖြစ်ရကြောင်း မန္တလေးမြို့မှ ကားဝယ်ရောင်းတစ်ဦးဖြစ်သူ ဦးခင်လတ်က ပြောကြားသည်။

"ဘယ်ကားကတော့ ဖောက်စွပ်ဆိုတာ ကြည့်လိုက်ရုံနဲ့မသိဘူး။ ဂျပန်မှာကတည်းက ပြန်ပြင်ထားတာတွေရှိတယ်။ ဒီကားတွေက အသုံးပြုပြီးသားဖြစ်တဲ့အတွက် နဂိုတည်းကပါတာလားဆိုတာ မသိရဘူး" ဟု ၎င်းကပြောဆိုသည်။

ကားဝယ်ယူမည့်သူများနှင့် ပိုက်ဆံအပြည့်မပေးချေသေးဘဲ ကား၏အစိတ်အပိုင်းများ မှန်ကန်ခြင်းရှိ၊ မရှိသိရှိနိုင်ရန် ကညနရုံးသို့ လာရောက်စစ်ဆေးပါက ရောင်းမှား၊ ဝယ်မှားပြဿနာများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ယာဉ်စစ်ဆေးခအနေနှင့်၅၀၀၀ကျပ်သာပေးသွင်းရကြောင်း ကညနရုံးထံမှ သိရသည်။ ■ **M-08**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ အခန်းတန်ဖိုးသတ်မှတ်၊ ဘဏ်ချေးငွေစနစ်ဖြင့်လည်း ဝယ်ယူနိုင်မည်

**မန္တလေး၊ ဩဂုတ် ၁**

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သော တန်ဖိုးမျှတအိမ်ရာမှ အိမ်ခန်းများအတွက် တန်ဖိုးသတ်မှတ်လိုက်ပြီဖြစ်ကာ လက်ငင်းငွေချေစနစ်နှင့် ဘဏ်ချေးငွေစနစ်တို့ဖြင့် ဝယ်ယူနိုင်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

လက်ငင်းငွေချေစနစ်နှင့် ဘဏ်ချေးငွေစနစ်ဟု သတ်မှတ်ထားရာ ဘဏ်ချေးငွေစနစ်ဆိုသည်မှာ ဝယ်ယူသူများမှ တိုက်ခန်းတန်ဖိုးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းရန်မလိုဘဲ ဘဏ်များကိုသာပေးသွင်းရမည်ဖြစ်ကြောင်း၊ မည်သည့်ဘဏ်နှင့် ချိတ်ဆက်ရောင်းချမည်ကို မသတ်မှတ်ရသေးကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

"ငွေအကျေပေးချေတဲ့စနစ်ကတော့ ငွေတစ်ခါတည်းသွင်းပြီးရင် အသင့်နေရုံပဲ။ ဘဏ်ချေးငွေစနစ်နဲ့ ဝယ်မယ်ဆိုရင်တော့ သက်ဆိုင်ရာဘဏ်နဲ့ချိတ်ဆက်ပေးမယ်" ဟု ဦးဇော်ဝင်းက ရှင်းပြသည်။

အဆိုပါတိုက်ခန်းတစ်ခန်း၏ ဈေးနှုန်းကို မြေညီထပ် ကျပ်သိန်း ၂၆၀ ၊ ပထမထပ် ကျပ်သိန်း ၂၄၀၊ ဒုတိယထပ် ကျပ်သိန်း ၂၂၀၊ တတိယထပ် ကျပ်သိန်း ၂၁၀၊ စတုတ္ထထပ် ကျပ်သိန်း ၂၀၀၊ ပဉ္စမထပ် ကျပ်သိန်း ၁၉၀ ဟု မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက သတ်မှတ်ထားသည်။

"တိုက်ခန်းဈေးနှုန်းအနေနဲ့ဆိုရင် သင့်တယ်။ မန္တလေးမြို့ရဲ့မြေဈေးနဲ့ဆိုရင် ဒီလိုနေရာမျိုးမှာ ဝယ်ဖို့မလွယ်ဘူး။ ဒါပေမဲ့ ဘဏ်ချေးငွေစနစ်နဲ့ဆိုရင် သိန်း ၂၆၀ သတ်မှတ်ထားတဲ့အခန်းက အတိုးနဲ့ဆို သိန်း ၃၀၀၊ ၄၀၀ များ ဖြစ်သွားမလားပဲ။ အိမ်ခန်းပေါက်ခဲ့ရင်တောင် ငွေသွင်းနိုင်ပါ့မလားဆိုပြီး ချင့်ချိန်နေရတယ်" ဟု မန္တလေးစည်ပင်မှ အရာထမ်းတစ်ဦးက ပြောဆိုသည်။

အဆိုပါ တန်ဖိုးမျှတအိမ်ခန်းများသည် မန္တလေးတိုင်းအတွင်း တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစား ဝန်ထမ်းများကို ရောင်းချပေးမည့် အိမ်ခန်းများဖြစ်သည်။

အိမ်ခန်းများဝယ်ယူရန်အတွက် အိမ်ခန်းလျှောက်လွှာများကို ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ၈ ရက်အထိ တစ်စောင်လျှင် ၅၀၀ ကျပ်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်း ရောင်းချပေးလျက်ရှိပြီး အဆိုပါလျှောက်လွှာများကို ဩဂုတ်လ ၁ ရက်မှ ၁၄ ရက်အထိ ပြန်လည်လက်ခံမည်ဖြစ်သည်။

ယခုရောင်းချမည့် တိုက်ခန်းများသည် အာရ်စီအမျိုးအစားလေးခန်းတွဲ တိုက်များဖြစ်ကာ အဆောက်အအုံ ၂၈ လုံးမှ အခန်းပေါင်း ၆၇၂ ခန်းကို ရောင်းချပေးခြင်းဖြစ်သည်။

မြို့တော်စည်ပင်အနေနှင့် တန်ဖိုးမျှတအိမ်ရာ အဆောက်အအုံပေါင်း ၁၄၀ တည်ဆောက်ရန်လျာထားရာ ကျူးကျော်နေထိုင်သူများ ရှိနေသောကြောင့် လုံးဝမတည်ဆောက်ရသေးသည်မှာ ၄၉ လုံးရှိပြီး တည်ဆောက်နေသည့် ၉၁ လုံးအနက် လူနေထိုင်ရန် အသင့်ဖြစ်နေသော ၂၈ လုံးမှ အခန်းများကို ရောင်းချပေးခြင်းဖြစ်ကြောင်း ဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။ ■ **M-07**

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃ (ရန်ကုန်)
၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)

# စစ်တောင်းရေကာတာ ကျိုးပေါက်မှုသတင်း အစိုးရထိမ်ချန်ထားခဲ့ဟု မဒေါက် NLD ပြော

**တောင်ငူ၊ ဩဂုတ် ၁**

ပဲခူးတိုင်း အရှေ့ခြမ်း ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နေရသည့် ရွှေကျင်နှင့် မဒေါက်မြို့များအနက် မဒေါက်မြို့ စစ်တောင်းမြစ်ရေကာတာသည် ထိုပိုကျေးရွာအနီး ကျိုးပေါက်ခဲ့သော်လည်း တာဝန်ရှိသူများက သတင်းကိုအစိုးရဘက်က ထိမ်ချန်ထားခဲ့ကြောင်း မဒေါက်မြို့နယ် NLD ပါတီမှ ဒေါက်တာ ခင်ယမင်းစုက ပြောကြားသည်။

"ဇူလိုင် ၂၈ ရက်နေ့ ည ၁၀ နာရီလောက်မှာ တာကျိုးပေါက်ခဲ့တာပါ။ သက်သေအထောက်အထား ဓာတ်ပုံတွေလည်းရှိတယ်။ ဒါကို ဆည်မြောင်းဝန်ကြီးဌာနက နေပြီး ထိမ်ချန်ထားတယ်"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါနေ့ ည ၁၀ နာရီခန့်က ထိုပိုကျေးရွာအနီး စစ်တောင်းမြစ် တာကျိုးပေါက်ခဲ့သည့်အကျိုးဆက်ကြောင့် ဇူလိုင် ၂၉ ရက်တွင် ညောင်လေးပင်မြို့နယ် မုက္ခမူ တာဆက်ကျိုးစေခဲ့ပြီး ကျေးရွာဒေသခံများက သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနကို အချိန်မီသတင်းပေးပို့ခဲ့သော်လည်း သဲအိတ်ချထားပေးမည်ဟု ကတိပေးခဲ့ကြောင်း ဒေသခံများက ဆိုသည်။

မဒေါက်မြို့ ထိုပိုကျေးရွာအနီး စစ်တောင်းမြစ်ရေကြီးရေလျှံမှုကာကွယ်ပေးသည့် တာကျိုးပေါက်သည်ဟု ဒေသခံများက ပြောဆိုခဲ့ခြင်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မကြာမီ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မဒေါက်မြို့ ထိုပိုရွာအနီး စစ်တောင်းမြစ်တာ ကျိုးပေါက်ခဲ့သည်မှာမှန်ကန်ပြီး လက်ရှိတွင် ပြန်လည်ပြုပြင် ထားပြီးဖြစ်ကြောင်းနှင့် စစ်တောင်းတာကျိုးပေါက်ခြင်းကြောင့် မုက္ခမူတာကျိုးသည်ဟု ပြောဆိုနိုင်ကြောင်း ညောင်လေးပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ထိုသို့ စစ်တောင်းမြစ်ရေကာတာ ကျိုးပေါက်မှုဖြစ်ပွားခဲ့သော်လည်း ကြီးကြီးမားမားထိခိုက်ပျက်စီးမှုမျိုးကြုံတွေ့ခဲ့ခြင်းမရှိကြောင်း ဒေသခံများထံမှ သိရသည်။

■ R-15

# ပေါက်မြို့ရှိ စည်ပင်ကသိမ်းယူခဲ့သည့် ပိုလျှံမြေများကို ပိုင်ရှင်ထံပြန်အပ်မည်

**မကွေး၊ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်စည်ပင်သာယာရေးဌာနက သိမ်းဆည်းခဲ့သည့်မြေများမှ ပိုလျှံမြေများကို မူလပိုင်ရှင်တောင်သူနှစ်ဦးထံ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ယင်းတိုင်းအစိုးရအဖွဲ့ရုံးထံမှ သိရသည်။

အဆိုပါမြေများကို ၁၉၉၉ ခုနှစ်က လူစုလူဝေးကွင်းနှင့် ဖျော်ဖြေရေးကွင်း ပြုလုပ်ရန်အတွက် တောင်သူ ၂ ဦးထံမှ ယာမြေ ၁၇ ဧကကျော် သိမ်းယူခဲ့သော်လည်း ထိုမြေများအတွင်းမှ လက်ရှိအချိန်ထိ အသုံးမပြုဖြစ်သေးသည့် ပိုလျှံမြေ ၃ ဧကကျော်ကို ပြန်လည်ပေးအပ်ရန် ပေါက်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးနှင့် မကွေးတိုင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်တို့ ပူးပေါင်းတင်ပြခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့များထံမှ သိရသည်။

ပြန်ပေးရန်ဆုံးဖြတ်ခဲ့သည့်မြေ ၃ ဧကကို ပျံကျဈေး ပြုလုပ်ရန်ရည်ရွယ်ခဲ့ သည့်အတွက် အဆိုပါမြေနေရာသည် ဆေးရုံအနီးဖြစ်ခြင်းကြောင့် ယာဉ်များနှင့် လူများက ဆူညံသံများပြုလုပ်လျှင် လူနာများအတွက် အနှောင့်အယှက်ဖြစ်ပေါ်နိုင်သဖြင့် မဆောက်ရန်နှင့် အဆိုပါမြေများကို မူရင်းတောင်သူများထံ ပြန်လည်ပေးအပ်ရန် အစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း ပေါက်မြို့နယ်မှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းက ပြောကြားသည်။

"ဌာနဆိုင်ရာက စွန့်လွှတ်ခြင်းပြုမပြုကို ငြင်းဆန်တယ်။ ဒါပေမဲ့ လက်ရှိမှာ အသုံးချထားတာ ဘာမှမရှိတဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ် ၄ ဦးလုံးက လက်မှတ်ထိုးပြီး အတည်ပြုတင်ပြခဲ့တာ"ဟု ၎င်းက ပြောဆိုသည်။

အဆိုပါပိုလျှံမြေများကို မူရင်းပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန်အတွက် တိုင်းစည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အတိုက်အခံပြုလုပ်ကာ ဆောင်ရွက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

"သိမ်းဆည်းခံရချိန်က လျော်ကြေးမရခဲ့ဘူး။ တောင်သူလုပ်နေတုန်း သိမ်းတယ်ဆိုတော့လည်း ခံရတာပေါ့။ သိမ်းဆည်းခံရချိန်က တော်တော်ကိုဒုက္ခရောက်ပါတယ်ဗျာ။ အသိမ်းဆည်းခံရတာနဲ့ ပြန်ရတဲ့အတိုင်းအတာအတွက်မကျေနပ်တော့လည်း ဘာတတ်နိုင်မှာလဲ"ဟု မြေများအသိမ်းဆည်းခံထားရသည့် မိသားစုဝင်တစ်ဦးဖြစ်သူ ဦးချစ်နေအောင်က ပြောဆိုသည်။

ပေါက်မြို့နယ်တွင် သစ်တောဦးစီးဌာန(စိမ်း/စို)က သိမ်းယူခဲ့ပြီး အသုံးမပြုတော့သည့် ပိုလျှံမြေ ၂၅ ဧကကိုလည်း ပြန်လည်စွန့်လွှတ်ပေးရန် တင်ပြထားကြောင်း မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီထံမှ သိရသည်။ ■



ဓာတ်ပုံ - ရွှေသိန်း

# ဖားကန့်မြေပြိုမှု သေဆုံးသူ ၂၄ ဦး အလောင်းတွေ့

**မြစ်ကြီးနား၊ ဩဂုတ် ၁**

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ မမုံကျေးရွာအနီးရှိ ဇေရာရတနာကုမ္ပဏီ လုပ်ကွက်ဟောင်းအနီး မြေပြိုကျမှုတွင် သေဆုံးသူ ၂၄ ဦး၏ ရုပ်အလောင်းကို တွေ့ရှိထားပြီး ဩဂုတ်လ ၃ ရက်နေ့အထိ ရှာဖွေမှုများဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကူညီရှာဖွေရေးဆောင်ရွက်သူများထံမှ စုံစမ်းသိရှိရသည်။

"အလောင်းရှာဖွေမှုကိုတော့ နောက်ထပ်သုံးရက် ထပ်တိုးထားတယ်လို့ သိရတယ်။ ဒီလသုံးရက်နေ့အထိရှာမယ်"ဟု ဖားပြင်လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးရင်ထွေးက ပြောကြားသည်။

ဇူလိုင်လ ၂၄ ရက်နေ့ နံနက်က မြေပြိုမှုဖြစ်ပွားမှုကြောင့် သေဆုံးသူဟုဆိုထားပြီး လူပျောက်စာရင်းလာပေးသူ ၂၈ ဦးရှိခဲ့သည့်အနက် ဇူလိုင်လ ၂၉ ရက်နေ့အထိ ၂၄ လောင်းကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"သူတို့စောင့်ကြည့်တဲ့လူတွေက ရှိသေးတယ်။ ရှာတယ်လို့မဟုတ်ရင်လည်း ရေမဆေးသမားတွေက တွေ့ပြီးသတင်းပေးရင်တော့ ဆယ်ယူမှာပေါ့"ဟု ဖားကန့်မြို့နယ်မှ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလဆိုင်းက ပြောဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့က ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကထန်မော်ရှိ လုပ်ကွက်တစ်ခုတွင် တောင်ကမ်းပါးယံ မြေပြိုကျမှုကြောင့် မြေပိကာ သေဆုံးခဲ့သူ ၂၂ ဦးရှိပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

■ R-06

# ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ကျောင်း ၃၅၀ ကျောင်း ပိတ်ထားရ

**ဘားအံ၊ ဩဂုတ် ၁**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ကျောင်း ၃၅၀ ကို ယာယီပိတ်ထားရကြောင်း ကရင်ပြည်နယ် အခြေခံပညာရေးဦးစီးဌာနထံမှ သိရသည်။

ထိုသို့ကျောင်းများ ပိတ်ထားရရာတွင် ရေကြီးနစ်မြုပ်သဖြင့်ပိတ်ထားရသကဲ့သို့ အချို့ကျောင်းများတွင် ယာယီရေဘေးစခန်းဖွင့်လှစ်ထားသဖြင့် ကျောင်းများကို အချိန်အကန့်အသတ်ဖြင့် ပိတ်ထားရသည့်ကျောင်း ၃၀ ပါဝင်ကြောင်း ယင်းဌာနထံမှ သိရသည်။

ဇူလိုင်နောက်ဆုံးပတ်အတွင်းမှစ၍ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြို့များအပါအဝင် မြို့နယ်အချို့တွင် ရေကြီးရေလျှံခြင်းများကြောင့် ပိတ်ထားရသည့်ကျောင်း ၃၆၆ ကျောင်းရှိခဲ့ပြီး အချို့မြို့နယ်များတွင် မြစ်ရေပြန်လည်ကျဆင်းသည့်အတွက် ကျောင်း ၁၆ ကျောင်းကို ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း ယင်းပြည်နယ်ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ယာယီရေဘေးစခန်းဖွင့်လှစ်ခြင်းအတွက်ယာယီပိတ်ထားရသည့်ကျောင်းများတွင် ဘားအံမြို့နယ်၌ ၁၄ ကျောင်း၊ လှိုင်းဘွဲ့၌ ၅ ကျောင်း၊ ဖာပွန်၌ ၇ ကျောင်း၊ ကော့ကရိတ်၌ ၂ ကျောင်း၊ မြဝတီ၌ ၂ ကျောင်းတို့ယာယီပိတ်ထားရကြောင်း ကရင်ပြည်နယ် အခြေခံပညာဦးစီးဌာန၏ စာရင်းများအရ သိရသည်။

■ R-17

# ဟသ်ာတခရိုင်အတွင်း သဘာဝဘေးသင့်သူများအတွက် ကျပ်သိန်းရှစ်ထောင်ကျော် ထောက်ပံ့

**ဟသ်ာ၊ ဩဂုတ် ၁**

ဟသ်ာတခရိုင်အတွင်း လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် ကမ်းပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ရင်ဆိုင်ခဲ့ရသည့် ဒေသခံများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟသ်ာတခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကျပ်သိန်းရှစ်ထောင်ကျော် ထောက်ပံ့ပေးထားကြောင်း အဆိုပါဌာနထံမှ သိရသည်။

ဇလွန်၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဟသ်ာတနှင့် လေးမျက်နှာမြို့နယ်တို့တွင် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ရက်နေ့အထိ မီးဘေး၊ လေဘေး၊ မိုးကြိုးဘေး၊ ကမ်းပြိုဘေးနှင့် ရေဘေးအကြိမ်ပေါင်း ၁၅၀ ကျော်ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် မြို့နယ်ခြောက်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ငါးရာကျော်၌ ကျေးရွာခွဲပေါင်း တစ်ထောင်ကျော် ထိခိုက်ပျက်စီးခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ထောက်ပံ့ကူညီမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၃၁ရက်နေ့အထိ ကျပ်သိန်းပေါင်းရှစ်ထောင်ကျော်ရှိကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောကြားသည်။

ယင်းသို့သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အိမ်ထောင်စုပေါင်း တစ်သောင်းကျော်တွင် နေထိုင်သည့် လူဦးရေ လေးသောင်းနီးပါးမှာ ကျပ်သန်းပေါင်း ၁၃၁၀ ဒသမ ၄၄၈ သန်းခန့်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများတွင် ဘုန်းတော်ကြီးကျောင်း ၇၀ ကျော်နှင့် အခြားအဆောက်အအုံ ၁၉ ခု ထိခိုက်ခဲ့ပြီး လူ ၉ ဦး ခန့်သေဆုံးထိခိုက်ခဲ့ကြောင်း၊ သဘာဝဘေးသင့်သူများအတွက် ကယ်ဆယ်ရေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာနှင့် ငွေကြေးတို့ကိုအမျိုးအစားအလိုက်ထောက်ပံ့ကူညီခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

ထို့ပြင်ဟသ်ာတခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သိုလှောင်ရုံတွင် အိမ်ထောင်စု ငါးရာအတွက် ကယ်ဆယ်ရေးပစ္စည်းများအသင့်ထားရှိပြီး ဘေးဖြစ်ပွားရာဒေသများထံ အမြန်ဆုံးကွင်းဆင်းစစ်ဆေးကာ အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးနေကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။ ■

R-13

# ဆိုင်ကယ်ရောင်းသူများကို ယာဉ်လိုင်စင်/ အရောင်းလိုင်စင်လုပ်ပြီးမှ ရောင်းချရန် အသိပေး

**ဖန်းမော်၊ ဩဂုတ် ၁**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ ဆိုင်ကယ်အရောင်းပြခန်းနှင့် ဆိုင်ကယ်ပွဲစားတန်းများမှ ရောင်းချသူများကို ယာဉ်လိုင်စင်၊ အရောင်းလိုင်စင် ပြုလုပ်ပြီးမှရောင်းချရန် ဇူလိုင်လ ၃၁ ရက်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီက ထပ်မံခေါ်ယူကာ အသိပေးလိုက်သည်။

ဗန်းမော်မြို့ရှိ ဆိုင်ကယ်များကို ကချင်ပြည်နယ်တွင်း မောင်းနှင်ခွင့်လိုင်စင်များကို ယခင်က ဗမ/ လိုင်စင်၊ မကန/ လိုင်စင်၊ ယ/ လိုင်စင် နှင့် ယခုKCN / လိုင်စင်များကို ပြုလုပ်ပေးခဲ့သည်မှာ ၅ ကြိမ်မြောက်ရှိပြီဖြစ်သည်။

ယခုပြုလုပ်ပေးနေသော ကချင်ပြည်နယ်တွင်း မောင်းနှင်နိုင်သည့်ဆိုင်ကယ် KCN လိုင်စင်ကို ဇွန်လ ၁၀ ရက်မှ စက်တင်ဘာလ ၁၀ ရက်အထိ နေ့ချင်းပြီး ဆောင်ရွက်ပေးနေသော်လည်း လိုင်စင်လာလုပ်သူ နည်းပါးကြောင်း၊ ယင်းကြောင့် ဆိုင်ကယ်ရောင်းချသူများအနေဖြင့် ယာဉ်လိုင်စင်လုပ်ပြီး ဘီးများကိုသာ ရောင်းချစေလိုခြင်းကြောင့် ယခုကဲ့သို့ တွေ့ဆုံကာ အသိပေးခြင်းဖြစ်ကြောင်း ဗန်းမော်ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ကပြောသည်။

ဗန်းမော်မြို့တွင် မော်တော်ဆိုင်ကယ်လိုင်စင်ကို အမျိုးအစား ၅မျိုးဖြင့် ပြုလုပ်ပေးခဲ့သော်လည်း လိုင်စင်မဲ့ ဆိုင်ကယ်များကို ဖမ်းဆီးခြင်း မရှိခြင်း၊လိုင်စင်မဲ့ဆိုင်ကယ်ဝင်ရောက်မှုကို မတားဆီးနိုင်သဖြင့် တရားမဝင် ဆိုင်ကယ်များ ထပ်မံပေါ်ပေါက်လာနေမည်ဖြစ်၍ ဈေးကြီးပေး၍ လိုင်စင်မလုပ်ချင်ကြောင်း ဗန်းမော် ဒေသခံများက လူမှုကွန်ယက်တွင်ရေးသားကြသည်။

"လိုင်စင်တော့လုပ်ချင်တယ်၊ ဒါပေမယ့် ဈေးကြီးတယ်။ တကယ်ဆိုရင် လူတိုင်းလုပ်နိုင်အောင် ၂၀၁၈ ထွက်တဲ့ မော်ဒယ်လ်ကို လိုင်စင်လုပ်ပါက ကုန်ကျစရိတ်က ကျပ်ငါးသောင်းလောက်ဆိုရင် လူတိုင်းလုပ်ကြမှာ" ဟု ပညာရေးဝန်ထမ်း ဒေါ်လုနန်ကပြောသည်။

ဗန်းမော်မြို့နယ်တွင် ၅၁ ရက်အတွင်း KCN ဆိုင်ကယ်လိုင်စင်လုပ်သည်မှာ ၁၄၆၁ စီးသာရှိကြောင်း ဗန်းမော်မြို့ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ ■ R-14



Photo - salaiyawzin



ဓာတ်ပုံ - Ko Thar Gyi

# ကျောက်ကြီးရှိ ရေဘေးစခန်းများတွင် သောက်သုံးရေနှင့်ဆေးဝါးများအရေးပေါ်လိုအပ်

**တောင်ငူ၊ ဩဂုတ် ၁**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ရေကြီးရေလျှံမှုသည် တစ်ပတ်ကျော်ကြာမြင့်လာပြီဖြစ်ပြီး အစိုးရအဖွဲ့မှ စားနပ်ရိက္ခာများထောက်ပံ့မှုကြောင့် အဆင်ပြေသော်လည်း လတ်တလော သောက်သုံးရေသန့်နှင့် အရေးပေါ် ဆေးဝါးများလိုအပ်နေကြောင်း ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးက ပြောကြားသည်။

"လက်ရှိကျောက်ကြီးမြို့နယ်ရဲ့ ၈၀ ရာခိုင်နှုန်းလောက်က ရေဖုံးလွှမ်းသွားတော့ ရေတွင်းရေကန်တွေ အကုန်လုံး ရေဝင်ကုန်တယ်။ လိုအပ်တာက ရေကောင်းရေသန့်နဲ့ အရေးပေါ်ဆေးဝါးတွေပါ။ အလှူရှင်တွေကလည်း ဒါကို အဓိကပေးလှူစေချင်တယ်" ဟု ၎င်းက ပြောဆိုသည်။

အစိုးရက ကျောက်ကြီးမြို့မှ လတ်တလောရေဘေးဒဏ်ခံရသည့်ပြည်သူများကို ဆန်အိတ် ၁၆၀ နီးပါး၊ ရေသန့်ဗူး ၅၅၀၀ ကျော်၊ ဆီဘူး ၁၀၀ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးထားပြီး တိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးသင့်သူ တစ်ဦးလျှင် ၂၁၀၀ ကျပ်နှုန်းဖြင့် ၆,၅၈၅,၆၀၀ ကျပ်ထောက်ပံ့ပေးထားကြောင်း မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များထံမှ သိရသည်။

ကျောက်ကြီးရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် သောက်ရေသန့်နှင့် ဆေးဝါးများလိုအပ်နေကြောင်း မျက်မြင်ကိုယ်တွေ့သိရှိခဲ့ရသဖြင့် ဩဂုတ် ၂ ရက်နေ့တွင် ထိုပစ္စည်းများ ထပ်မံသွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း အမြန်လမ်း ၁၁၅ မိုင်ယာဉ်ရပ်နားစခန်းမှ ပိုင်အိုးနီးယားစားသောက်ဆိုင်ပိုင်ရှင် ဦးဇော်လှမြင့်က ပြောကြားသည်။

ဇူလိုင် ၂၃ ရက်နေ့မှစတင်ပြီး မုန်းနတ်သံကွင်းနှင့် ကျောက်ကြီးမြို့များတွင် မိုးအဆက် မပြတ်ရွာသွန်းပြီး စစ်တောင်းမြစ်နှင့် အခြားမြစ်လက်တက်များ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်လာသည့်အတွက် ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ မြို့ပေါ်ရပ်ကွက် ၆ ခုနှင့် ကျေးရွာ ၃၅ ရွာတို့မှ အိမ်ထောင်စု ဝင် ၈၂၇ စု၊ လူဦးရေ ၃၇၃၀ ဦးတို့ကို ဘေးလွတ်ရာ နေရာများကိုရွှေ့ပြောင်း ပေးခဲ့ရကာ အခြေခံပညာကျောင်း ၁၁ ကျောင်းကို ယာယီပိတ်ထားရသည်။

■ R-15

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊
ဖုန်း - ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)


ဓာတ်ပုံ - မမ

# နမ္မတူမြို့နယ် အီနိုင်းကျေးရွာ ရေဘေးရှောင်သူ အရေအတွက် ထပ်တိုး

**လားရှိုး၊ ဩဂုတ် ၁**

နမ့်ယော်ချောင်းရေတက်လာမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားနေသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ အီနိုင်းကျေးရွာတွင် ရေဘေးရှောင်သူ အရေအတွက်ထပ်တိုးလာရာ ဩဂုတ်လ ၁ ရက်နေ့အထိ ရေဘေးရှောင်သူ ၃၁၀ ဦး ရှိပြီး ရေလွတ်ရာတွင် ခိုလှုံနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ စုံစမ်းသိရှိရသည်။

မိုးရွာသွန်းမှုကြောင့် ဇူလိုင်လ ၃၀ ရက်နေ့ညပိုင်းမှစ၍ ချောင်းရေမြင့်တက်လာပြီး ကျေးရွာအတွင်း ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ဩဂုတ်လ ၁ ရက်နေ့အထိရေကျဆင်းခြင်းမရှိသေးသည့်အတွက် အိမ်ထောင်စုပေါင်း ၆၇ စုမှ ဒေသခံ ၃၁၀ဦးမှာ ရေလွတ်ရာ ဘုန်းကြီးကျောင်းများ၌ ခိုလှုံနေရခြင်းဖြစ်ကြောင်း အဆိုပါရုံးမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ရေကထပ်တိုးလာတာ။ မနေ့ညကထပ်တက်လာတယ်။ မနေ့ကခြေမျက်စိသာမြုပ်တဲ့နေရာမှာ ပေါင်လယ်လောက်မြုပ်နေပြီ ညနေပိုင်းမှာတော့ ရေကျသွားမယ်လို့ ထင်တာပါပဲ” ဟု ဒေသခံတစ်ဦးက ပြောဆိုသည်။

လက်ရှိကျေးရွာဒေသခံများသည် အီနိုင်းဘုန်းတော်ကြီးကျောင်းနှင့် မြတ်အောင်စည်ဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံနေပြီး လူမှုကူညီရေးအသင်းများ၊ အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ကူညီဆောင်ရွက်ပေးနေကြောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရေပြန်မကျသေးသည့်အတွက် နေအိမ်များသို့ မပြန်နိုင်သေးကြောင်း ယင်းဒေသခံများက ပြောကြားသည်။

ထို့ပြင် လားရှိုး- နမ္မတူသွားလမ်းပေါ်တွင် ရေလွှမ်းနေဆဲဖြစ်သည့်အတွက် လားရှိုး- နမ္မတူသွားလာနေသည့် မော်တော်ယာဉ်များ ဖြတ်သန်း၍ မရသေးပေ။

“အရင်နှစ်တွေကလည်း တို့ရွာထဲ ရေဝင်တာနည်းနည်းရှိတယ်။ ရွာက အနိမ့်ပိုင်းမှာ ရှိနေတာကိုး။ နမ့်ယော်(အေတီ)ချောင်းက တောင်ကျ မိုးရေတွေများလာတယ်လေ။ ဒီနှစ်ကတော့ ပြီးခဲ့တဲ့နှစ်တွေထက်ပိုများလာတယ်။ မနေ့ည ၁ နာရီလောက်မှာ ရေကအင်အားနဲ့ထပ်တက်လာတယ်။ အိမ်ကလူတွေနဲ့မွေးထားတဲ့ဝက်တွေတော့ ရေလွတ်တဲ့နေရာ သွားနေကြတယ်”ဟု အီနိုင်းကျေးရွာဒေသခံ ဦးအိုက်စိမ်းက ပြောဆိုသည်။

လတ်တလောတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးနှင့် ဆန်အပါအဝင် စားနပ်ရိက္ခာများကို ထောက်ပံ့ကူညီပေးလျက်ရှိပြီး လူမှုကူညီရေးပရဟိတအသင်းများကလည်း ထမင်းထုပ်များဝေငှပေးလျက်ရှိသည်။ ■ R-07

# မုံရွာတက္ကသိုလ် သင်္ချာဌာနအတွင်း ရမ်းကားခဲ့သူများကို ကျောင်းစည်းကမ်းဖြင့် အရေးယူရန်စီစဉ်

**မုံရွာ၊ ဩဂုတ် ၁**

မုံရွာတက္ကသိုလ် သင်္ချာဌာနအတွင်း ပထမနှစ်ကျောင်းသားများကို ဝင်ရောက်ရိုက်နှက်ပြီး Water Cooler ကို ရိုက်ချိုးခဲ့သည့် ကျောင်းသားများကို အမှုဖွင့်ထားမှု ကျေအေးပေးခဲ့သော်လည်း ကျောင်းစည်းကမ်းဖြင့် အရေးယူမည်ဖြစ်ကြောင်း ယင်းတက္ကသိုလ် သင်တန်းဌာန ဌာနမှူး ဦးဇော်လင်းထွန်းက ပြောကြားသည်။

“အများပိုင်ပစ္စည်းဖျက်ဆီးမှု၊ နာကျင်စေမှုနဲ့ဖွင့်ပြီး စခန်းမှာ ၁၀ ရက်ချုပ်ထားလိုက်တော့ သူတို့နောင်ကြဉ်လောက်ပြီလို့ ယူဆတော့ ဇူလိုင် ၁၀ ရက်နေ့က ကျေအေးပေးလိုက်တယ်။ ကျောင်းသားတွေက ၁၆ နှစ်လောက်ပဲရှိကြသေးတယ်။ သူတို့ပညာရေးမနှောင့်နှေးစေချင်လို့ပါ”ဟု ၎င်းက ဆိုသည်။

ဇွန်လ ၂၁ ရက်နေ့ မွန်းလွဲပိုင်းက သင်္ချာမေဂျာမှကျောင်းသားနှစ်ဦး ရေသောက်နေသည်ကို ဝင်ရောက်ရိုက်နှက်ခဲ့သည့် အခြားမေဂျာမှ တက္ကသိုလ်ကျောင်းသားနှစ်ဦးနှင့် အထက်တန်းကျောင်းသားနှစ်ဦးကို ရဲစခန်းတွင် ဇွန်လ ၂၉ ရက်နေ့က အမှုဖွင့်ခဲ့ပြီး ယခုအခါအမှုကျေအေးပြီးဖြစ်သော်လည်း ၎င်းတို့ကိုကျောင်းစည်းကမ်းအရအရေးယူရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

■ R-08

# NEWS IN BRIEF

## မိုင်းဆတ်တွင် မြန်မာ့ဆက်သွယ်ရေးဝန်ထမ်း ၂ဦး ဓားထိုးခံရ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် ဇူလိုင် ၃၀ ရက်နေ့ ညပိုင်းက မြန်မာ့ဆက်သွယ်ရေးရုံးကို လေးခွနှင့်ပစ်နေသည့် အမျိုးသားကို တားမြစ်သည့် ဝန်ထမ်း ၂ ဦး ဓားထိုးခံခဲ့ရကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ရုံးကို လေးခွဖြင့် ပစ်နေသည့်အတွက် ဆက်သွယ်ရေးဝန်ထမ်း ၂ ဦး ဖြစ်သည့် ဦးဇော်မင်းထွန်း(၃၆ နှစ်)နှင့် ဦးကျော်စွာဝင်း(၄၃ နှစ်)တို့ ထွက်၍ တားမြစ်သည်ကို စောမင်းနိုင်(ခ)ညီညီထွန်းက ပြန်လည်ခုခံပြီး ရန်ဖြစ်လုံးထွေးခဲ့ရာမှ စောမင်းနိုင်က အသင့်ပါလာသည့် ဓားဖြင့် ထိုးခဲ့သည့်အတွက် ဦးဇော်မင်းထွန်းတွင် ယာလက်မောင်းပြတ်ရှဒဏ်ရာ၊ ဝဲလက်မောင်းပြတ်ရှဒဏ်ရာ၊ ယာရင်အုံ ထိုးသွင်းဒဏ်ရာ၊ ဝဲဝမ်းဗိုက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ(စိုးရိမ်ရ)နှင့် ဦးကျော်စွာဝင်းတွင် ယာလက်ဖျံပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲရင်အုံ ထိုးသွင်းဒဏ်ရာများ ရရှိခဲ့၍ စောမင်းနိုင်(ခ)ညီညီထွန်းကို (ပ)၆၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၃/၃၃၆ ဖြင့် အရေးယူထားကြောင်း မိုင်းဆတ်မြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

## မြစ်ကြီးနားတွင် ဆိုင်ကယ်လိုင်စင်လုပ်သူ ၃၀၀၀ ကျော်ရှိ

မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားခန်းမ ၂တွင် ဆိုင်ကယ်များကို ယာဉ်လိုင်စင်လုပ်ဆောင်ပေးလျက်ရှိရာ ဇွန်လ ၁၈ ရက်နေ့မှ ဇူလိုင်လ ၃၀ ရက်နေ့အထိ လိုင်စင်လာရောက်ပြုလုပ်သည့် ဆိုင်ကယ်အစီးရေ ၃၃၇၃ ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

“လိုင်စင်လာလုပ်တဲ့လူက အခုရက်ပိုင်းများလာတယ်လို့ ပြောလို့ရတယ်။ အခုနောက်ပိုင်းဆို ရာချီအထက်ပဲရှိတယ်”ဟု အမှတ်(၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောဆိုသည်။

ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ လိုင်စင်ထုတ်ပေးခဲ့သော်လည်း လာရောက်လျှောက်ထားသူအနည်းငယ်သာရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။ ■ R-06

# ဆိပ်ဖြူဒိုင်သို့ ကြက်သွန်နီအဝင်များ

**ချောက်၊ ဩဂုတ် ၁**

မကွေးတိုင်း ဆိပ်ဖြူမြို့ရှိ ကြက်သွန်နီအဝယ်ဒိုင်သို့ကြက်သွန်နီအဝင်သည် ယခင်ကထက လေးဆကျော် ပိုမိုဝင်ရောက်ကြောင်း အဆိုပါဒိုင်ထံမှ သိရသည်။

အဆိုပါဒိုင်သို့ ကြက်သွန်တောင်သူများမှ ပြီးခဲ့သည့်ရက်ပိုင်းက ပိဿာချိန်တစ်သောင်းခွဲခန့်သာလာရောက် ရောင်းချသော်လည်း ယခုအခါ ပိဿာချိန် ခြောက်သောင်းခွဲကျော်အထိ လာရောက်ရောင်းချသည့် အတွက် ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၅၀ ခန့်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

“ဈေးကတော့ အရင်ကျဈေးအတိုင်းပါပဲ။ ခုရက်ပိုင်း ဒီဘက်နယ်က ကြက်သွန်နီကို ရန်ကုန်မှာ အဝယ်လိုက်တယ်။ ကျွန်တော့်ဒိုင်မှာ အိတ်နှစ်ရာလောက်ပဲရှိတာကို ရန်ကုန်တင်ပို့တော့ ဟိုမှာမျှပို့နေရတယ်။ တောင်သူတွေလည်း အရှုံးများနေပေမယ့် ထုတ်ရောင်းနေကြရတယ်”လို့ ဆိပ်ဖြူ ကြက်သွန်နီ အဝယ်ဒိုင် ဦးမြင့်သိန်းက ပြောသည်။

တောင်သူများအနေနှင့် သီးနှံထပ်မံစိုက်ပျိုးရာတွင် အသုံးပြုရန် ငွေလိုသဖြင့် ကြက်သွန်ထုတ်ရောင်းမှုများပြားလာခြင်းဖြစ်ပြီး တောင်သူများ ကုန်လှောင်ချိန်မှာလည်း ၂ လသာထပ်မံလှောင်နိုင်တော့မည်ဖြစ်သည့်အပြင် ဈေးနှုန်းမှာလည်း ထပ်မံမြင့်တက်နိုင်ခြေမရှိတော့ဟုဆိုကာ ထုတ်ရောင်းလာကြခြင်းဖြစ်ကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

လက်ရှိကြက်သွန်နီဈေးသည် အလုံးကြီး တစ်ပိဿာလျှင် ၅၂၀ ကျပ်၊ အလုံးလတ် တစ်ပိဿာလျှင် ၄၇၀ ကျပ်နှင့် အလုံးသေးတစ်ပိဿာလျှင် ၄၂၀ ကျပ် ဈေးရှိကြောင်း ဆိပ်ဖြူကြက်သွန်ဈေးကွက်အတွင်းထံမှ သိရသည်။

■ R-24

သတင်း ကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁



## ဂျာမန်လူမျိုးများ အထိုင်များလွန်းသောကြောင့် ဘေးအန္တရာယ်ရှိနိုင်

ဘာလင်၊ ဩဂုတ် ၁

ဂျာမန်လူမျိုးတို့သည် တစ်နေ့တာအတွင်း အလုပ်ခွင်နှင့် ရုပ်မြင်သံကြားစက်ရှေ့တွင် ထိုင်သောအချိန်သည် ၇ ဒသမ ၅ နာရီခန့်ရှိကြောင်း DKV ကျန်းမာရေးအာမခံကုမ္ပဏီက ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြထားသည်။

အထိုင်များလွန်းသော နေထိုင်မှုပုံစံသည် ဆိုးဝါးသောကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်ပြီး လေ့ကျင့်ခန်းမလုပ်ဘဲ ဟန်ချက်ညီရန် မဖြစ်နိုင်ဟု သုတေသနပညာရှင်များက သတိပေးထားသည်။

DKV က ထုတ်ပြန်သော 'ဂျာမနီနိုင်ငံမည်မျှ ကျန်းမာသနည်း' ၂၀၁၈ အစီရင်ခံစာသည် နေထိုင်လှုပ်ရှားမှု၊ အစားအစာ၊ အရက်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၊ စိတ်ဖိစီးမှု အပါအဝင် အဓိကကျသော နယ်ပယ်ငါးခုတွင် ဂျာမန်ပြည်သူတို့၏ ကျန်းမာရေးအလေ့အထများကို လေ့လာ

စာ-24

# အမေရိကန်တွင် သေလုမြောပါးဖြစ်နေသောအမျိုးသမီးကို လူမျိုးရေးခွဲခြား၍ စောင့်ရှောက်မှုပေးရန် ပျက်ကွက်ခဲ့သော ဆေးအမှုထမ်းလေးဦးကိုစစ်ဆေး

ဝါရှင်တန်၊ ဩဂုတ် ၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဆေးအမှုထမ်းလေးဦးသည် သေလုမြောပါးဖြစ်နေသော အမျိုးသမီးတစ်ဦးကို လူမျိုးရေးခွဲခြား၍ ဝန်ဆောင်ခမပေးနိုင်ဟု ယူဆသောကြောင့် ဆေးဝါးကုသစောင့်ရှောက်မှုပေးရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခံထားရပြီး ဇူလိုင်လ ၃၁ ရက်နေ့တွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကြားနာမှုလုပ်ဆောင်ခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

လူမည်းမိသားစုဖြစ်သောကြောင့် လူနာတင်ကား အသုံးပြုခမတတ်နိုင်ဟု ဆေးအဖွဲ့ဝင်များက ယူဆခဲ့ကြသည်ဟု လူနာ၏ မိခင် နီကိုးလ်ဘလက်က ပြောကြားခဲ့သည်။

နောက်ဆုံးတွင် အသက် ၃၀ အရွယ်လူနာဖြစ်သူခရစ္စတယ်ဂယ်လိုဝေးကို မိခင်ဘလက်ကိုယ်တိုင် ကားမောင်း၍ ဆေးရုံသို့ ပို့ပေးခဲ့ရသည်။ ဂယ်လိုးဝေးသည် လေဖြတ်ပြီးနောက် သတိလစ် မေ့မြောနေခဲ့ပြီးနောက် ငါးရက်အကြာတွင် ကွယ်လွန်သွားခဲ့သည်။

ဟီးလ်စ်ဘရော့ကောင်တီ တာဝန်ရှိသူများက ယင်းကိစ္စအတွက် တာဝန်ရှိကြောင်း ဝန်ခံထားသည်။

ဂယ်လိုးဝေးမှာ ဗိုက်ခွဲမွေးခဲ့ပြီးရက်အတန်ကြာ ဇူလိုင်လ ၄ ရက်နေ့ မနက်ပိုင်းရေချိုးနေစဉ် လဲပြိုသွားခဲ့ပြီး နှုတ်ခမ်းများရောင်ကိုင်းကာ သွားရည်များစီးကျနေခဲ့သည်။

မိခင်ဖြစ်သူက ၉၁၁ ကို ဖုန်းဆက်ပြီးအကြောင်းကြားသောအခါ လူနာတင်ယာဉ်ရောက်လာခဲ့ပြီး ဆေးအဖွဲ့သည် သုံးထပ်ရှိ ဂယ်လိုးဝေးကို အောက်ထပ်သို့ သယ်ယူပေးခဲ့ကြသည်။

"သူတို့က ကျွန်မသမီးကို ထပ်ခါထပ်ခါ မေးနေတာ။ ဆေးရုံသွားမှာလား ဆေးရုံးသွားမှာလားနဲ့လေ ။ ကျွန်မသမီးက ဟုတ်ကဲ့သွားပါမယ်ချည်း ပြောပြီး ခေါ်သွားပေးဖို့ တောင်းပန်နေတာ" ဟု မိခင်ဖြစ်သူ နီကိုးလ်ဘလက်ခ် က ပြန်ပြောပြခဲ့သည်။

သို့ရာတွင် လူနာတင်ယာဉ်ဖြင့် မခေါ်သွားဘဲ သူ့ကားထဲကိုသာ သူ့သမီးကိုထည့်ပေးခဲ့သည်ဟုဆိုသည်။

"အပူချိန်လည်း မတိုင်းဘူး။ သွေးကြောတွေ ဘာတွေလည်း မစစ်ဆေးဘူး။ ကုန်ကျစရိတ်ကို သမီးက မပေးနိုင်ပါဘူးဆိုတာကိုပဲ ဝိုင်းပြောနေကြတာ။ မင်းခုမှ ကလေးမွေးထားတာ မဟုတ်လား သုံးဘလောက်လောက် သယ်သွားဖို့ကိုဒေါ်လာ ၆၀၀ အကုန်ခံမှာလား ဆိုပြီးမေးကြတယ်" ဟု မိခင်ဖြစ်သူက ပြန်ပြောပြသည်။

"မင်းသောက်ထားတာလား။ မင်းတို့တွေ ဇူလိုင် ၄ အောင်ပွဲခံနေတာ။ ဒါကြောင့် ခေါင်းကိုက်တာနေမှာပါ ဆိုတာမျိုးလည်း ဝိုင်းပြောကြတယ်"ဟု မိခင်ဖြစ်သူဘလက်ခ်က ပြန်ပြောပြသည်။

သမီးဖြစ်သူမှာ ကျွေးကောက်လဲကျနေသည့်တိုင် ဆေးအဖွဲ့ဝင်များက လူနာတင်ကားဖြင့် ခေါ်သွားမပေးဘဲ မိခင်ဖြစ်သူကိုယ်တိုင်သာ ကားဖြင့်ခေါ်သွားရန် တိုက်တွန်းခဲ့ကြသည်ဟုဆိုသည်။

အမေရိကန်သည် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်သော်လည်း နိုင်ငံတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရယူထားခြင်းမရှိသူ အများအပြားရှိနေပြီး ၎င်းတို့မှာ အရေးပေါ်အခြေအနေတွင် လူနာတင်ကားခေါ်ရုံဖြင့်ပင် ဒေါ်လာထောင်ချီကုန်ကျနိုင်သည်။



လူမည်းဖြစ်ပြီး စရိတ်မတတ်နိုင်လောက်ဟု ယူဆကာ လူနာတင်ကားက သယ်ဆောင်ပေးရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်

■ F-03

# အမေရိကန်တွင် သရီးဒီပရင်တာဖြင့် သေနတ်အစစ် ထုတ်နိုင်သော ဆော့ဖ်ဝဲ အပိတ်ခံရ

ဝါရှင်တန်၊ ဩဂုတ် ၁

အမေရိကန်တွင် အမှန်တကယ်ကျည်ထည့်ပစ်ခတ်၍ရသော သေနတ်အစစ်ကို သရီးဒီပရင်တာဖြင့် ထုတ်လုပ်နိုင်သော ဆော့ဖ်ဝဲဖြန့်ချိမှုကို ဆီယက်တဲလ်ရှိ ပြည်ထောင်စုတရားသူကြီးတစ်ဦးက ပိတ်ပင်ခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

သေနတ်ကိုင်ဆောင်ခွင့် လှုံ့ဆော်ထောက်ခံသည့် Defense Distributed အဖွဲ့က ဒေါင်းလုပ်ရယူပြီး သရီးဒီပရင်တာဖြင့် ထုတ်လုပ်နိုင်သော သေနတ်ပုံကြမ်းဆော့ဖ်ဝဲကို ဖြန့်ချိခဲ့ပြီးနောက် ငါးရက်အကြာတွင် ယင်းသို့ ပိတ်ပင်ခံရခြင်းဖြစ်သည်။

ပုံကြမ်းဆော့ဖ်ဝဲများရှိနေရုံဖြင့် သို့မဟုတ် ကိုယ်တိုင်ရေးပြီးလိုအပ်သည့် အသေးစားပစ္စည်းများ၊ ပစ္စည်းအစိတ်အပိုင်းများ၊ အရုပ်ကလေးများကို ကွန်ပျူတာချိတ်ဆက်၍ ဉာဏ်ရှိသလိုထုတ်နိုင်သည့် သရီးဒီပရင်တာ (သုံးဖက်မြင်ပစ္စည်းထုတ်စက်ငယ်) များကို အမေရိကန်တွင် အလွယ်တကူရရှိနိုင်သည်။ သို့ဖြစ်ရာ သေနတ်ပုံကြမ်းဆော့ဖ်ဝဲရရုံဖြင့် မည်သူမဆို အလွယ်တကူ သေနတ်ထုတ်နိုင်မည်ဖြစ်သည်။





သရီးဒီပရင်တာများကို အလွယ်တကူဝယ်နိုင်ရာ သေနတ်ပုံကြမ်းဆော့ဖ်ဝဲရရုံဖြင့် သေနတ်ထုတ်နိုင်မည်ဖြစ်သည်

အဆိုပါအဖွဲ့သည် ဇွန်လအတွင်းက ထရမ့်အစိုးရနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် သေနတ်ပုံကြမ်းများကို တရားဝင် ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ပြည်နယ်ရှစ်ခုနှင့် ဝါရှင်တန်ဒီစီပြည်ထောင်စုနယ်မြေ အာဏာပိုင်များက ယင်းသဘောတူညီချက်ကို ဟန့်တားရန် အစိုးရကို တရားစွဲဆိုခဲ့ပြီး ခြေရာခံ၍မရသောသေနတ်များသည် အလွန်အမင်း အန္တရာယ်ကြီးကြောင်း ကန့်ကွက်ခဲ့ကြသည်။

အမေရိကန်ခရိုင်တရားသူကြီး ရောဘတ်လာ့စ်နစ်က ပုံကြမ်းများ မသမာသူများလက်တွင်း ရောက်ရှိသွားနိုင်သည်ဟုဆိုကာ ဖြန့်ချိရန်စီစဉ်ထားသည့် ဩဂုတ်လ ၁ ရက်နေ့မတိုင်မီ နာရီပိုင်းအလိုတွင် ယာယီတားမြစ်အမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း Defense Distributed အဖွဲ့က သတ်မှတ်ရက်ထက် ငါးရက်ကြိုစောပြီး ယခင်အပတ်ကတည်းက ၎င်းတို့ဝက်ဘ်ဆိုက်တွင် သေနတ်အမျိုးအစားကိုးမျိုး၏ဖိုင်များ တင်ထားခဲ့ပြီးဖြစ်သည်။

သုံးရက်အတွင်း အမေရိကန်ရှိလူအစုလိုက်အပြုံလိုက် ပစ်ခတ်မှုများတွင် သုံးသော AR-15 ရိုင်ဖယ်နှင့် ပုံစံဆင်တူသည့် သေနတ်တည်ဆောက်မှုနှင့်ဆိုင်သောဖိုင်များကိုဒေါင်းလုပ်ရယူသူ လူပေါင်း ၁၀၀၀ ကျော်ရှိခဲ့သည်။

သေနတ်ပုံကြမ်းများထုတ်ပြန်ပေးခြင်းသည် အများပြည်သူဘေးကင်းရေးကို ထိခိုက်နိုင်သောကြောင့်ဟုဆိုကာ ပြည်နယ်ရှစ်ခုနှင့် ဝါရှင်တန်ဒီစီ ရှေ့နေချုပ်များက အစိုးရကိုတရားစွဲခဲ့သည်။ ■ F-03


Reuters

# တောင်အာဖရိကတွင် မြေတောင်းခံသိမ်းခြင်းကို ခွင့်ပြုရန် အခြေခံဥပဒေကို ပြင်ဆင်

ဂျိုဟန်နက်စဘတ်၊ ဩဂုတ် ၁

တောင်အာဖရိကနိုင်ငံတွင် မြေကို လျော်ကြေးမပေးဘဲ တောင်းခံသိမ်းယူခွင့်ပြုရန်အတွက် အခြေခံဥပဒေကို ပြင်ဆင်မည့် အစီအစဉ်များကို တွန်းအားပေးသွားမည်ဟု သမ္မတဆိုင်ရစ်ရမ်ပိုဆာက ပြောကြားလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ထိုအစီအစဉ်ကို ခွင့်ပြုမည့် အခြေခံဥပဒေပြင်ဆင်ချက်ကို အာဏာရ ANC ပါတီက အပြီးသတ်ရေးဆွဲတော့မည်ဟု သမ္မတရမ်ပိုဆာက ကြိုတင်အသံသွင်းထုတ်ပြန်သောမိန့်ခွန်းတွင် ပြောကြားသွားသည်။

အဆိုပါပြုပြင်ပြောင်းလဲမှုသည် စီးပွားရေးဖွံ့ဖြိုးရေးအတွက် အလွန်တရာ အရေးပါသည်ဟု သမ္မတကဆိုသည်။

တောင်အာဖရိကတွင် မြေယာပြုပြင်ပြောင်းလဲမှုအရှိန် နှေးကွေးမှုကြောင့် မကြာသေးမီလပိုင်းများအတွင်း အမျက်ဒေါသများ ကြီးထွားလာခဲ့သည်။

တောင်အာဖရိကတွင် လူဖြူလယ်ပိုင်ရှင် ထောင်ဂဏန်းကသာ စိုက်ပျိုးမြေအများစုကိုပိုင်ဆိုင်ထားကြရာ မြေပိုင်ဆိုင်မှု အချိုးမညီဟု ယူဆရသည်။

သို့ရာတွင် မြေသိမ်းယူခွင့် ဥပဒေကြောင့် အိမ်နီးချင်း ဇင်ဘာဘွေနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်အတိုင်း မြေအပိုင်စီးမှုများ ဖြစ်လာနိုင်သည်ဟု ဝေဖန်သူအချို့က စိုးရိမ်တကြီး ထောက်ပြကြသည်။

သမ္မတရမ်ပိုဆာကမူ အခြေခံဥပဒေ၏ တိကျသောရေးသားဖော်ပြမှုသည် အများပြည်သူအကျိုးအတွက် လျော်ကြေးမပေးဘဲ မြေသိမ်းယူခြင်းကို ခွင့်ပြုထားသည်ဟု မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

တောင်အာဖရိကသည် မြေသိမ်းယူခွင့်ပြုသည့် ဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယခုပြင်ဆင်ချက်ကို လွှတ်တော်တွင် အတည်ပြုရန် ANC ပါတီက လုပ်ဆောင်နေသည်။

ပြည်သူများက မြေယာကိစ္စနှင့် ပတ်သက်၍ အခြေခံဥပဒေကို ပိုမိုတိကျအောင် ပြင်ဆင်ဆောင်ရွက်ပေးစေလိုကြောင်း ပိုမိုထင်ရှားလာသည်ဟု ရမ်ပိုဆာကဆိုသည်။

"ဒီအချက်က ကျုပ်တို့ တိုက်ပွဲဝင်နေတဲ့ အခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီပဲ" ဟု ရန်ပိုဆာက ပြောကြားသည်။

"လူမှုစီးပွားဖွံ့ဖြိုးရေး၊ စီးပွားရေးနဲ့ အလုပ်အကိုင် ဖွံ့ဖြိုးရေးအတွက် အစိုးရနဲ့အတူ လက်တွဲလုပ်ဆောင်သွားကြဖို့ တောင်အာဖရိက ပြည်သူအားလုံးကို တိုက်တွန်းပါတယ်" ဟု သမ္မတက ပြောကြားသည်။

တောင်အာဖရိကတွင် အသားအရောင် ခွဲခြားမှု အဆုံးသတ်ပြီးနောက်ပိုင်း လူဖြူတို့၏မြေယာပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းမျှကိုသာ လူမည်းတို့ထံလွှဲပြောင်းပေးမှု ရှိခဲ့သည်။

■ F-04

## CARTOON


Cagle.com

စာ-23 ဂျာမန်လူမျိုးများ အထိုင်များလွန်းသောကြောင့် ဘေးအန္တရာယ်ရှိနိုင် မှအဆက်

ထားခြင်းဖြစ်သည်။ ထို့ပြင် ဆူညံမှုခံနိုင်ရည်နှင့် အထီးကျန် ခံစားမှုတို့နှင့် ပတ်သက်၍လည်း လေ့လာတင်ပြထားသည်။



ဂျာမနီနိုင်ငံတစ်လွှား လူပေါင်း ၂၈၀၀ ခန့်ကို မေးမြန်းလေ့လာခဲ့ပြီးနောက် ဂျာမန်တို့သည် ပုံမှန်အလုပ်ခွင် တစ်နေ့တာအတွင်း ၇ နာရီခွဲခန့် ထိုင်လေ့ရှိပြီး ၂၀၁၆ ခုနှစ်ကထက် ၃၀ မိနစ် ပိုများလာကြောင်း လေ့လာသူများကတွေ့ရှိခဲ့သည်။

အပြတ်အတောက်မရှိဘဲ တစ်ဆက်တည်း အများဆုံးထိုင်လေ့ရှိသော အချိန်မှာ ရုပ်သံစက်ရှေ့တွင် ၂ နာရီခန့်ဖြစ်ပြီး အလုပ်ခွင်တွင် မိနစ် ၉၀ ဝန်းကျင်ခန့် ဘယ်မှမသွားဘဲ ထိုင်လေ့ရှိသည်ဟု သိရှိရသည်။

ကိုယ်ကာယလှုပ်ရှားမှု မရှိခြင်းသည် ကမ္ဘာပေါ်တွင် လူသားတို့ သေဆုံးရသော စတုတ္ထမြောက် အကြီးမားဆုံးအကြောင်းရင်းဖြစ်သည်ဟု WHO က သတိပေးထားသည်။

သုတေသနကို ဦးဆောင်သော ကိုလုံးအားကစားတက္ကသိုလ်မှ ပါမောက္ခ အင်ဂိုဖရိုဘို့စ်က မလှုပ်မရှားဘဲ အချိန်အကြာကြီးထိုင်ခြင်းသည် သွေးပေါင်ချိန်



ကျခြင်း၊ အရေးကြီးသော ကိုယ်တွင်းအင်္ဂါများသို့ သွေးအရောက်နည်းခြင်း၊ ဆဲလ်များသိမ်သွားခြင်းအပါအဝင် ဆိုးဝါးသောကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်ဟု ပြောကြားသည်။

"အချိန်အကြာကြီးထိုင်တာဟာ ခန္ဓာကိုယ်ထဲက ဆဲလ်တစ်ခုစီတိုင်းအတွက် ပြဿနာရှိတာယ်" ဟုၤင်းက သတိပေးသည်။

WHO သတ်မှတ်ချက်များအရ အရွယ်ရောက်ပြီးသူတစ်ဦးသည် တစ်ပတ်လျှင် ပျမ်းမျှ မိနစ် ၁၅၀ ခန့် ပုံမှန်လှုပ်ရှားမှု သို့မဟုတ် ၇၅ မိနစ်ခန့် ခွန်အားစိုက် လှုပ်ရှားမှုကိုပြုလုပ်ရန် လိုအပ်သော်လည်း ဂျာမန်အများစုမှာ ပြည့်မီခြင်းမရှိဟု သိရှိရသည်။

လေ့လာမေးမြန်းခဲ့သော ဂျာမန် ၂၈၀၀ အနက် ပုံမှန် နေထိုင်လှုပ်ရှားသူ ၄၃ ရာခိုင်နှုန်းသာရှိသည်။

"ဂျာမန်တွေရဲ့ကျန်းမာရေးအလေ့အထတွေကို အရင်ကတည်းက စိုးရိမ်ခဲ့ပါတယ်။ အခုက ပိုတောင်ဆိုးလာနေတယ်" ဟု ဖရိုဘို့စ်ကဆိုသည်။

ထို့ပြင် ဂျာမန်လူမျိုးတို့၏ ကျန်းမာရေးအသိနှင့် လက်တွေ့ကျင့်သုံးမှုအကြား ကွဲလွဲနေသည်ကိုလည်း ပညာရှင်များက တွေ့ရှိခဲ့သည်။

လေ့လာမေးမြန်းခဲ့သူများအနက် ၆၁ ရာခိုင်နှုန်းက ၎င်းတို့၏ ကျန်းမာရေး အလွန်ကောင်းသည်ဟု ယုံကြည်ကြောင်း ဖြေကြားခဲ့သည်။

သို့ရာတွင် အဓိကနယ်ပယ်ငါးခု၌ အနိမ့်ဆုံးလိုအပ်ချက်များကို ပြည့်မီအောင် နေထိုင်သူ ၉ ရာခိုင်နှုန်းမျှသာရှိသည်။

၂၀၁၀ မှစ၍ ရှစ်နှစ်အတွင်း သုတေသနငါးကြိမ်ပြုလုပ်ခဲ့ရာ ယခုတစ်ကြိမ်ကိန်းဂဏန်းများမှာ မှတ်တမ်းတစ်လျှောက် အနိမ့်ဆုံးဖြစ်သည်ဟုဆိုသည်။

ယခုကိစ္စသည် ပညာရေးနှင့်မဆိုင်ဘဲ ကျန်းမာရေးအယူအဆနှင့် အဓိကသက်ဆိုင်သည်ဟု ပါမောက္ခဖရိုဘို့စ်က ပြောကြားသည်။

"လူများစုက နေမကောင်းဖြစ်မှပဲ ကျန်းမာရေးကို ဂရုစိုက်လေ့ရှိကြတယ်။ ကျွန်တော်တို့ ဂျာမန်တွေဟာ အဖြစ်မှန်ကို ရှောင်လွှဲနေတဲ့သူတွေပဲ" ဟု ၎င်းက ပြောကြားသည်။

"နေ့စဉ် နေထိုင်မှုပုံစံမှာ ကိုယ်လက်လှုပ်ရှားဖို့ ရွေးချယ်စရာတွေ အများကြီးပါ" ဟုပြောကြားသော ဖရိုဘို့စ်က မတ်တတ်ရပ်နေစဉ် ဖုန်းပြောခြင်း၊ လှေကားတက်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များထံ အီးမေးလ်မပို့ဘဲ ကိုယ်တိုင် လမ်းထလျှောက်သွားကာ ဆွေးနွေးခြင်း၊ နေ့လယ်စာကိုလမ်းလျှောက်ထွက်ရင်း စားသောက်ခြင်း စသည့်နည်းလမ်းများကို အကြံပြုထားသည်။

ဘတ်စ်ကားစီးလျှင် တစ်မှတ်တိုင်ကြိုဆင်းပြီး လမ်းလျှောက်လျှင် ထူးခြားမှုရှိသည်ဟုလည်း ၎င်းက ပြောကြားသည်။

■ F-04

# အိမ်အကူ မခင်မာမြင့်နှင့် ပွဲစားဒေါ်ညိုကို စတင် တရားစွဲ

ရန်ကုန်၊ ဩဂုတ် ၁



အကယ်ဒမီ သရုပ်ဆောင် သီဟတင်စိုး၏ မိသားစုကို ခြောက်လှန့်ငွေတောင်းယူရန် ကြံစည်ပြီး မုဒိမ်းမှုဖြင့် လီဆယ် အမှုဖွင့်တိုင်ကြားခဲ့သော အိမ်အကူ မခင်မာမြင့်နှင့် ပွဲစား ဒေါ်ညိုတို့ကို ဩဂုတ်လ ၁ ရက် မွန်းလွဲပိုင်းက သင်္ဃန်းကျွန်းမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၃၈၉/၁၁၄ ဖြင့် စတင် တရားစွဲဆိုခဲ့ပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးထံမှ သိရသည်။

"လူအများစိတ်ဝင်စားနေတဲ့ အမှုမို့ ဒုတိယအကြိမ်မြောက် ရုံးထုတ်မှာပဲ တရားစွဲတင်လိုက်တာပါ။ ဒီအမှုက တရားလို မဇင်မာဦးဖွင့်ထားတဲ့ အမှုပါ။ ရဲတပ်ဖွဲ့ဘက်ကလည်း ထပ်ပြီး အမှုဖွင့် တရားစွဲဆိုသွားမှာပါ" ဟု ရဲမှူး ကိုကိုဦးက ပြောသည်။

တရားစွဲဆိုခံရသူ အိမ်အကူ မခင်မာမြင့်မှာ သီဟတင်စိုး၏ နေအိမ်တွင် အိမ်အကူအဖြစ် ရှစ်ရက်ကြာ ဝင်ရောက်လုပ်ကိုင်ပြီးနောက် အိမ်ရှင်ဖြစ်သူ သီဟတင်စိုးက ၎င်းကို အဓမ္မပြုကျင့်ခဲ့ကြောင်း ဇူလိုင်လ ၁၄ ရက်နေ့က သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနယ်မြေရဲစခန်းတွင် တရားလိုပြု အမှုဖွင့်တိုင်ကြားလာသဖြင့် ရဲတပ်ဖွဲ့က သီဟတင်စိုး၏ နေအိမ်သို့ သွားရောက်ပြီး အမှုတိုင်ချက်အရ စစ်ဆေးမေးမြန်းခဲ့စဉ် သီဟတင်စိုးမှာ ဇနီးဖြစ်သူ အကယ်ဒမီ ဇင်မာဦးနှင့် စကားများရန်ဖြစ်ပြီး နေအိမ်မှ အပြင်ထွက်သွားသောကြောင့် စစ်ဆေးနိုင်ခြင်း မရှိခဲ့ပေ။

ယင်းနောက် မုဒိမ်းမှုဖြင့် တရားလိုပြု အမှုဖွင့်တိုင်ကြားသူ အိမ်အကူ မခင်မာမြင့်မှာ အိမ်အကူ ပွဲစား ဒေါ်ညိုနှင့်အတူ ပူးပေါင်း၍ ၎င်းကို အိမ်အကူအဖြစ်ခေါ်သည့် အိမ်ရှင် အမျိုးသားများကို အဓမ္မပြုကျင့်ကြောင်း လီဆယ်စွပ်စွဲပြောဆိုပြီး ခြိမ်းခြောက်ငွေတောင်းယူရန် ကြံစည်ခဲ့သည်ကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီးနောက် အကယ်ဒမီ ဇင်မာဦးက ၎င်းတို့၏ မိသားစုကို ခြိမ်းခြောက်ငွေတောင်းယူခဲ့ရာတွင် ပါဝင်သော ပွဲစား ဒေါ်ညို၊ အိမ်အကူ မခင်မာမြင့်နှင့် ထွန်းတောက် အကျိုးဆောင်လုပ်ငန်းပိုင်ရှင် ဒေါ်မြင့်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၈၉/၁၁၄ ဖြင့် အမှုဖွင့်အရေးယူပေးပါရန် တရားလိုပြုတိုင်ကြားခဲ့ကြောင်း သုဝဏ္ဏနယ်မြေ ရဲစခန်းထံမှ သိရသည်။

"လက်ရှိ ကိုသီဟတင်စိုး အမှုကို မပိတ်ရသေးဘူး။ ဥပဒေအကြံတောင်းဆီက ခွင့်ပြုချက်မရသေးလို့ပါ။ အဲဒီအမှုကို ပိတ်ပြီးတာနဲ့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကနေ အိမ်အကူ မခင်မာမြင့်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၂၁၁ နဲ့ ထပ်ပြီး တရားစွဲဆိုသွားမှာပါ" ဟု ရဲမှူး ကိုကိုဦးက ပြောသည်။

မုဒိမ်းမှုဖြင့် လီဆယ်တိုင်ကြားခံရသူ အကယ်ဒမီ သရုပ်ဆောင် သီဟတင်စိုးမှာ လာမည့် ရက်ပိုင်းအတွင်း သတင်းမီဒီယာများနှင့် တွေ့ဆုံပြီးနောက် ၎င်းရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်များကို အများပြည်သူ သိရှိစေရန် ရှင်းလင်းပွဲတစ်ခု ပြုလုပ်ပေးမည်ဖြစ်ကြောင်း ယောက်ဖတော်စပ်သူ အကယ်ဒမီ ဇင်မာဦး၏ အစ်ကိုဖြစ်သူထံမှ သိရှိရသည်။

သင်္ဃန်းကျွန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုခံရသည့် အိမ်အကူ မခင်မာမြင့်မှာ ပဲခူးမြို့နယ် တရားရုံးတွင် ပွဲရုံပိုင်ရှင်တစ်ဦး၏ လူယုံတပည့်ဖြစ်သူ အသက် ၂၈ နှစ် အရွယ် အမျိုးသားကို ၎င်းအပေါ် မုဒိမ်းမှုကျူးလွန်ခဲ့မှုဖြင့် တရားလိုပြု တရားစွဲဆိုထားပြီး ယင်းအမှု မတိုင်ကြားခင် ပွဲစားဒေါ်ညိုနှင့် ထွန်းတောက် အကျိုးဆောင်လုပ်ငန်းပိုင်ရှင် ဦးဌေးဝင်းတို့က ကျပ်သိန်းတစ်ရာပေးလျှင် အမှုဖွင့်တိုင်ကြားမည်မဟုတ်ကြောင်း ခြိမ်းခြောက်၍ ငွေတောင်းယူခဲ့သည်ဟု ပွဲရုံပိုင်ရှင် ကိုဝင်းမင်းထံမှ သိရသည်။

ယင်းအပြင် ပွဲစားဒေါ်ညိုမှာ သာကေတမြို့နယ်ရှိ ဆရာဝန်တစ်ဦးထံမှ အိမ်အကူ အသက် ၂၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်မှုဖြင့် စွဲဆိုထားသည့် အမှုကို ပြန်လည်ရုပ်သိမ်းပေးစေလိုပါက ကျပ်သိန်း တစ်ရာ့ငါးဆယ် ပေးရမည်ဟု ခြိမ်းခြောက်ပြောဆိုပြီး ငွေများ တောင်းယူခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရပြီး လက်ရှိ ထွန်းတောက် အကျိုးဆောင်လုပ်ငန်း ပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်နေ၍ ဖမ်းမိထားသူနှစ်ဦးကို လာမည့် ဩဂုတ်လ ၁၅ ရက်နေ့တွင် ရုံးထုတ်ရန် ထပ်မံချိန်းဆိုထားကြောင်း သင်္ဃန်းကျွန်းမြို့နယ် တရားရုံးထံမှ သိရသည်။

■ S-03

## မှုခင်းသတင်းတိုများ

■ ခရမ်းမြို့နယ်၊ ထိန်ပင်ကွင်းကျေးရွာတွင် ဇူလိုင်လ ၃၁ ရက် ည ၇ နာရီခွဲ က အသက် ၂၃ နှစ် အမျိုးသားတစ်ဦးမှာ အဆိပ်သောက်ပြီး မိမိကိုယ်ကိုယ်အဆုံးစီရင်ခဲ့သောကြောင့် စုံစမ်းစစ်ဆေးရာ မိဘနှစ်ပါးနှင့် အစ်ကိုဖြစ်သူတို့မှာ ဆက်တိုက်သေဆုံးသွားခဲ့သောကြောင့် ၎င်းမှာ စိတ်ကျရောဂါ ခံစားနေရသူဖြစ်ကြောင်း သိရှိရပြီး သေဆုံးသူ ရုပ်အလောင်းကို ခရမ်းဆေးရုံသို့ ပို့အပ်ပြီး သေမှုသေခင်း အမှတ်စဉ် ၃/၁၈ ဖြင့် နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

■ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သိမ်ဖြူလမ်းရှိ ပထမထပ်အခန်းတစ်ခန်းတွင် ဇူလိုင်လ ၃၁ ရက် ည ၈ နာရီ ဝန်းကျင်က ဘုရားစင်တွင် မီးပူဇော်ထားသည့် လျှပ်စစ်ဝါယာကြိုးမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့သောကြောင့် မီးသတ်ယာဉ် ၁၅ စီးဖြင့် မီးလောင်မှုကို ငြိမ်းသတ်ခဲ့ပြီး ယင်းမီးလောင်မှုကြောင့် မီးပေါ့ဆစွာ သုံးစွဲမှုဖြင့် အသက် ၄၈ နှစ် အမျိုးသားကို ဗိုလ်တထောင်မြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၀ ရပ်ကွက်၊ အောင်သပြေလမ်းတွင် ဇူလိုင်လ ၃၁ ရက် ည ၈ နာရီက မိခင်နှင့်အတူ အိပ်ရာဝင်နေသည့် ခြောက်လအရွယ် ယောကျ်ားလေးငယ်တစ်ဦးမှာ နေအိမ်ကြမ်းခင်း အပေါက်မှ အိမ်အောက်ရှိ အနက် နှစ်ပေခန့်ရှိသော ရေအိုင်ထဲသို့ ပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့သောကြောင့် အလောင်းကို မြောက်ဥက္ကလာပမြို့နယ်ဆေးရုံသို့ ပို့အပ်ပြီး သေမှုသေခင်း အမှတ်စဉ် ၁၂/၁၈ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ရွှေပေါက်ကံနယ်မြေ ရဲစခန်းထံမှ သိရှိရသည်။

■ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အသောကလမ်းတွင် ဇူလိုင်လ ၃၁ ရက် နံနက် ၁၁ နာရီ ဝန်းကျင်က Suzuki အမျိုးအစား မော်တော်ယာဉ်တစ်စီးမှာ အော်တိုပန့်သို့ သွားသည့် ဆီပိုက်ပေါက်ပြီး အင်ဂျင်တုံးပေါ် ဆီကျရာမှ ကားမီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် ယာဉ်ခေါင်းခန်းရှိ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ မီးလောင်ဒဏ်ရာများရခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားရသောကြောင့် မီးလောင်မှုဖြစ်ပွားအောင် ယာဉ်မဆင်မခြင် မောင်းနှင်ခဲ့သည့် ယာဉ်မောင်းကို ရာဇသတ်ကြီး ပုဒ်မ ၂၈၅/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း တာမွေမြို့မ ရဲစခန်းထံမှ သိရှိရသည်။

■ မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းတွင် ဇူလိုင်လ ၃၁ ရက် ညနေ ၆ နာရီက မှော်ဘီမှ တိုက်ကြီးဘက်သို့ မောင်းလာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်တစ်စီးမှာ မိုင်တိုင်အမှတ် ၃၂/၁ အနီးတွင် အရှိန်မထိန်းနိုင်ဖြစ်ပြီး ယာဉ်ရှေ့ရှိ မော်တော်ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိသောကြောင့် ဆိုင်ကယ်မောင်းသူ အသက် ၂၅ နှစ် အမျိုးသားမှာ ပေါက်ပြဲဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သော မတ်တူးယာဉ်မောင်း အသက် ၄၇ နှစ် အမျိုးသားကို မှော်ဘီမြို့မ ရဲစခန်းက ယာဉ်(ပ) ၆၈/၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/၂၇၉ ဖြင့် အမှုဖွင့်အရေး ယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

S-03

# ဆရာဝန် အမျိုးသမီးကို ရိုက်နှက်ပြီး လုယက်ခဲ့သူ နှစ်ဦးကို ဖမ်းမိ

ရန်ကုန်၊ ဩဂုတ် ၁

တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံဘုန်းကြီးကျောင်းရှေ့တွင် နေ့ခင်းကြောင်တောင် ယာဉ်ပေါ်လိုက်ပါလာသည့် သားဖွားမီးယပ်အထူးကု ဆရာဝန် အမျိုးသမီးအား အလူမီနီယံချောင်းဖြင့် ရိုက်နှက်၍ ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းနှင့်ငွေများ လုယူခဲ့သည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဘားအံမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းဆီးရမိသူ အသက် ၃၄ နှစ် သူရကိုကိုသိန်း(ခ) အငယ်ကောင်နှင့် အသက် ၂၄ နှစ် မဇာဇာလင်းတို့မှာ တာမွေမြို့နယ်တွင် နေထိုင်သူထံမှ မတ်တူးယာဉ်တစ်စီးကို တစ်လလျှင် ကျပ်လေးသိန်းဖြင့်ခြောက်လငှားရမ်းခဲ့ပြီး အဆိုပါယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည် ဆရာဝန် အမျိုးသမီးတစ်ဦးကို ဇူလိုင်လ ၂၁ ရက် နံနက် ၁၁ နာရီဝန်းကျင်က တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံ ဘုန်းကြီးကျောင်းရှေ့တွင် ရိုက်နှက် လုယက်မှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလူမီနီယံချောင်းဖြင့် ရိုက်နှက်ခံရသည့် ဗဟိုအမျိုးသမီး ဆေးရုံမှ သားဖွားမီးယပ် အထူးကု ဆရာဝန် အမျိုးသမီးမှာ ဇူလိုင်လ ၂၁ ရက် နံနက် ၁၁ နာရီဝန်းကျင်က ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်မှ ဝေဇယန္တာလမ်းသို့ ထွက်လာခဲ့စဉ် မတ်တူးယာဉ်တစ်စီးပေါ်မှ အမျိုးသားက ကားငှားမလားဟု မေးမြန်းသောကြောင့် ၎င်းက ကျပ်သုံးထောင့်ငါးရာဖြင့် ကားငှား၍ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ လိုက်လံပို့ဆောင်ခိုင်းခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။ ယင်းနောက် ယာဉ်မောင်းသည့် အမျိုးသားက တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ထဲသို့ ယာဉ်ကို မောင်းနှင်သဖြင့် ယာဉ်နောက်ခန်းတွင် လိုက်ပါလာသည့် ဆရာဝန် အမျိုးသမီးက မေးမြန်းခဲ့ရာ ယာဉ်မောင်းက နေအိမ်တွင် ပစ္စည်းတစ်ခု ဝင်ယူလိုသောကြောင့်ဟု ပြောဆိုပြီး ငွေကြာယံဘုန်းကြီးကျောင်းရှေ့အရောက်တွင် ယာဉ်ကိုရပ်၍ ဆရာဝန် အမျိုးသမီး၏ လည်ပင်းကို ညှစ်စဉ် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ပြီးနောက် အမည်မသိ အမျိုးသမီးတစ်ဦးက ရောက်ရှိလာပြီး ဆရာဝန် အမျိုးသမီး၏ မျက်လုံးကို လက်ဖြင့်ပိတ်၍ ယာဉ်မောင်းက အလူမီနီယံချောင်းဖြင့် ရိုက်နှက်ပြီး ဝတ်ဆင်ထားသည့် ကျောက်စိမ်းလော့ကတ်သီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ စိန်နားကပ်တစ်ရန်၊ Samsung လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်ငါးသောင်းခန့် ပါသည့် ပိုက်ဆံအိတ်ကို လုယူပြီး ယာဉ်ပေါ်မှ ဆင်းခိုင်း၍ မောင်းနှင်ထွက်ပြေး သွားခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မတ်တူးယာဉ်နံပါတ်ကို အခင်းဖြစ်ပတ်ဝန်းကျင်ရှိ CCTV မှတ်တမ်းမှ ရရှိခဲ့ပြီးနောက် ယာဉ်ပိုင်ရှင်ကို စုံစမ်းစစ်ဆေးမေးမြန်းခဲ့ရာ ယင်းယာဉ်ကို လပေးဖြင့် ငှားရမ်းထားသူမှာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် နေထိုင်သူ သူရကိုကိုသိန်း(ခ) အငယ်ကောင် ဖြစ်ကြောင်း သိရှိခဲ့ပြီးနောက် ဆက်လက်စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူနှစ်ဦးမှာ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ဇူလိုင်လ ၃၁ ရက်နေ့က လိုက်လံဖမ်းဆီးခဲ့ရာ ကျိုက်ထိုမြို့ရှိ တည်းခိုခန်း တစ်ခုတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး အခြား ကျူးလွန်ထားသည့် ပြစ်မှုများ ရှိ မရှိကို ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■

S-03





# မော်ရင်ညိုကို ထုတ်ပယ်ရန် မန်ယူတွင် အစီအစဉ်ရှိနေပြီဟု ဂျေမီရက်နပ် ပြောကြား

**လန်ဒန်၊ ဩဂုတ် ၁**

ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသော အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျေမီရက်နပ်သည် မန်ယူအသင်းဒါရိုက်တာဘုတ်အဖွဲ့ထံတွင် နည်းပြမော်ရင်ညိုကို ရာထူးထုတ်ပယ်ရန် အစီအစဉ်များရှိနေပြီဟု သုံးသပ်ပြောကြားလိုက်ကြောင်း Daily Star က ဖော်ပြထားသည်။

မော်ရင်ညိုသည် လက်ရှိတွင် အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးအဆင်မပြေမှုများရှိနေပြီဖြစ်ပြီး အသင်းစီနီယာ ကစားသမားအချို့ကလည်း မော်ရင်ညိုနှင့် လက်တွဲအလုပ်လုပ်ရသည်မှာ ကြက်ဥခွံများပေါ်တွင် လမ်းလျှောက်ရသကဲ့သို့ဖြစ်နေသည်ဟု သုံးသပ်ယူဆမှုများရှိနေပြီဖြစ်သည်။

မော်ရင်ညိုသည် အသင်းကို အင်အားဖြည့်ရန်အတွက် ကစားသမားနှစ်ဦးခန့် ထပ်မံခေါ်ယူလိုနေသော်လည်း အသင်းတာဝန်ရှိသူများဘက်က အပြောင်းအရွှေ့ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အားနည်းပျက်ကွက်မှုများရှိနေပြီး ဂျေမီရက်နပ်ကမူ မန်ယူအသင်းတာဝန်ရှိသူများမှာ မော်ရင်ညိုကို စိတ်ကုန်မှုများရှိလာခဲ့ပြီဖြစ်၍ လုံလောက်သော အထောက်အပံ့များ မပေးတော့ခြင်းဖြစ်နိုင်ကြောင်း ဖွင့်ဟပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် မန်ယူအသင်းတာဝန်ရှိသူများမှာ အသင်းကို ယခင်ကကဲ့သို့ ထိပ်သီးအဆင့်ပြန်ဖြစ်လိုသော်လည်း လိုအပ်သည့်ငွေသုံးစွဲမှုများ ဆောင်ရွက်ရန် လက်တွန့်နေသည်ဟု အတိအလင်းဝေဖန်ထားပြီး ၎င်းအလိုရှိသော ကစားသမားများကို အသင်းတာဝန်ရှိသူများဘက်က မဝယ်ယူပေးပါက ကစားသမားအချို့ကို ရောင်းထုတ်၍ အပြောင်းအရွှေ့အသုံးစရိတ်စုဆောင်းသည့် နည်းလမ်းကို ၎င်းအနေနှင့် အသုံးပြုသွားမည်ဟုလည်း မော်ရင်ညိုက အသိပေးထားသေးသည်။

■ E-11

# မာတီရယ်လ်ကို နှစ်ပတ်စာလုပ်ခ မန်ယူ ဒဏ်ရိုက်မည်၊ အသင်းထံ လာမည်၊ မလာမည် မသိရှိကြောင်း မော်ရင်ညို အသိပေး

**မန်ချက်စတာ၊ ဩဂုတ် ၁**

မန်ယူအသင်းသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်များသို့ လာရောက်ပူးပေါင်းရန် ရှစ်ရက်ကြာပျက်ကွက်ခဲ့ပြီးဖြစ်သော တိုက်စစ်တောင်ပံကစားသမား မာတီရယ်လ်ကို နှစ်ပတ်စာလုပ်ခလစာ ဒဏ်ရိုက်တော့မည်ဖြစ်ပြီး ယင်းအတွက် မာတီရယ်လ် ပေးဆောင်ရမည့် ဒဏ်ကြေးငွေမှာ အနိမ့်ဆုံးအဖြစ် ပေါင် ၁၈၀,၀၀၀ ရှိသွားလိမ့်မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မာတီရယ်လ်သည် ၎င်း၏အတူနေချစ်သူ မီလာနီ ဒါခရုဇ်က သားဦးဖြစ်သူဆွမ်းကို မျက်နှာမြင်သည့်အတွက် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ သွားရောက်နေပြီး ရင်သွေးငယ် ဖွားမြင်ပြီးနောက် သုံးရက်ကြာသည့်တိုင် အသင်းထံသို့ ပြန်လည်လာရောက်ပူးပေါင်းခြင်း မရှိသည့်အချိန်ကတည်းကပင် နည်းပြ မော်ရင်ညိုက ၎င်းကို ဒေါသပေါက်ကွဲနေခဲ့ခြင်းဖြစ်သည်။



မော်ရင်ညိုသည် မန်ယူက ရီးရဲလ်မက်ဒရစ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ရာသီကြို အပြည်ပြည်ဆိုင်ရာဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအပြီးတွင် သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာ၌ အသင်းထံသို့ မာတီရယ်လ် ပြန်လည်လာရောက် ပူးပေါင်းမည်၊ မပူးပေါင်းမည်ကို ၎င်းအနေနှင့် အတိအကျ မသိရှိတော့ကြောင်း မှတ်ချက်ပေးသွားခဲ့ပြီး လက်ရှိအချိန်တွင် သက်ဆိုင်ရာနိုင်ငံလက်ရွေးစင်အသင်းများကို ကိုယ်စားပြု၍ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခဲ့ကြသော ကစားသမားများ အသင်းထံသို့ လာရောက်ပူးပေါင်းမည့်အချိန်ကိုသာ မျှော်စောင့်နေကြောင်း မော်ရင်ညိုက မှတ်ချက်ပေးသွားခဲ့သည်။

မော်ရင်ညိုသည် အသင်းဘက်က ကမ်းလှမ်းထားသော စာချုပ်သစ်ကို လက်မခံတော့သည့် မာတီရယ်လ်ကို အမြန်ဆုံးရောင်းထုတ်လိုက်ရန် အသင်းတာဝန်ရှိသူများကိုအသိပေးထားပြီးဖြစ်ကာ မာတီရယ်လ်၏တန်ကြေးကို မန်ယူက ပေါင် ၇၁ သန်း သတ်မှတ်ထားခြင်းကြောင့် ဝယ်လက်များဘက်က လက်တွန့်မှုများ ရှိနေသည်။

■ E-11

# အမှတ်ပေး ဖူဆယ်လိဂ်ပြိုင်ပွဲ ဩဂုတ် ၁၉ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၁**

မြန်မာနိုင်ငံ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကျင်းပမည့်အမှတ်ပေးဖူဆယ်လိဂ်ပြိုင်ပွဲကို ဩဂုတ်လ ၁၉ ရက်နေ့တွင် စတင်ကျင်းပရန် စီစဉ်နေကြောင်း ယင်းကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ပြောကြားသည်။

အဆိုပါ အမှတ်ပေးဖူဆယ်လိဂ်ပြိုင်ပွဲကို ကျင်းပရန် ပွဲစဉ်ဇယားကို အကြမ်းဖျင်း ရေးဆွဲထားပြီးဟု ၎င်းက ပြောဆိုသည်။

"လိဂ်ပွဲအတွက် ပွဲစဉ်ဇယားတွေလည်း ဆွဲထားပြီးပြီ။ ကြားထဲမှာ လက်ရွေးစင်ပွဲတွေအတွက် နားထားဖို့ရှိသလို ပြိုင်ပွဲကျင်းပမယ့် အားကစားရုံကိုလည်း အားတဲ့ရက်ဖြစ်ဖို့ တစ်ချက်ပြန်ညှိရဖို့တော့ ရှိနေတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါပြိုင်ပွဲကို MIC၊ VUC၊ PU၊ Yangon City၊ White Colour၊ Myoma YTD၊ Titan XII၊ မြန်မာယူ-၁၉ နှင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော GV၊ AMM၊ Comarde အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီသည် မတ်လအတွင်းက ပြည်တွင်းအလွတ်တန်းဖလားပြိုင်ပွဲကို ကျင်းပထားခဲ့၍ ပထမဆုံးအကြိမ်အဖြစ် တစ်နှစ်အတွင်း ပြိုင်ပွဲနှစ်ရပ်ကို တပြိုင်တည်းကျင်းပရန် စီစဉ်ထားခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ်က ကျင်းပထားခဲ့သော ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ဆယ်သင်းပါဝင်ခဲ့ပြီး PU အသင်းက ပထမဆုံးအကြိမ်အဖြစ် ဗိုလ်စွဲထားခဲ့သည်။

■ J-04

# စိုးလင်းဦးနှင့်အိကျူးစံတို့ ထိုးသတ်မည့် အထူးစိန်ခေါ်ပွဲ Canal +ရုပ်သံက တိုက်ရိုက်ပြမည်

**ရန်ကုန်၊ ဩဂုတ် ၁**

ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပမည့် 50th Media Championship မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ အထူးစိန်ခေါ်ပွဲအဖြစ်ထိုးသတ်မည့် စိုးလင်းဦးနှင့် အိကျူးစံတို့၏ အထူးစိန်ခေါ်ပွဲကို Canal + ရုပ်သံက တိုက်ရိုက်ပြသမည်ဖြစ်သည်။

ယင်းစိန်ခေါ်ပွဲကိုအတွက် လက်မှတ်ဈေးနှုန်းများအဖြစ် ကျပ်ရှစ်ထောင်၊ ကျပ်နှစ်သောင်း ကျပ်သုံးသောင်းတို့ သတ်မှတ်ထားသည်။

"ဒီပွဲက အထူးပွဲအနေနဲ့ ပရိသတ်တွေစိတ်ဝင်စားအောင်လို့ပေးထားတာ။ အိကျူးစံက တရုတ်မှာပြိုင်ပွဲရှိပေမယ့် ကျွန်တော်တို့အနေနဲ့ မရရအောင်ဒီပွဲမှာ ပါဝင်နိုင်ဖို့ကြိုးပမ်းခဲ့တာပါ"ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်ကပြောကြားသည်။

ယခုပွဲအပြင် 50th Media Championship မြန်မာ့ရိုးရာလက်ဝှေ့ ဗိုလ်လုပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ ၅၇ မှ ၆၁ ကီလိုတန်းတွင် စောဖိုးထွန်းနှင့် ရဲသွေးနီ၊ ၆၂ မှ ၆၆ ကီလိုတန်းတွင် ရဲတံခွန်နှင့် စိုးထက်ဦး၊ ၆၇ မှ ၇၁ ကီလိုတန်းတွင် ကြယ်စင်ဖြိုးနှင့် ဆန်းသူဦးတို့ ထိုးသတ်မည်ဖြစ်သည်။

ယင်းပွဲများအပြင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပွဲဖျက်ခဲ့ရသည့် ရွှေခါးပတ်ချန်ပီယံလုပွဲမှ အကြိုဗိုလ်လုပွဲ လက်ကျန်ပွဲများကိုလည်း ဆက်လက်ကျင်းပမည်ဖြစ်သည်။

စိုးလင်းဦးနှင့် ထိုးသတ်မည့် အိကျူးစံမှာ မြန်မာကစားသမားများနှင့် ထိုးသတ်ဖူးသည့် အတွေ့အကြုံရှိသူဖြစ်ရာ ထက်အောင်ဦး၊ သပြေညို၊ ရဲတံခွန်တို့ကို ထိုင်းဖိုက်တွင် အနိုင်ရထားပြီး စောဂေါ်မူဒို၊ ဖျံသွေးတို့နှင့် သရေရအောင် ထိုးသတ်ထားသည်။

■ J-04

# နည်းပြများကို အဝါကတ်နှင့် အနီကတ်ပြသောစနစ် ပရီးမီးယားလိဂ်တွင် ကျင့်သုံးမည်

**လန်ဒန်၊ ဩဂုတ် ၁**

အင်္ဂလန်ဘောလုံးလိဂ်လက်အောက်ခံ ဘောလုံးပြိုင်ပွဲများနှင့် ရှုံးထွက်ဖလားပြိုင်ပွဲများတွင် အမူအကျင့်ဆိုးသွမ်းသော နည်းပြများကို အဝါကတ်နှင့် အနီကတ်များပြသအရေးယူသည့်စနစ်ကို များမကြာမီ စတင်တော့မည့် ဘောလုံးရာသီသစ်တွင် မိတ်ဆက် အသုံးပြုသွားတော့မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။



အင်္ဂလန်ဘောလုံးလိဂ်၏ယခုထုတ်ပြန်ပြဋ္ဌာန်းလိုက်သော ဥပဒေသစ်သည် ဒိုင်လူကြီးများ၏အခွင့်အာဏာကို ထပ်မံတိုးမြှင့်ပေးလိုက်ခြင်းပင်ဖြစ်ပြီး နည်းပြများဘက်ကမူ ယခုဥပဒေအပေါ် မကျေနပ်မှုများရှိနေကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

နည်းပြများသည် ဒိုင်လူကြီးများက လွဲမှားသော ဆုံးဖြတ်ချက်များ၊ တစ်ဖက်သတ်ဆန်သော ဆုံးဖြတ်ချက်များကို ချမှတ်နေသည့်တိုင် ၎င်းတို့အနေနှင့် ရေငုံနှုတ်ပိတ်ကာ လက်ပိုက်ကြည့်နေရမည့် အခြေအနေမျိုး ဖြစ်သွားခဲ့ပြီဟု မှတ်ချက်ပေးထားပြီး ဘောလုံးလိဂ်ပြိုင်ပွဲများကျင်းပရေးဆိုင်ရာကော်မတီကမူ ၎င်းတို့အနေနှင့် နည်းပြများ၏ အမူအကျင့်ပိုင်းဆိုင်ရာ တိုးတက်လာစေလိုခြင်းကြောင့် ယခုဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်ရခြင်းဖြစ်သည်ဟု ကာကွယ်ပြောကြားသွားခဲ့သည်။

အင်္ဂလန်ဘောလုံးလိဂ်သည် ၎င်းတို့၏ လက်အောက်ရှိ လိဂ်ပြိုင်ပွဲကြီး ငါးခုအပါအဝင် နေရှယ်နယ်လိဂ်ပြိုင်ပွဲများ၊ ချက်ကာထရိတ်ဖလား၊ ခရာဘောင်းဖလားနှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့တွင် ယခုစနစ်သစ်ကို ထည့်သွင်းကျင့်သုံးသွားလိမ့်မည်ဖြစ်ပြီး အရေးယူခံရသော နည်းပြများမှာ ကစားသမားများကဲ့သို့ပင် နှစ်ဝါတစ်နီထိပါက တစ်ပွဲပယ်၊ တိုက်ရိုက်အနီထိပါက သုံးပွဲပယ်၊ အဝါကတ်လေးကြိမ်ပြည့်ပါက အလိုအလျောက် တစ်ပွဲပယ်စသဖြင့် အသီးသီးပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း ယင်းဥပဒေ၌ ဖော်ပြပါရှိသည်။

ဒိုင်လူကြီးများသည် ကွင်းနံဘေးတွင် အရာဝတ္ထုပစ္စည်းတစ်ခုခုကို ကန်ကျောက်၍ ဒေါသပေါက်ကွဲသောနည်းပြများ၊ ၎င်းတို့၏ ဆုံးဖြတ်ချက်ကို လှောင်ပြောင်သရော်သော နည်းပြများနှင့် နားမလည်သောဘာသာစကားတစ်ရပ်ကို အသုံးပြုကာ ထိုးနှက်ဝေဖန်သည့်နည်းပြများကို အဝါကတ်ပြသအရေးယူခွင့်ရှိသွားပြီဖြစ်ပြီး လွန်ကျူးစွာစောဒကတက်သောနည်းပြများ၊ ဘောလုံးကွင်းတွင်းထိတိုင် ဝင်ရောက်စောဒကတက်သောနည်းပြများ၊ ကိုယ်ထိလက်ရောက်မှုကျူးလွန်သောနည်းပြများနှင့် တံတွေးထွေးသော အပြုအမူဖြင့် စော်ကားသောနည်းပြများမှာမူ အနီကတ်ပြသ ထုတ်ပယ်ခြင်း ခံကြရလိမ့်မည်ဖြစ်သည်။

■ E-11

# တောင်းပန်စကား ပြောကြားခဲ့ခြင်းကြောင့် နေမာ ပေါင်နှစ်သိန်း ဝင်ငွေရရှိ

**ပဲရစ်၊ ဩဂုတ် ၁**

ဘီအက်စ်ဂျီတိုက်စစ်မှူး နေမာသည် ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟန်ဆောင်ဒိုင်ဗင်ထိုးကာ လူးလိမ့်သရုပ်ဆောင်ခဲ့သည့်လုပ်ရပ်ကို ဝန်ချတောင်းပန်စကားပြောကြားလိုက်ခြင်းကြောင့် ဝင်ငွေပမာဏ ပေါင်နှစ်သိန်း ရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

နေမာသည် ကြာမြင့်ချိန်ပမာဏ စက္ကန့် ၉၀ ရှိသည့် ဗီဒီယိုဖိုင်တစ်ခုကို လွှင့်တင်၍ တောင်းပန်စကားပြောကြားလိုက်ခြင်းဖြစ်ပြီး ၎င်း၏လုပ်ရပ်မှာ လူငယ်များ အတုယူ လွဲမှားသွားနိုင်ခြင်းကြောင့် ယခုကဲ့သို့ ဝန်ချတောင်းပန်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟုလည်း ယင်းဗီဒီယိုဖိုင်တွင် နေမာက ရှင်းပြထားသည်။


Getty Images

နေမာနှင့်စပွန်ဆာစာချုပ် ချုပ်ဆိုထားသော စီးပွားရေးလုပ်ငန်းစုများသည် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း နေမာလုပ်ဆောင်ခဲ့သော လုပ်ရပ်များကြောင့် ၎င်း၏ပုံရိပ်ကို အသုံးပြု၍ ရောင်းချသောကုန်ပစ္စည်းများ ဈေးကွက်ဝယ်လိုအား ကျဆင်းမှုဖြင့် ရင်ဆိုင်လိုက်ရပြီး နေမာက ဝန်ချတောင်းပန်စကားပြောကြားလိုက်သော ဗီဒီယိုဖိုင်ကို အင်တာနက်စာမျက်နှာများထက်သို့ လွှင့်တင်ပေးလိုက်အပြီးတွင် ဈေးကွက်ဝယ်လိုအား ပြန်လည် မြင့်တက်လာခြင်းကြောင့် ၎င်းနှင့်စပွန်ဆာစာချုပ် ချုပ်ဆိုထားသော စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် ဂျီးလက်မှတ်ဆိတ်ရိတ်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးက ယခုကဲ့သို့ ပေါင်နှစ်သိန်း ပေးအပ်လိုက်ခြင်းဖြစ်သည်။ ■ E-11

## ဘာစီလိုနာနောက်ခံလူ ဒစ်ဂ်နေးကို အဲဗာတန် ခေါ်ယူအားဖြည့်

**လီဗာပူး၊ ဩဂုတ် ၁**

အဲဗာတန်နည်းပြသစ် မာကိုဆေးလ်ဗားသည် အသင်းခံစစ်ကို အင်အားဖြည့်တင်းရန်အတွက် ဘာစီလိုနာဘယ်နောက်ခံလူ ဒစ်ဂ်နေးကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၈ သန်း အသုံးပြု၍ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ဒစ်ဂ်နေးသည် အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများ အောင်မြင်ခဲ့အပြီးတွင် ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ်ကို အဲဗာတန်နှင့် လက်မှတ်ရေးထိုးလိုက်ပြီး ပီအက်စ်ဗွီနှင့် ဘာစီလိုနာတို့ထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ် ကာလများအတွင်း ဒစ်ဂ်နေးမှာ သက်ဆိုင်ရာအသင်းများနှင့်အတူ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲများတွင် ချန်ပီယံဆုကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

ဒစ်ဂ်နေးသည် ပြင်သစ်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့် ဆုံးရှုံးလိုက်ရအပြီးတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် ခက်ခက်ခဲခဲ ရုန်းကန်နေရသော ဘာစီလိုနာကစားသမားဘဝကို စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ စိန်ခေါ်မှုများကို ရင်ဆိုင်ရမည်မှာ ၎င်းအတွက် လွန်စွာ စိတ်လှုပ်ရှားဖွယ်ကောင်းနေကြောင်းလည်း ဒစ်ဂ်နေးက ထုတ်ဖော်အသိပေးသွားခဲ့သည်။

အဲဗာတန်နည်းပြ မာကိုဆေးလ်ဗားသည် အသင်းခံစစ်ကို ဆက်လက်အားဖြည့်ရန်အတွက် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းထံတွင် ၎င်းနှင့်အတူ လက်တွဲအလုပ်လုပ်ခဲ့သော မန်ယူနောက်ခံလူ ရိုဂျိုကိုလည်း ခေါ်ယူလိုလျက်ရှိပြီး မန်ယူက ရိုဂျို၏တန်ကြေးကို ပေါင်သန်း ၃၀ သတ်မှတ်တောင်းဆိုလျက်ရှိသည်။ ■ E-11



Getty Images







## အပြည်ပြည်ဆိုင်ရာချန်ပီယံဖလားပြိုင်ပွဲတွင် မန်ယူ၊ စပါးနှင့် ရိုးမားတို့ အောင်ပွဲခံ

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် ၁**

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပနေသည့် အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မန်ယူ၊ စပါးနှင့် ရိုးမားတို့ နိုင်ပွဲများ အသီးသီးရရှိပြီး အောင်ပွဲခံသွားနိုင်ခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ရာသီကြိုခြေစမ်းပွဲများတွင် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေခဲ့ရသော မန်ယူသည် ယခုပွဲစဉ်တွင် အနိုင်ရလဒ်ကို ရယူလိုက်နိုင်သည့်အတွက် ဖိအားများ အတန်အသင့်လျော့ကျသွားခဲ့ပြီး မန်ယူနည်းပြ မော်ရင်ညိုမှာ အသင်းကို ခံစစ်အားပြုသည့် ၅-၃-၂ ကစားကွက်ဖြင့် ပွဲထုတ်၍ ရီးရဲလ်မက်ဒရစ်ကို ရင်ဆိုင်သွားခဲ့ခြင်းဖြစ်သည်။

မန်ယူသည် အသင်းပွဲထွက်လူစာရင်းတွင် ဂိုးသမားနေရာ၌ ဒီဂီယာ၊ နောက်တန်းတွင် ဒါမီယန်၊ ဖိုဆူ-မင်ဆားဟ်၊ ဘေလီ၊ မက်တိုမီနေးနှင့် လုခ်ရှော၊ ကွင်းလယ်တွင် ဟာရီရာ၊ ဖရက်ဒ်နှင့် ပီရိုင်းရာ၊ တိုက်စစ်တွင် မာတာနှင့် ဆန်းချက်ဇ်တို့ကို ထားရှိကစားသွားခဲ့ပြီး မန်ယူမှာ ပထမပိုင်းအတွင်း၌ သွင်းယူရရှိသောဂိုးများနှင့်အတူ ရီးရဲလ်မက်ဒရစ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက် ဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဆန်းချက်ဇ်၊ ပွဲချိန် ၂၇ မိနစ်တွင် ဟာရီရာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အတွက် ချေပဂိုးကိုမူ ပထမပိုင်းပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် တိုက်စစ်မှူး ဘင်ဇီးမားက ရယူပေးသွားခဲ့သည်။

စပါးသည် အီတလီစီးရီးအေကလပ် အေစီမီလန်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရယူလိုက်နိုင်ခြင်းဖြစ်ပြီး စပါးအတွက် အနိုင်ဂိုးကို ဒုတိယပိုင်းစတင်အပြီး နှစ်မိနစ်အကြာ ပွဲကစားချိန် ၄၇ မိနစ်တွင် တိုက်စစ်တောင်ပံကစားသမား အန်ကူးဒူးက သွင်းယူပေးသွားခဲ့ခြင်းဖြစ်သည်။

အန်ကူဒူးသည် ယမန်နှစ်ဘောလုံးရာသီ၌ စပါးမှနေ၍ ဘန်လေထံသို့ အငှားသွားရောက်ကစားခဲ့သော်လည်း ပုံမှန်ပွဲထွက်ခွင့်ရနိုင်ရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပြီး လက်ရှိတွင်မူ ရာသီကြိုခြေစမ်းပွဲများ၌ အသင်းနှင့်အံဝင်စွာ ကစားပြနိုင်စွမ်းရှိနေသည့်အတွက် ၎င်းကို စပါးနည်းပြ ပိုချက်တီနိုက အခွင့်အရေးတစ်ရပ်ပေးအပ်ဖွယ် အခြေအနေများလည်း ရှိနေပြီဖြစ်သည်။

ဘာစီလိုနာနှင့် ရိုးမားတို့ပွဲစဉ်တွင် ဘာစီလိုနာမှာ ဦးဆောင်ဂိုးများကို သွင်းယူနိုင်ခဲ့သည့်တိုင် အဆုံးသတ်တွင် လေးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ပြီး ရိုးမားအသင်းနှင့် အပြောင်းအရွှေ့အတွက် သဘောတူညီပြီးသည့်နောက်တွင်မှ ဘာစီလိုနာက ကြားဖြတ်ခေါ်ယူသွားခဲ့သော တိုက်စစ်တောင်ပံကစားသမား မယ်လ်ကွမ်မှာ ယခုပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၅၀ ၌ ဘာစီလိုနာအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးသွားနိုင်ခဲ့သည်။ ■ E-11

## မော်ရင်ညိုကို ထုတ်ပယ်ဖြစ်ခဲ့ပါက ဇီဒန်းနှင့် ဘလန့်တို့အနက် တစ်ဦးကို ခန့်အပ်ရန် မန်ယူ စီစဉ်ထား

BBC

**မန်ချက်စတာ၊ ဩဂုတ် ၁**

မန်ယူအသင်းတာဝန်ရှိသူများသည် နည်းပြ မော်ရင်ညိုကို ရာထူးထုတ်ပယ်ဖြစ်ခဲ့ပါက ရီးရဲလ်မက်ဒရစ်နည်းပြဟောင်း ဇီဒန်းနှင့် အသင်းကစားသမားဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသော ပီအက်စ်ဂျီနည်းပြဟောင်း လောရင့်ဘလန့်တို့အနက်မှ တစ်ဦးကို ယင်းနေရာတွင်အစားထိုး၍ အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ဖွယ်ရှိနိုင်ကြောင်း Daily Mail က ဖော်ပြထားသည်။

မော်ရင်ညိုနှင့် မန်ယူအသင်းအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် သက်တမ်းအားဖြင့် ၂ နှစ် ကျန်ရှိဆဲဖြစ်သော်လည်း အသင်းတစ်သင်းကို တာဝန်ယူပြီးပါက တတိယမြောက်ဘောလုံးရာသီသို့ ရောက်ရှိချိန်တွင် ရာထူးစွန့်လွှတ်ရတတ်လေ့ရှိသော သံသရာမှာ မော်ရင်ညိုထံသို့ တစ်ပတ်ပြန်လည်လာနိုင်ကြောင်း သုံးသပ်ချက်များ ထွက်ပေါ်နေပြီဖြစ်ပြီး အားကစားရေးရာ ကံစမ်းကုမ္ပဏီများကလည်း မော်ရင်ညိုမှာ လာမည့် ၂၀၁၈-၁၉ ဘောလုံးရာသီတွင် ပထမဆုံး ရာထူးထုတ်ပယ်ခံရသည့် ပရီးမီးယားလိဂ်နည်းပြ ဖြစ်လာနိုင်ကြောင်း အလေးပေးချက်များ ထုတ်ပြန်ထားပြီဖြစ်သည်။

ဇီဒန်းနှင့် ဘလန့်တို့သည် လက်ရှိတွင် လုပ်ငန်းခွင်ပြင်ပ၌ ကလပ်အသင်းလက်မဲ့နည်းပြများအဖြစ် ရပ်တည်နေကြပြီး အသင်းကစားသမားများ အပါအဝင် အသင်းအားပေးသူ ပရိသတ်များ၏ ထောက်ခံမှု လျော့ကျလာခြင်းကလည်း မော်ရင်ညိုအတွက် အနုတ်သဘော ဆောင်သော အခြေအနေတစ်ရပ် ဖြစ်လျက်ရှိသည်။

မန်ယူအသင်းတာဝန်ရှိသူများသည် လက်ရှိနွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် မော်ရင်ညိုကို ကစားသမားနှစ်ဦးသာ ခေါ်ယူပေးထားပြီး အသင်းတာဝန်ရှိသူများဘက်က ကစားသမားသစ် ခေါ်ယူစုစည်းရေးလုပ်ငန်းစဉ်အတွက် အပြောင်းအရွှေ့အသုံးစရိတ် ထပ်မံထုတ်ပေးဖွယ်မရှိတော့သည့် အနေအထားကို မော်ရင်ညိုက လွန်စွာစိတ်ပျက်လက်ပျက်ဖြစ်နေပြီလည်းဖြစ်သည်။ ■ E-11

# လီဗာပူးဂိုးသမား မစ်ဂ်နိုလက်ကို ခေါ်ယူရန် ဘာစီလိုနာ စောင့်ကြည့်



**ဘာစီလိုနာ၊ ဩဂုတ် ၁**

ဘာစီလိုနာအသင်းသည် အသင်းအရန် ဂိုးသမား ဆီလက်စ်ဆန်ကို လက်လွှတ်ရဖွယ်အခြေအနေများ ရှိလာခြင်းကြောင့် ယင်းကွက်လပ်ကို အစားဖြည့်ရန်အတွက် လီဗာပူးအရန်ဂိုးသမား မစ်ဂ်နိုလက်ကိုခေါ်ယူရန် စောင့်ကြည့်နေပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ဆီလက်စ်ဆန်နှင့် ဘာစီလိုနာအသင်းအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် သက်တမ်းအားဖြင့် သုံးနှစ်ကျန်ရှိနေဆဲဖြစ်ပြီး ၎င်း၏ပွဲထွက်ကစားခွင့်မှာ အကန့်အသတ်ရှိလာခြင်းကြောင့် ဆီလက်စ်ဆန်က လုံလောက်သော ပွဲထွက်ခွင့်အာမခံချက် ပေးအပ်နိုင်ခြင်း မရှိပါက အသင်းပြောင်းခွင့်ပေးပါရန် ဘာစီလိုနာဒါရိုက်တာဘုတ်အဖွဲ့ကို တရားဝင် တောင်းဆိုထားပြီလည်းဖြစ်သည်။

မစ်ဂ်နိုလက်သည် လီဗာပူးထံသို့ ရိုးမားဂိုးသမား အယ်လ်လီဆန်ပြောင်းရွှေ့ရောက်ရှိလာခြင်းက ၎င်းကို တတိယဦးစားပေးဂိုးသမားအဖြစ်သို့တိုင် ကျဆင်းရောက်ရှိသွားစေသည့်အတွက် အသင်းပြောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး လီဗာပူးအသင်းတာဝန်ရှိသူများကလည်း ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၂ ဒသမ ၅ သန်းဝန်းကျင်ရရှိပါက ၎င်းကို လက်လွှတ်ရန် ဆုံးဖြတ်ထားပြီဖြစ်သည်။ ■ E-11

FOREIGN AFFAIRS

# မက္ကဆီကို ခရီးသည်တင်လေယာဉ် ပျံတက်ပြီးလျှင်ပြီးချင်း ပျက်ကျ၊ လိုက်ပါလာသူ ၁၀၀ ကျော်လုံး အသက်ရှင်


AP

**မက္ကဆီကိုစီတီ၊ ဩဂုတ် ၁**

မက္ကဆီကိုနိုင်ငံတွင် ခရီးသည် ၁၀၁ ဦး လိုက်ပါလာသည့် လေယာဉ်တစ်စီး ဆိုးရွားစွာ ပျက်ကျခဲ့သော်လည်း ယင်းခရီးသည်အားလုံး ထူးထူးခြားခြားပင် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း DW သတင်းဌာနက ရေးသားဖော်ပြသည်။

Aeromexico လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်သည် မက္ကဆီကိုမြောက်ပိုင်း ဒူရန်ဂိုမြို့မှ ပျံတက်ပြီးနောက် ခဏတာမျှအကြာတွင် ပျက်ကျသွားခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် ခရီးသည် ၈၀ ခန့်ဒဏ်ရာရရှိသွားသည်ဟု အာဏာပိုင်တို့က ဆိုသည်။ ယင်းအနက် လေယာဉ်မှူးအပါအဝင် လူနှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း အာဏာပိုင်များကဆိုသည်။

အဆိုပါ လေယာဉ်သည် ဆိုးရွားစွာ မီးလောင်ပျက်စီးသွားခဲ့သည့်တိုင် သေဆုံးသူတစ်ဦး တစ်ယောက်မျှမရှိခဲ့ကြောင်း အာဏာပိုင်များကဆိုသည်။

ဘရာဇီးလေကြောင်းကုမ္ပဏီ Embraer က တပ်ဆင်ထုတ်လုပ်ခဲ့သည့် အဆိုပါလေယာဉ်သည် ဒူရန်ဂိုမြို့မှ မြို့တော် မက္ကဆီကိုစီတီသို့ ပျံသန်းသည့်ခရီးစဉ်တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု Aeromexico လေကြောင်းလိုင်းက ဖော်ပြသည်။

မက္ကဆီကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏အဆိုအရ လေယာဉ်ပေါ်တွင် ခရီးသည် ၁၀၁ ဦးနှင့် လေယာဉ်အမှုထမ်းလေးဦး လိုက်ပါခဲ့သည်ဟု သိရသည်။

ဒူရန်ဂိုမြို့အုပ်ချုပ်ရေးမှူး ဂျိုစ် အစ္စပူရိုက အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ကယ်ဆယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ထားရှိကြောင်း ပြောကြားပြီး လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး အသက်ရှင်သည်ဟု ဆိုသည်။

လေယာဉ်သည် မီးလောင်ကျွမ်းပျက်စီးသွားခဲ့သော်လည်း ယခုအခါ မီးငြိမ်းသတ်နိုင်ပြီဖြစ်သည်ဟု ဆိုသည်။

မက္ကဆီကိုနိုင်ငံပိုင် ရုပ်သံသတင်းဌာန Milenio ၏ ထုတ်လွှင့်ချက်တွင် လေယာဉ်အမြီးပိုင်းမှ မီးများလောင်ကျွမ်းနေပုံများ၊ ဆီတိုင်ကီနေရာမှ မီးခိုးလုံးကြီးထွက်နေပုံများ ပါဝင်သည်ကိုတွေ့ရသည်။

ဒူရန်ဂိုမြို့အုပ်ချုပ်ရေးမှူး ဂျိုစ် အစ္စပူရိုက မက္ကဆီကိုစီတီသို့ပျံသန်းမည့် အဆိုပါလေယာဉ်သည် လေဆိပ်မှပျံတက်နေစဉ် ပေါက်ကွဲသံအကျယ်ကြီးထွက်ပေါ်ခဲ့သည်ဟု ဆိုသည်။

"မိုးတွေလည်းရွာနေတယ်၊ မုန်တိုင်းလည်း ရှိနေတယ်၊ ကျွန်တော်ထင်ပါတယ်၊ သူတို့လေယာဉ် ပျံမတက်ဖို့ကြိုးစားခဲ့ပေမယ့် ချက်ချင်းမလုပ်နိုင်ခဲ့ဘူး ထင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မက္ကဆီကို အရပ်ဘက်ကာကွယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဂျန်ဒရိုကာဒိုဇာက လေယာဉ်ပေါ်မှ ခရီးသည်များသည် လမ်းလျှောက်ထွက်လာနိုင်သည်ကိုတွေ့ရကြောင်း ပြောကြားသွားသည်။

မက္ကဆီကို သယ်ယူပို့ဆောင်ရေးဝန်ကြီးက ယင်းလေယာဉ်သည် ပျံတက်ပြီးလျှင်ပြီးချင်း ပျက်ကျသွားခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် လေယာဉ်ပျက်ကျရသည့်အကြောင်းအရင်းကို ရှင်းလင်းပြောဆိုမှုမပြုပေ။

■ F-01







ALSO IN NEWS

## ဗြိတိန်နဲ့အိုင်ယာလန်ဈေးကွက်က Durex ကွန်ဒုံးတွေ ပေါက်ထွက်မှာစိုးလို့ ပြန်သိမ်း

Reckitt Benckiser လို့ ခေါ်တဲ့ ကော်ပိုရေးရှင်းကထုတ်လုပ်တဲ့ ကွန်ဒုံးအမှတ်တံဆိပ် Durex ရဲ့ ထုတ်ကုန်များဟာ ပေါက်ပြဲနိုင်တာမို့ ဗြိတိန်နဲ့အိုင်ယာလန်တို့မှာ ပြန်သိမ်းနေပါတယ်။ Durex ရဲ့ ထုတ်ကုန်များထဲကမှ Real Feel နဲ့ Latex Free တို့ကို ကုမ္ပဏီက ပြန်သိမ်းနေတာဖြစ်ပါတယ်။

"ယူကေနဲ့ အိုင်ယာလန်မှာရောင်းချနေတဲ့ ပစ္စည်းအချို့ဟာ ပေါက်ပြဲမှုခံနိုင်ရည် အားမကောင်းတာကို စမ်းသပ်မှုတွေကြောင့်တွေ့ရပါတယ်" ဟု Durex က ထုတ်ပြန်ကြေညာထားပါတယ်။

ကွန်ဒုံးဟာ ပေါက်ပြဲသွားနိုင်ပြီး စိမ့်ထွက်နိုင်တာမို့ လိင်ပိုင်းဆိုင်ရာအရ ကူးစက်မှုအခြေအနေနဲ့ ပဋိသန္ဓေတားခြင်း စွမ်းရည်ကို လျော့ကျနိုင်လိမ့်မယ်လို့ အဆိုပါအမှတ်တံဆိပ်က သတိပေးပါသေးတယ်။ ဈေးကွက်ထဲအထိ ရောက်နေပေမယ့် လုံခြုံရေး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ စိုးရိမ်ရမှုတွေရှိရင် ပြန်သိမ်းလေ့ရှိတတ်ပါတယ်။ အသုံးပြုသူတွေအနေနဲ့လည်း ထုတ်လုပ်တဲ့ဒိတ်ကို သတိထားပြီး ဝယ်ယူအသုံးပြုကြဖို့ ဆော်ဩထားပါသေးတယ်။

■ F-02





## နျူကလီးယားလက်နက်ဒဏ်ခံ ဘန်ကာ အသင့်ဆောက်ထားတဲ့ ကနေဒါက ဘိုးဘိုး

ကျောင်းကားအဟောင်း ၄၂ စီးကို မြေကြီးထဲမှာမြှုပ်ပြီး နျူကလီးယားဒဏ်ခံ အဆောက်အအုံတစ်ခုကို ကနေဒါက ဘိုးဘိုးတစ်ဦးက တည်ဆောက်ပြင်ဆင်ထားပါတယ်။ ကမ္ဘာကြီးပျက်မယ့် နျူကလီးယားစစ်ပွဲကနေ အသက်ရှင်ကျန်ရစ်အောင် ပြင်ဆင်ထားတဲ့ ဘရုစ်ဘိချ်အမည်ရ အမျိုးသားကြီးဟာ အသက် ၈၃ နှစ်ရှိပါပြီ။ စစ်အေးကာလ တင်းမာမှုအမြင့်ဆုံးရောက်နေချိန် ၁၉၈၀ ကာလများကတည်းက အဆိုပါစတုရန်းပေတစ်သောင်း ကျယ်တဲ့ နျူကလီးယားဘန်ကာကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဘိုးဘိုးရဲ့ နျူကလီးယားဘန်ကာဟာ မြောက်အမေရိကမှာတော့ အကြီးဆုံးဖြစ်ပါတယ်။ ကမ္ဘာကြီးဟာ နျူကလီးယားစစ်ပွဲထဲကို ကျဆင်းမှာ ကျိန်းသေတယ်လို့ယုံကြည်တဲ့ ဘဘကြီးဟာ မီဂါဘန်ကာကြီးတည်ဆောက်ထားတဲ့ ဆယ်စုနှစ်များစွာအတွင်း နျူကလီးယားတိုက်ခိုက်မှုမဖြစ်တာကို အံ့အားသင့်မိပါသတဲ့။ ဘဘကြီးရဲ့ မြေအောက် နျူကလီးယားဘန်ကာထဲမှာ လူ ၅၀၀ လောက်ကို သီတင်းပတ် သုံးပတ်လောက် ခိုလှုံနေနိုင်ဖို့ နေရာကောင်းကောင်း ဖန်တီးပေးနိုင်ပါသတဲ့။

■ F-02